မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၄၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

အနာဂတ်တွင် ကြွယ်ဝချမ်းသာသည့် နိုင်ငံဖြစ်လာရေး စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်လျက်ရှိ

လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုနိုင်ငံထူထောင်ရေးကို ရည်ရွယ်ဆောင်ရွက်နေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဆင့်မြင့်စံပြစက်မှုလယ်ယာစနစ် ဇေ (၃၀၀၀)အတွင်း စိုက်ပျိုးထားသည့် နေကြာစိုက်ခင်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်စံပြစက်မှုလယ်ယာစနစ် ဇေ ၃၀၀၀ ကွင်းဖွင့်ပွဲနှင့် ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးအုန်းမြင့်နှင့် ဦးအေးမြင့်တို့ လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းရွာအနီးရှိ အဆင့်မြင့်စံပြစက်မှုလယ်ယာစနစ် ဇေ ၃၀၀၀ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

စိုက်ကွင်း စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဆင့်မြင့်စံပြစက်မှုလယ်ယာစနစ် ဇေ ၃၀၀၀ အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက ဆည်ရေသောက်စနစ်များ၊ ကုန်ထုတ်လမ်းများ တည်ဆောက်ထားရှိမှု၊ လယ်ကွက်များ ဖော်ထုတ်ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ အကျိုးအမြတ်ရရှိမည့် ဆန်စပါးနှင့်တွဲဖက်ပြီး သီးနှံပုံစံများ ချမှတ်ခြင်း၊ တောင်သူပညာပေးစိုက်ကွင်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် တောင်သူများအား လုပ်ပိုင်ခွင့်များ ပြန်လည်ချထား ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို အသီးသီး ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းပေါ်တွင် အရေးပေါ်ရှေးဦးပြုစုနိုင်မည့်စခန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်-မန္တလေး အဝေးပြေးအမြန်လမ်းကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် အချိန်တိုအတွင်း မြန်ဆန်စွာမောင်းနှင်သွားလာနိုင်ပြီဖြစ်သော်လည်း ယာဉ်မတော်တဆဖြစ်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ ယာဉ်မဆင်မခြင် မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆဖြစ်ပွားပါက အရေးပေါ်ရှေးဦးပြုစုနိုင်မည့် စခန်းတစ်ခုကို ရန်ကုန်-မန္တလေး အဝေးပြေးအမြန်လမ်းမကြီးပေါ်တွင်ပထမဆုံးဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

စီစဉ်ထား

မကြာမီဖွင့်လှစ်မည့် အရေးပေါ်ရှေးဦးပြုစုမှုစခန်းကို ရန်ကုန်-နေပြည်တော်အဝေးပြေး အမြန်လမ်းအပိုင်းပေါ်ရှိ ဖြူးမြို့အနီး ၁၁၅ မိုင်စခန်းအနီးတွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ယင်းအရေးပေါ်ရှေးဦးပြုစုခြင်းစခန်းကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသည်။

အဆိုပါ အရေးပေါ်ရှေးဦးပြုစုမှုစခန်းကို စင်ကာပူနိုင်ငံက ကူညီထောက်ပံ့မှုများလည်းပါဝင်ပြီး လူအင်အား၊ အထောက်အကူပြုယာဉ်နှင့် ပစ္စည်းများလည်း ဖြည့်ဆည်းထားသည်။ ယာဉ်မတော်တဆဖြစ်ပွားမှုကြုံတွေ့လျှင် အရေးပေါ်ဆက်သွယ်ကာ အကူအညီတောင်းခံနိုင်သည်။

ရန်ကုန်-မန္တလေး အဝေးပြေးအမြန်လမ်းပေါ်ရှိ ၁၁၅ မိုင်စခန်းအနီးတွင် ထားရှိမည့် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းတွင် ဆက်သွယ်ရန် တယ်လီဖုန်းနှစ်လုံး၊ လူနာတင်ယာဉ်နှစ်စီး၊ ကြက်ခြေနီ ၁၂ ဦးတို့အပြင် ဆိုင်ကယ်နှစ်စီးကိုလည်း ထားရှိပေးထားရန် စီစဉ်ထားသည်။

အဝေးပြေးအမြန်လမ်းပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်ရှေးဦးပြုစုမှုများ ပြုလုပ်ပေးပြီး လိုအပ်ပါက နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးရန် စီစဉ်ထားသည်။ ထို့အပြင် သက်ဆိုင်ရာ ရဲစခန်းများသို့လည်း ချိတ်ဆက်အကြောင်းကြားပေးမည်ဖြစ်သည်။

အရုဏ်ဦး-ရေးသည်

(မြန်မာ့အလင်း)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်။ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားလျက်ရှိရာတွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး ဒေသ၏လိုအပ်ချက်များ၊ အခက်အခဲများ၊ နယ်မြေငြိမ်းချမ်းရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် ဒေသခံပြည်သူတို့နှင့်တွေ့ဆုံပြီး ဒေသခံပြည်သူတို့၏ စကားသံများကိုနားထောင်၍ လက်တွေ့ဖြည့်ဆည်းရရှိနိုင်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာ၌ လွှတ်တော်တွင်လည်း ပြည်သူတို့၏ လိုအပ်ချက်များနှင့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းနှင့် အဆိုများတင်သွင်း၍ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ လွှတ်တော်သည် ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ပြည်သူတို့၏အခက်အခဲ၊ လိုအပ်ချက်နှင့် ဆန္ဒများကို လွှတ်တော်တွင် တိုင်ပင်ဆွေးနွေးပြီး မူဝါဒများချမှတ်ကာ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အစိုးရအဖွဲ့၏ရည်မှန်းချက်သည် ပြည်သူတို့၏ဆန္ဒကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးရန်ဖြစ်ပြီး သန်း ၆၀ သော ပြည်သူတို့၏ တူညီသောဆန္ဒဖြစ်သည့် နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှုရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးရန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ သဘာဝအရင်းအမြစ်များကို ပြည်သူတို့၏ ကြိုးစားအားထုတ်မှု၊ ပညာရှင်တို့တွင်ရှိသည့် နည်းပညာများနှင့် လုပ်ငန်းရှင်များ၏ ရင်းနှီးပြည့်စုံမှုတို့ဖြင့် ဆောင်ရွက်သွားပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားဖြစ်နေပြီး ပတ်ဝန်းကျင်တွင် ကြီးမားသည့် ဈေးကွက်များလည်း ရှိနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားသာချက်တစ်ခုဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးရန် သဘာဝအရင်းအမြစ်အခြေခံကောင်းများရှိသော်လည်း အရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေရသည်။ ထို့ကြောင့်လည်း ပညာတတ်လူ့စွမ်းအားများ ဒေသအနှံ့ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသဖြင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရန် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာတွင် အခြားနိုင်ငံများရှိ တက္ကသိုလ်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူကိုဗဟိုပြု ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိရာတွင် ယနေ့လူငယ်လူရွယ်များကလည်း မိမိရပ်ရွာ၊ မိမိဒေသ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျရာကဏ္ဍက အုတ်တစ်ချပ် သဲတစ်ပွင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြမှသာလျှင် နိုင်ငံတော်သစ်သည်လည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင်ကျမ်းသစ္စာဆို

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ခရိုင်အဆင့် တရားသူကြီးများနှင့် တရားရေးအရာရှိများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးလေ့ကျင့်ဌာန လှိုင်သာယာ၌ ဖွင့်လှစ်လျက်ရှိသည့် ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် ၅/၂၀၁၂ မှ တရားသူကြီးများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်အဆင့် တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆိုပွဲအခမ်းအနားကို ညနေ ၃ နာရီတွင်လည်းကောင်း တိုင်းဒေသကြီးတရားလွှတ်တော် ရုံးခန်းအမှတ်(၂)၌ နှစ်ကြိမ်ခွဲ၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျမ်းသစ္စာဆိုပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ခရိုင်အဆင့် တရားသူကြီးနှင့် တရားရေးအရာရှိ ၆၀၊ မြို့နယ်အဆင့် တရားသူကြီးနှင့် တရားရေးအရာရှိ ၁၇၈ ဦး စုစုပေါင်း ၂၃၈ ဦးတို့သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး

ပြည်တွင်းသတင်း

ချေးငွေအာမခံအဖွဲ့အစည်းထူထောင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကူပြုရန်အတွက် ချေးငွေအာမခံအဖွဲ့အစည်း (Credit Guarantee Corporation)ထူထောင်ရန် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ အသေးစားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၊ Japan International Cooperation Agency (JICA)၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် International Monetary Fund (IMF)၊ Sumitomo Mitsur Banking Corporation တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်စီးပွားတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ သို့ရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကစိန်ခေါ်မှုမှာ ချေးငွေရရှိရေးပင်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ဘဏ်များအနေဖြင့် အာမခံပစ္စည်းတင်သွင်းနိုင်မှသာ ချေးငွေများထုတ်ချေးကြပါကြောင်း၊ နိုင်ငံတကာတွင် ချေးငွေအာမခံအဖွဲ့အစည်း (Credit Guarantee Corporation) များ တည်ထောင်ထားကြပြီး အဆိုပါအဖွဲ့အစည်းများမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs)အား အာမခံထုတ်ပေးသဖြင့် (SMEs)များအနေဖြင့် ဘဏ်များသို့ အာမခံပစ္စည်း(Collateral)တင်သွင်းရန်မလိုဘဲ ချေးငွေများရရှိကြပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ချေးငွေအာမခံ အဖွဲ့အစည်းများ ထူထောင်ရန် လိုအပ်ပါကြောင်း၊ ချေးငွေ အာမခံအဖွဲ့အစည်းများ ထူထောင်ခြင်းဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသာမက ဘဏ်လုပ်ငန်းကဏ္ဍကိုပါ များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ချေးငွေအာမခံအဖွဲ့အစည်း ထူထောင်ရန်အတွက် ရန်ပုံငွေရရှိရေး၊ နည်းပညာအကူအညီရရှိရေးနှင့် Working Committee ဖွဲ့ရန်ကိစ္စများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်အစိုးရက နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအား ဂျပန်နိုင်ငံဆိုင်ရာသံတမန်အဖြစ်ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ပါဝင်ကူညီနိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Yohei Sasakawa အား ဂျပန်နိုင်ငံအစိုးရ၏ အထူးသံတမန်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ခန့်အပ်လိုက်ကြောင်း ဂျပန်နိုင်ငံအစိုးရက သတင်းထုတ်ပြန်လိုက်သည်။

အထူးသံတမန်ခန့်အပ်ရခြင်းနှင့် ပတ်သက်၍ "မြန်မာအစိုးရနဲ့ တိုင်းရင်းသားများအကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တိုးတက်မှုများ ရှိသောကြောင့် ကြားဝင်၍ ပိုမိုဆောင်ရွက်နိုင်ရန် ယခုလို ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ရကြောင်း" ဂျပန်နိုင်ငံအစိုးရအဖွဲ့အတွင်းရေးမှူး Mr.Yoshihide Suga က သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

နိပ္ပွန်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း၌ ယခင်အစိုးရ အဆက်ဆက်မှစတင်၍ အနာကြီးရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံကိန်းများ၊ စာသင်ကျောင်းများဆောက်လုပ်ခြင်း စီမံကိန်းများကို ထောက်ပံ့လှူဒါန်းခဲ့ပြီး ၂၀၁၂ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံအစိုးရက နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Yohei Sasakawa အား မြန်မာနိုင်ငံတိုင်းရင်းသားများ၏ လူမှုဖူလုံရေးဆိုင်ရာ ဂျပန်နိုင်ငံ၏ ချစ်ကြည်ရေးသံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

ဂျပန်နိုင်ငံအစိုးရမှ အထူးသံတမန်အဖြစ် ခန့်အပ်ခံရပြီးနောက် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei Sasakawa က "မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်မှုမရှိရင် စစ်မှန်တဲ့ ဒီမိုကရေစီရရှိနိုင်မှာ မဟုတ်ပါဘူး၊ အခုပေးအပ်ခံရတဲ့တာဝန်ရဲ့ လေးနက်မှုကိုလည်း ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့် ကျေပွန်စွာ ထမ်းဆောင်သွားနိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဖြစ်နိုင်ရင် သမ္မတကြီးဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့လည်း အမြန်ဆုံးသွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအရေးကိစ္စတွေကို ဆွေးနွေးသွားချင်ပါတယ်" ဟု ပြောကြားသည်။ အဆိုပါရာထူးသစ်အတွက် တာဝန်ထမ်းဆောင်ချိန်ကာလအပိုင်းအခြားကို သတ်မှတ်ထားခြင်းမရှိပေ။

နိပ္ပွန်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကတည်းက လာရောက်ထောက်ပံ့လှူဒါန်းနေသော ဖောင်ဒေးရှင်းကြီးတစ်ခုဖြစ်ပြီး ယခုအခါတွင်လည်း မြန်မာနိုင်ငံအတွင်း၌ လူသားချင်းစာနာထောက်ထားသည့် အကူအညီများဖြစ်သည့် စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ စာသင်ကျောင်းများကို တိုင်းရင်းသားများအတွက် လှူဒါန်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သာဘဏ်- ရန်ကင်း)

ငယ်ရွယ်စဉ်က တီဗွီများများကြည့်ခြင်းနှင့် ရရှိလာသော အကျိုးဆက်များ

မြတ်မွန်ထွေး-ရေးသားသည်

ရုပ်မြင်သံကြား ကြာရှည်စွာကြည့်လေ့ရှိသော ကလေးသူငယ်များ၊ ဆယ်ကျော်သက် လူငယ်လေးများသည် အရွယ်ရောက် လူလားမြောက်လာသောအခါ ပေါင်းသင်းဆက်ဆံရေး အနေဖြင့် လူမှုရေးအသိစိတ်ခေါင်းပါးသူများ၊ ဥပဒေချိုးဖောက်သော အပြုအမူရှိသူများအဖြစ် သိသာပေါ်လွင်လာတတ်ကြသည်ဟု လေ့လာမှုအသစ်တစ်ရပ်တွင် တွေ့ရှိရခြင်းကို the U.S journal Pediatrics တွင် ဖေဖော်ဝါရီ ၁၈ ရက်က ရေးသားဖော်ပြသည်။

နယူးဇီလန်နိုင်ငံ ဒန်နီဒင်မြို့ရှိ ၁၉၇၂-၇၃ ခုနှစ်တွင် မွေးဖွားခဲ့သော ကလေး ၁၀၀၀ ခန့်ပါ အုပ်စုတစ်ခုကို လေ့လာမှု ပြုခဲ့ကြခြင်းဖြစ်သည်။ အသက်ငါးနှစ်နှင့် ၁၅ နှစ်ကြားအရွယ်ရှိ ကလေးများအား နှစ်နှစ်ပြည့်တိုင်း ၎င်းတို့သည် ရုပ်မြင်သံကြားကြည့်ရှုချိန် မည်မျှရှိသည်ကို မေးမြန်းမှတ်တမ်းတင်ယူခဲ့ရာ တီဗွီအချိန်ကြာကြာပိုကြည့်လေ့ရှိသောကလေးများအများစုသည် အရွယ်ရောက်သောချိန်တွင် ဥပဒေချိုးဖောက်၍ ပြစ်ဒဏ်ကျခံရသူများ၊ လူမှုရေး အသိစိတ်ခေါင်းပါးသော ပင်ကိုစရိုက်လက္ခဏာရှိသူများ ဖြစ်နေသည်ကို တွေ့ရှိရသည်ဟုဆိုသည်။

နယူးဇီလန်နိုင်ငံ Otage တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာမှုတွင် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် တစ်နာရီစာ တီဗွီပိုကြည့်သည့် ကလေးငယ်များသည် အရွယ်ရောက်သောအခါ အထက်ပါအဖြစ်ဆိုးများ ဖြစ်လာနိုင်ခြေ ၃၀ ရာခိုင်နှုန်းပိုများသည်ကို တွေ့ရသည်ဟု ဆိုထားသည်။ ငယ်စဉ်ကာလ တီဗွီအကြည့်များခဲ့သူ ကလေးသူငယ်များသည် အရွယ်ရောက်လာချိန်တွင် ရက်စက်ကြမ်းကြုတ်တတ်သော စရိုက်လက္ခဏာများ၊ မကောင်းသော စရိုက်များကိုသာ အားသန်နေမှုများ၊ စိတ်ရောဂါလက္ခဏာကဲ့သို့သော ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်သည့် စိတ်ကစဉ့်ကလျားဖြစ်မှုလက္ခဏာများ ရှိနေကြသည်ဟု သုတေသီများက ဆိုသည်။ သို့သော် လူမှုရေးခေါင်းပါးမှု အပြုအမူများအတွက် ၎င်းတို့ ငယ်စဉ်ဘဝ လူမှုစီးပွားရေးအခြေအနေ၊ မိဘအုပ်ထိန်းမှု၊ မျိုးရိုး စသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုသေးသည်ဟုဆိုသည်။

လူမှုရေး အသိစိတ်ခေါင်းပါးမှုရှိသူကလေးတိုင်း တီဗွီအကြည့်များသူများမဖြစ်နိုင်ပေ။ သို့သော် တီဗွီအကြည့်များသောကလေးများတွင် အထက်ပါအပြုအမူဆိုးများဖြစ်ပေါ်မှုများစွာတွေ့ရှိရသည်ဟု သုတေသီများ၏ လေ့လာချက်တွင် ဖော်ပြထားသည်။ ကလေးသူငယ်များ တီဗွီကြည့်ချိန် တစ်ရက်လျှင် ၂ နာရီထက် မပိုသင့်ကြောင်း၊ မိဘများက ကလေးများ၏ တီဗွီကြည့်ချိန်ကို ကန့်သတ်ပေးသင့်ကြောင်း The American Academy of Pediatrics က အကြံပြုထားသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ



ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ တရားဥပဒေစိုးမိုးရန်နှင့်လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးရရှိရန်တို့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်တွင် ကြွယ်ဝချမ်းသာသည့်နိုင်ငံဖြစ်လာရေးအတွက် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ စားဝတ်နေရေး အခြေခံခိုင်မာရေးအတွက် လက်ရှိဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုနိုင်ငံ ထူထောင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်နေပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေ၍ မရတော့ပါကြောင်း၊ ထို့ကြောင့် စိတ်ဓာတ်ပြောင်းလဲခြင်း၊ လယ်ယာမြေများ ပြုပြင်ပြောင်းလဲခြင်း၊ မျိုးကောင်း မျိုးသန့် ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ် ပြောင်းလဲခြင်းနှင့် စက်မှုလယ်ယာစနစ်ပြောင်းလဲခြင်းဟူသည့် ပြုပြင်ပြောင်းလဲမှု (၅)မျိုးဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လောလောဆယ်တွင် နိုင်ငံ့လူဦးရေမှာ သန်း ၆၀ ခန့်ရှိနေပြီး နောင်နှစ်ပေါင်း ၃၀ ခန့်တွင် လူဦးရေ သန်း ၁၀၀ ခန့်ထိ ရှိလာနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို ချင့်ချိန်ဆောင်ရွက်နေရကြောင်း၊ ကမ္ဘာတွင်လည်း လက်ရှိလူဦးရေ သန်း ၇၀၀၀၏ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်နေရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ အတွက် စားနပ်ရိက္ခာဖူလုံရေးကို ကြိုတင်မျှော်တွေးပြီး မိမိတို့ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရမည်ဟု ရည်မှန်းချက်ထားပြီး စိတ်ဓာတ်မြှင့်တင်ကာ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းရှိ လယ်ယာမြေများမှာ ပုံစံတကျမရှိဘဲ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ရှိနေသဖြင့် လယ်ယာမြေစာရင်းနှင့်အထွက်နှုန်း တွက်ချက်ရာတွင် ခန့်မှန်းခြေဖြင့်သာ တွက်ချက်ရေးဆွဲနေရကြောင်း၊ လယ်ယာမြေဧကကွက်များစနစ်တကျ ဖော်ထုတ်နိုင်မှသာ လယ်ယာမြေဆိုင်ရာစာရင်းအင်းကိန်းဂဏန်းများ မှန်ကန်လာမည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း မိမိတို့ လယ်ယာမြေတွင် ကုန်ထုတ်လမ်းများ၊ ရေသွင်း၊ ရေနုတ်မြောင်းများစနစ်တကျရှိလာမည်ဖြစ်၍ ယခင်တစ်သီး၊ နှစ်သီးသာ စိုက်ပျိုးခဲ့ရာက ယခုသုံးသီးအထိ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ကုန်ထုတ်လမ်းများကို အသုံးပြု၍ လယ်ယာသုံးစက်ကိရိယာများကို လယ်ကွင်းထဲအရောက်အသုံးပြုလာနိုင်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သီးနှံလေလွင့်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စနစ်တကျ လယ်ယာမြေများမှာ တန်ဖိုးမြင့်တက်လာသဖြင့် စိုက်ပျိုးစရိတ်လိုအပ်မှုအတွက် ဘဏ်များဖြင့် ဆက်သွယ်၍ ချေးငွေရယူရာတွင် ယခင်ကထက် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ရိတ်သိမ်းချိန်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ရာ ကျန်အချိန်များတွင် မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်လာနိုင်မည်ဖြစ်ပါကြောင်း။

ထို့အတူ လက်ရှိစိုက်ပျိုးနေကြသည့် တစ်ဧကလျှင် တင်း(၅၀/ ၆၀)ခန့်သာ ထွက်ရှိသောစပါးမျိုးများအစား

အဆင့်မြှင့်လယ်ယာသုံးစက်ကိရိယာများကို တွေ့ရစဉ်။ (သတင်းစဉ်)

အထွက်တိုးမည့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးကြရန်လိုအပ်ပါကြောင်း၊ အလားတူ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ပြောင်းလဲကျင့်သုံးပြီး စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ သီးနှံများ သိသိသာသာ အထွက်တိုးပြီး ရိတ်သိမ်းချိန်တွင် သီးနှံအလေအလွင့်လည်း လျှော့နည်းသွားမည် ဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ယုံယုံကြည်ကြည်ဖြင့် လိုက်ပါဆောင်ရွက်ပါက မလွဲမသွေ အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လိုပါက မဖြစ်မနေ ကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ ထို့အပြင် နေ့စဉ် ဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အပြန်အလှန်အကျိုးပြုနေသည့် မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြရန်ဖြစ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်တွင် အလွယ်တကူ ဝင်ငွေရရှိနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းလမ်း များစွာရှိရာ ဝီရိယစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်း။

ပြည်သူများ စားဝတ်နေရေး ပြေလည်စေရန်အတွက် လယ်ယာကဏ္ဍက ဖြည့်ဆည်းပေးနိုင်သော်လည်း နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်မူ စက်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့တွင် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုမရှိသေးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်နေပါကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာရန် လိုအပ်ပြီး အဆိုပါလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးလာရန်အတွက် ပညာရေးကဏ္ဍကသာ ဖြည့်ဆည်းပေးနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ သားသမီးများကို ပညာတတ်မြောက်အောင် သင်ကြားပေးရန်ဖြစ်ပါကြောင်း၊ မိမိတို့ကသာ တောင်သူလယ်သမားများဖြစ်နေသော်လည်း သားသမီးများကို စက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်ကြီးများ ဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့လူမျိုးကို တချို့က အခြားနိုင်ငံ/ အခြားလူမျိုးများနှင့် နှိုင်းယှဉ်ပြီး ဝီရိယနည်းသည်၊ စည်းလုံးညီညွတ်မှုအားနည်းသည်ဟု သုံးသပ်ပြောဆိုသည်များရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့၏ လူမျိုးဂုဏ်ကို မြှင့်တင်ရန် ညီညီညွတ်ညွတ်ဖြင့် အလုပ်ကို ဝီရိယစိုက်ထုတ်ပြီး ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆင့်မြှင့်စံပြစက်မှုလယ်ယာစနစ် ဧက ၃၀၀၀ တွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင် စက်ဘီး (၁၇) စီးနှင့် ရေဒီယို (၃၅) လုံးတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွတ်က စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ အတွင်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးနေသည့် ကောက်စိုက်လုံမေများအား ဂုဏ်ပြုဝတ်စုံ(၅၀)နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်စံပြစက်မှုလယ်ယာစနစ် ဧက ၃၀၀၀ အတွင်း ခင်းကျင်းပြသထားသည့် နေကြာစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ အဆင့်မြှင့်လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ အဆင့်မြှင့် SATAKE ဆန်စက်များ၊ မျိုးစေ့သန့်စင်စက်များနှင့် စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် လယ်ယာလုပ်ငန်းခွင်သုံး လက်တွန်း ထွန်စက်၊ လယ်ထွန်စက်၊ ထယ်သွားနှင့် ထွန်သွားများ၊ ရေစုပ်စက်၊ စပါး ခြွေလှေ့စက်နှင့် ဆန်စက်ငယ်များကို ကြည့်ရှုအားပေးကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း အဆင့်မြှင့်စံပြစက်မှုလယ်ယာမြေဧက ၃၀၀၀ ဖော်ထုတ်နိုင်ရန် မြေနေရာစုဖွဲ့ရွေးချယ်ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများ အပါအဝင် ကျွမ်းကျင်ပညာရှင်များစုဖွဲ့ခြင်း၊ စက်ယန္တရားများနှင့်စက်သုံးဆီ အပါအဝင် လိုအပ်ချက်များ တွက်ချက်စုဆောင်းခြင်း၊ ဒေသခံ တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သုံးလကြာဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်စနစ်များ အပါအဝင် စနစ်တကျ မြေပြုပြင်ပြီးဖြစ်သော အဆင့်မြှင့်လယ်ယာမြေများ ဖော်ထုတ်နိုင်မှုနှင့်အတူ သီးနှံများကိုလည်း တစ်ပြိုင်တည်းစိုက်ပျိုးနိုင်ခဲ့သည်။ ထိုသို့ နေပြည်တော် ကောင်စီနယ်မြေကို ဗဟိုပြုပြီး အဆင့်မြှင့် စံပြစက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံနှင့်အဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အဆင့်မြှင့် စက်မှုလယ်ယာစနစ်များ အပြိုင်အဆိုင် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၉၃) ကြိမ်မြောက် ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲ၊ ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

(၉၃)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲနှင့် ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ (တွဲဖက်ရွှေကျင်သာသနာပိုင်) ရန်ကင်းမြို့နယ် ရွှေဟင်္သာတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုစိတ္တာဘိဝံသအား ပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရလမ်း သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး၌ စတင်ကျင်းပသည်။ အဆိုပါစာတော်ပြန်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စက္ခုအလင်းဒါနပြုပွဲ ရန်ကုန်တောင်ပိုင်းခရိုင်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် "စက္ခုအလင်း"ဒါနပြုပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှင်စောပုခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်မေမာလာက စက္ခုအလင်းဒါန ဆောင်ရွက်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်အေးအေးကြည်က တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းထံ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ မျက်စိဝေဒနာရှင် ၁၁၀ တို့အား စမ်းသပ်ကုသဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ဓမ္မစေတီလမ်း (ပြည်လမ်းမှ ဗားကရာလမ်းအပိုင်း) တစ်လမ်းမောင်းအဖြစ် ပြောင်းလဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီလမ်း (ပြည်လမ်းမှ ဗားကရာလမ်းအပိုင်း)ကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ပြည်လမ်းဘက်မှ ဗားကရာလမ်းဘက်သို့ တစ်လမ်းမောင်းအဖြစ် ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီမှ အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

မြောက်ကိုရီးယားကို ပြင်းပြင်းထန်ထန်အရေးယူရန် အမေရိကန်နှင့်ဂျပန် သန္နိဋ္ဌာန်ချမှတ်ထား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

ပြီးခဲ့သည့်လအတွင်း နောက်ဆုံးနျူကလီးယားစမ်းသပ်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံအား အမေရိကန်နှင့်ဂျပန်တို့က အပြင်းအထန်အရေးယူဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုလိုက်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဖေဖော်ဝါရီ ၂၂ရက်တွင် ဝါရှင်တန်၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်တွေ့ဆုံစဉ် **(အပေါ်ပုံ)**အထက်ပါအတိုင်းပြောကြားခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များက မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှုအပေါ် စိုးရိမ်ပူပန်ခဲ့ကြောင်း၊ ဆွေးနွေးခဲ့ပြီးနောက် ပြင်းပြင်းထန်ထန်လက်တုံ့ပြန်သွားရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ မြောက်ကိုရီးယားက ဖေဖော်ဝါရီ ၁၂ ရက်တွင် တတိယအကြိမ် နျူကလီးယားစမ်းသပ်ခဲ့သည်။ ထိုအတောအတွင်း ဂျပန်ဝန်ကြီးချုပ်က ဒုံးကျည်များပစ်လွှတ်ခြင်းနှင့် နျူကလီးယားစမ်းသပ်ခြင်းကဲ့သို့တုံ့ပြန်မှုမျိုး လက်တုံ့ပြန်မှုမဟုတ်ကြောင်း ပြောကြားသည်။

လုံခြုံရေးကောင်စီအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား အရေးယူမှုအသစ် ထပ်မံပြုလုပ်ရန်လိုအပ်ကြောင်း အမေရိကန်နှင့် သဘောတူညီချက်ရထားသည်ဟု ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။ **(ရိုက်တာ)**

တူနီးရှား ပြည်ထဲရေးဝန်ကြီး လာရေးယက်အား သမ္မတမွန်ဆပ်မာဇူကီ ဝန်ကြီးချုပ်သစ်ခန့်အပ်

တူးနစ် ဖေဖော်ဝါရီ ၂၃

တူနီးရှားသမ္မတ မွန်ဆပ်မာဇူကီသည် ပြည်ထဲရေးဝန်ကြီး လာရေးယက်ကို အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် သီတင်းနှစ်ပတ်ကြာ အချိန်ပေးခဲ့ပြီး ဝန်ကြီးချုပ်ဖြစ်လာရန် အတည်ပြုထောက်ခံပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၃ရက် အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြည်ထဲရေးဝန်ကြီးအဖြစ် ၁၄ လကြာ တာဝန်ထမ်းဆောင်ခဲ့သော အသက် ၅၇ နှစ်အရွယ်ရှိ လာရေးယက်ကို ဖေဖော်ဝါရီ ၁၉ ရက်က ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသူ ဟာမာဒီဂျာဘလီ၏နေရာတွင် အစားထိုးရန် အာဏာရအစ္စလာမ့်စ် အင်န်နဟ္ဒါပါတီဖြင့် အဆိုပြုခန့်ထားခဲ့ခြင်းဖြစ်သည်။

တူနီးရှားပြည်သူအားလုံးအတွက် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းထူထောင်မှုအပေါ် သူ့အနေဖြင့် ဆွေးနွေးမှုချက်ချင်း စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က သမ္မတနှင့် အစည်းအဝေးကျင်းပပြီးနောက် ဝန်ကြီးချုပ်အဖြစ် ခန့်ထားခံရသည့် လာရေးယက်က သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် အလွန်ကြီးမားသည့်တာဝန်တစ်ခုဖြစ်သည်ဟု သဘောထားကြောင်း၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးဂိုဏ်းကွဲအုပ်စုများအားလုံးက မိမိအား လက်ခံလိမ့်မည်ဟု မျှော်လင့်ထားကြောင်း လာရေးယက်က ထပ်လောင်းပြောကြားသွားခဲ့သည်။

ကြိုးပမ်းအားထုတ်မှုများအားလုံးကိုလိုအပ်နေသည့် နိုင်ငံ၏အကျပ်အတည်းကာလအချိန်အတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီစနစ်ရရှိမှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၄င်းကဆက်လက် ပြောကြားခဲ့သည်။

ဂျာဘလီသည် နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန် မျှော်လင့်ချက်ဖြင့် အစိုးရအဖွဲ့သစ်တစ်ရပ်ဖွဲ့စည်းမှု မအောင်မမြင်ဖြစ်ပြီးနောက် ဖေဖော်ဝါရီ ၁၉ ရက်တွင် ရာထူးမှ တရားဝင် နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။ **(အေပီ)**

တင်မောင်လွင် – စုစည်းသည်

စင်ကာပူစီးပွားရေး ခန့်မှန်းချက်ထက်ကျော်လွန်

စင်ကာပူ ဖေဖော်ဝါရီ ၂၃

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် စတုတ္ထသုံးလပတ်တွင် ခန့်မှန်းထားသည်ထက် ကျော်လွန်ခဲ့ကြောင်း၊ ယင်းကဲ့သို့ စီးပွားရေးတိုးတက်ခြင်းမှာ ထုတ်လုပ်မှုကဏ္ဍတိုးတက်လာ၍ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ စင်ကာပူစီးပွားရေးသည် ဒီဇင်ဘာလကုန်အထိ သုံးလအတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ကနဦး ၁ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်လိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ သုံးလချင်းအပေါ် အခြေခံတွက်ချက်လျှင် ၃ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်သည်။ ယခုတိုးတက်မှုမှာ နှစ်ဆန်းပိုင်းက တိုးတက်မှုအပေါ်အခြေခံကြောင်း သိရသည်။ **(ဘီဘီစီ)**

မာလီမြောက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွား၊ ချဒ်တပ်ဖွဲ့ဝင် ၁၃ ဦးနှင့် သူပုန် ၆၅ ဦးသေဆုံး

အင်ဂျာမီနား ဖေဖော်ဝါရီ ၂၃

မာလီနိုင်ငံ မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၂ ရက်က တိုက်ခိုက်မှုတစ်ရပ်တွင် ချဒ်တပ်ဖွဲ့ဝင် တစ်ဒါဇင်ကျော်သေဆုံးပြီး အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သည့် အစ္စလာမ့်စ် သူပုန် ၆၅ ဦးလည်း သေဆုံးခဲ့ကြောင်း ချဒ်တပ်ဖွဲ့၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၂၃ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုးရွားဆုံး

အဆိုပါ ထိခိုက်သေဆုံးမှုများသည် အာဖရိကနှင့်ပြင်သစ်တပ်ဖွဲ့ဝင်များ၊ မာလီသူပုန်များကို တိုက်ခိုက်နှိမ်နင်းသော တိုက်ပွဲများ စတင်ဆင်နွှဲခဲ့သည့်အချိန်ကတည်းက မာလီမြောက်ပိုင်းတွင် အဆိုးရွားဆုံးဖြစ်သည်ဟုဆိုသည်။

ယင်းတိုက်ခိုက်မှုတွင် မိမိတို့၏ တပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံးခဲ့ကြောင်း၊ သူပုန် ၆၅ ဦးကိုလည်း ချေမှုန်းခဲ့ပြီး ၄င်းတို့၏မော်တော်ယာဉ် ငါးစီးကိုလည်း ဖျက်ဆီးခဲ့ကြောင်း ချဒ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦးက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

စီစဉ်ထား

ချဒ်နိုင်ငံအနေဖြင့် ပြင်သစ်ဦးဆောင်သောစစ်ပွဲကို ပါဝင်ကူညီနိုင်ရန် ၄င်း၏တပ်ဖွဲ့ဝင် ၂၀၀၀ ကို မာလီသို့စေလွှတ်ခဲ့ပြီး နောက်လတွင် ၄င်း၏တပ်ဖွဲ့ဝင်များကို စတင်ရုပ်သိမ်းရန် စီစဉ်ထားသည်ဟုဆိုသည်။ **(ဆင်ဟွာ)**

ကမ္ဘာ့အကျော် အဆောင်ခြင်္သေ့ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊
မြန်မာ့ရေတာမှာ ဆေးဝက်ခြင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်၊

ကျွန်မကအင်ဂျင်နီယာတစ်ဦးပါ။ ကျွန်မအလုပ်ကနေ့မှုထိမှာလုပ်ရတာများလို့ ကျွန်မအသားအရေတွေနေလောင်ပြီး ညိုမည်းလာပါတယ်။ ဘီလပ်မြေမှုန့်၊ ဖုန်မှုန့်၊ သံမှုန့်တွေနဲ့ ထိတွေ့နေရတာတွေကြောင့်လည်း အသားအရေတွေက ကြမ်းတမ်းပြီး ခြောက်သွေ့လာကာ အဖုအပိမ့်တွေလည်း ထွက်လာပါတယ်။ ပါးနှစ်ဖက်မှာရှိတဲ့ အသားအရေတွေကလည်းခြောက်သွေ့ကြမ်းတမ်းနေပြီး နာခေါင်းကအဆီတွေပြန်နေတာဟာ အလွန်ပဲကြည့်ရဆိုးလှပါတယ်။ ကျွန်မရဲ့အသားအရေတွေပျက်စီးနေတာကြောင့် မှန်ကြည့်တိုင်းစိတ်ညစ်နေခဲ့ရပါတယ်။ ...

"ရွှေပြည်နန်းအစိမ်းရောင်" သနပ်ခါး ... "ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး" ... "အဖြေကောင်း" ...

ရွှေပြည်နန်းသနပ်ခါးက ကျွန်မအသားအရေလှပမှုအတွက် "အဖြေကောင်း" တစ်ခုဖြစ်ခဲ့ပါတယ်။

... ကိုယ်တွေ့နဲ့ယှဉ်ပြီး အားမခံလိုက်ပါရစေ။

B.E (Civil) ...

အပ်ဆင့်ထောက်ခံအပ်ပါသည်၊

... ထပ်ဆင့်ထောက်ခံအပ်ပါသည်။

(မဲခိုးစံအေး)၊ Ayeyarwaddy United Constructoin Co.,Ltd.

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ဖွံ့ဖြိုးတိုးတက်သည့်ကမ္ဘာကြီးနှင့် တစ်ပြေးညီဖွံ့ဖြိုးရေး အာဖရိကတိုက်စိတ်ကူး

တိုး

ဘရစ်စ်ခေါ် ကမ္ဘာ့စီးပွားရေးထွန်းသစ်စ ငါးနိုင်ငံ၏ ပဉ္စမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို တောင်အာဖရိကနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးထွန်းသစ်စ ငါးနိုင်ငံမှာ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်သည်။ ပဉ္စမအကြိမ် ဘရစ်စ်ထိပ်သီးအစည်းအဝေးကို တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကျင်းပမည်ဟုသိရသည်။

ဘရစ်စ် ထိပ်သီးအစည်းအဝေး အကြိုကာလ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ လေးရက်တိုင် ပထမအကြိမ် ဘရစ်စ်-အိတ်စပိုနှင့် နိုင်ငံတကာကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းညီလာခံကို တောင်အာဖရိကနိုင်ငံ နေ့ဘ်ဝက်စ်ပြည်နယ် မာဟီကင်မြို့ အမ်မာဘာဘို အစည်းဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ ကိုယ်စားလှယ်ပေါင်း ၃၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားသည်။ နေ့ဘ်ဝက်စ်ပြည်နယ်သည် တောင်အာဖရိကစီးပွားရေး၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ ပြည်နယ်၏ အဓိကဦးစားပေးလုပ်ငန်းမှာ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိမ့်ဝင်လာရေးပင်ဖြစ်သည်။

တောင်အာဖရိကနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသူများအား ဆွဲဆောင်ရန် တောင်အာဖရိကနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(အင်ဂျီစီ)ကို ပဉ္စမအကြိမ် ဘရစ်စ် ထိပ်သီးအစည်းအဝေးတွင် တောင်အာဖရိကအစိုးရက မိမိရရ ရှင်းလင်းဖော်ထုတ် ပြသနိုင်ရမည်ဖြစ်ကြောင်း ဒါဘန်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းအဖွဲ့(ဒီစီစီအိုင်) အမှုဆောင်အရာရှိချုပ် အင်ဒရူးလေးမင်းက ဝေဖန်ထောက်ပြလိုက်သည်။

တောင်အာဖရိကနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (အင်ဂျီစီ)မှ နိုင်ငံအတွင်း အလုပ်လက်မဲ့မြင့်မားမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးရန် အစိုးရ၏ မဟာဗျူဟာတစ်ရပ်ဖြစ်သည့် ဤမဟာဗျူဟာအရ ၂၀၂၀ ပြည့်နှစ်အရောက်တွင် အလုပ်အကိုင်ပေါင်း ငါးသန်း ဖန်တီးရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ဆင်းရဲမွဲတေမှုဖယ်ရှားသည့်ပြင် ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရန်ဖြစ်သည်။

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ပါဝင်သည့် ကမ္ဘာ့စီးပွားရေးထွန်းသစ်စ ငါးနိုင်ငံ၏ လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၄၃ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ဂျီဒီပီ၏ ငါးပုံတစ်ပုံခန့်ရှိသည်။ ၂၀၁၂ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၁၁ ရာခိုင်နှုန်းပါဝင်သည့် အဖွဲ့လည်းဖြစ်သည်။ ထိုအဖွဲ့တွင် အဖွဲ့ဝင် တောင်အာဖရိကနိုင်ငံသည် စီးပွားရေးအားဖြင့် ပမာဏအသေးဆုံးနှင့် အတွေ့အကြုံကလည်း အနုနယ်ဆုံးဖြစ်သည်။

ထို့ကြောင့် တောင်အာဖရိကနိုင်ငံ ဒါဘန်၌ ၂၀၁၃ ခုနှစ် မတ်လ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပဉ္စမအကြိမ်မြောက် ဘရစ်စ်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းအားဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာတွင် ပိုမိုကောင်းမွန်သည့် အာဖရိကတိုက်ဖြစ်ရေး တောင်အာဖရိကနိုင်ငံ၏ စိတ်ကူးမှာ အားတက်စဖွယ်ဖြစ်လာမည်။ တောင်အာဖရိကနိုင်ငံနှင့် အခြားသောဘရစ်စ်အဖွဲ့ဝင်နိုင်ငံများအကြား သံတမန်ရေးအရ၊ စီးပွားရေးအရ နှစ်နိုင်ငံချင်း ဆက်ဆံရေးပါမကျန် ပိုမိုဆက်ဆံလာခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဟု တောင်အာဖရိကနိုင်ငံက စိတ်ကူးရခြင်းဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၏ ထိုစိတ်ကူးကို တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က ၎င်း၏နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်ကိုတွေ့ရသည်။

အာဖရိကသမ္မတ(အေယူ)အဖြစ် ဆက်ခံလိုက်သည့် အာဖရိကညီညွတ်ရေးအဖွဲ့(အိုင်အေယူ) ဖွဲ့စည်းထူထောင်သည့် သက်တမ်းနှစ်(၅၀)မြောက် သမယတွင် ဤအဖွဲ့ကြီးအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုအပါအဝင် အာဖရိကတစ်တိုက်လုံး ကိုလိုနီထမ်းပိုးအား ရိုက်ချိုးရာ၌ မဆုတ်မနစ် တိုက်ပွဲဝင်ခဲ့မှုကို သမ္မတဇူးမားက သူ့နိုင်ငံတော် အခြေပြမိန့်ခွန်းတွင် ထည့်သွင်းချီးကျူးလိုက်သည်။

ပိုမိုအင်အားတောင့်တင်းပြီး ပိုမိုထိရောက်အရာဝင်သော အာဖရိကသမဂ္ဂ(အေယူ) ဖြစ်ရေးအတွက် တောင်အာဖရိက အစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံနယ်မြေတည်တံ့ခိုင်မြဲရေးကို တိုက်ပွဲဝင်လျက်ရှိသော မာလီပြည်သူတို့ဘက်က မိမိတို့ ရပ်တည်လျက်ရှိကြောင်း၊ ပြည်သူတို့အတွက် ထာဝစဉ်ငြိမ်းချမ်းရေးကို ဆက်လက်ချီတက်ရန် အလယ်ပိုင်းအာဖရိကသမ္မတနိုင်ငံ ဝီနီဘစ်ဆေးနှင့် ဆိုမာလီခေါင်းဆောင်ပိုင်းအား မိမိတို့တိုက်တွန်းကြောင်း၊ တောင်အာဖရိကနိုင်ငံက အာဖရိကတိုက်အတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ဆက်၍ထောက်ခံသွားမည်ဖြစ်ကြောင်း သမ္မတဇူးမားက ပြောကြားသည်။ တောင်နှင့်မြောက် ဆက်ဆံရေးခိုင်မာရေးသည် တောင်အာဖရိကနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အဓိကအခန်းမှပါဝင်နေသည်ကိုတွေ့ရသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်စေသော ကမ္ဘာကြီးတွင် အာဖရိကတိုက်အနေဖြင့်လည်း ယခင်ကလို ဖွံ့ဖြိုးမှုနောက်မကျဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးမှာ အာဖရိက ပြည်သူတို့၏ ဆန္ဒနှင့် တောင်အာဖရိကအစိုးရတို့၏ လိုလားချက်တို့ ကိုက်ညီနေသည်ကို တွေ့ရသည်။ ။

နိုင်ငံတကာသတင်း

မြင့်မောင်စိုး – စုစည်းသည်

အီရန်နှင့် ဆွေးနွေးရန် အမေရိကန် ထပ်မံကမ်းလှမ်း

ဝါရှင်တန်က တီဟီရန်နှင့် တိုက်ရိုက်ဆွေးနွေးရန် ကမ်းလှမ်းထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိ အမျိုးသမီး ဗစ်တိုးရီးယားနုလန်းက ထပ်လောင်းပြောကြားလိုက်သည်။ မိမိတို့အနေဖြင့် ၂၀၀၉ ခုနှစ်မှစပြီး အီရန်နျူကလီးယားအရေးကို တိုက်ရိုက်ဆွေးနွေးရန် ကမ်းလှမ်းခဲ့ပါကြောင်း သူမက ထပ်လောင်းပြောကြားသည်။ အီရန်နိုင်ငံနှင့် P5+1C လုံခြုံရေးအဖွဲ့ဝင် ငါးနိုင်ငံ+ဂျာမနီတို့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကာဇက်စတန်နိုင်ငံ၌ နျူကလီးယားအရေး ဆွေးနွေးကြမည်ဖြစ်သည်။

ဒုံးကျည်များကျရောက်မှု အရပ်သားများသေဆုံး

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့ လူနေရပ်ကွက်အတွင်း ဒုံးကျည်သုံးလုံးကျရောက်ပေါက်ကွဲခဲ့ရာ အနည်းဆုံး အလုပ်သမား ၁၂ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများကပြောကြားသည်။ ယင်းဒုံးကျည်များ ကျရောက်ခဲ့ပြီးနောက် အွန်လိုင်းမှတစ်ဆင့် ဗီဒီယိုမှတ်တမ်းဖြင့် ပြသခဲ့သည်။ ဒဏ်ရာရသူများအား ၎င်းဖြစ်ပွားရာဒေသမှ ဆေးရုံသို့ တွန်းလှည်းများဖြင့် သယ်ဆောင်သွားသည်။ မိသားစုများသည် အိမ်အနီးရှိ အုတ်ပုံများအကြား နစ်မြုပ်ခဲ့သည်ဟုဆိုသည်။ ထိုအတောအတွင်း အတိုက်အခံ နိုင်ငံရေးသမားများက သူပုန်များနှင့် အစိုးရဖွဲ့ရန် သဘောတူညီလိုက်သည်ဟုဆိုသည်။

တန်ကင်းထောက်လေယာဉ်များနိုင်ဂျာတွင်ဖြန့်ကြက်

မာလီစစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေသော ပြင်သစ်တပ်များအား ထောက်ပံ့ကူညီရန် နိုင်ဂျာသို့ အမေရိကန်မောင်းသူမဲ့လေယာဉ်များ ဖြန့်ကြက်ချထားပြီးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ မာလီရှိ ပြင်သစ်တပ်ဖွဲ့ဝင်များအား သတင်းထောက်လှမ်းပေးရန် အမေရိကန်စစ်သား ၁၀၀ ခန့်ကိုလည်း နိုင်ဂျာနိုင်ငံသို့ စေလွှတ်ထားကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က အမေရိကန်သမ္မတ အိုဘားမားကကြေညာသည်။ အဆိုပါ လေယာဉ်များကို နိုင်ဂျာမြို့တော် နီယာမေးရှိ အမေရိကန်လေတပ်အခြေစိုက်စခန်း၌ ဖြန့်ကြက်ချထားသည်ဟုဆိုသည်။

အမေရိကန်တိုက်လေယာဉ်များ ပျံသန်းမှုဆိုင်းငံ့

အမေရိကန်က F-35 ဂျက်တိုက်လေယာဉ်အုပ်စုတစ်ခုလုံး အင်ဂျင်စက်ချွတ်ယွင်းမှုများ တွေ့ရှိခဲ့ပြီးနောက် အသုံးမပြုဘဲ ရပ်ဆိုင်းထားလိုက်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ကယ်လီဖိုးနီးယား အက်ဒဝပ်လေတပ်အခြေစိုက်စခန်း၌ တာဝန်ရှိသူများက စစ်ဆေးစဉ် ယင်းအချက်ကို လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်း F-35 ဂျက် တိုက်လေယာဉ်သည် ပင်တဂွန်၏ ဈေးအကြီးဆုံးလက်နက်အစီအစဉ် ဖြစ်သည်။ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံနီးပါး ကုန်ကျမည်ဖြစ်သည်။ ၎င်းတိုက်လေယာဉ်များ၏ပျံသန်းမှုကို အောက်ခြေအဆင့် ပြုပြင်ပေးပြီးသည့်တိုင်အောင် ဆိုင်းငံ့ထားခြင်းဖြစ်သည်။

နေအဖွဲ့အစည်းအတွင်း အသေးငယ်ဆုံး ဂြိုဟ်တစ်လုံးတွေ့ရှိ

နေစကြဝဠာအဖွဲ့အစည်းအတွင်း အသေးငယ်ဆုံးဂြိုဟ်ငယ်အဖြစ် သတ်မှတ်စံချိန်ထားရှိမှုကို ကမ္ဘာ၏အရံဂြိုဟ်လထက်မဆိုစလောက်သာကြီးသော ဂြိုဟ်ငယ်တစ်လုံးတွေ့ရှိခြင်းဖြင့် နက္ခတ်တာရာပညာရှင်များက ပြောင်းလဲသတ်မှတ်ရပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဝေးလံသော အခြားနေစကြဝဠာအဖွဲ့အစည်းတွင် တွေ့ရှိခဲ့ရသည့် အဆိုပါဂြိုဟ်ငယ်သည် နေကိုတစ်ပတ်ပတ် နိုင်ရန် ၁၃ ရက်သာကြာကြောင်း၊ ၎င်းပြင် ကမ္ဘာဂြိုဟ်၏ လေးပုံသုံးပုံအရွယ်ရှိ ဂြိုဟ်တစ်လုံးနှင့် ကမ္ဘာထက် နှစ်ဆရှိသည့် ဂြိုဟ်တစ်လုံးတို့နှင့်အတူ နေကို နီးကပ်စွာ လှည့်ပတ်လျက်ရှိသဖြင့် ရေနှင့် သက်ရှိခိုအောင်းနိုင်စွမ်းရှိနေဖွယ်ရာ ခန့်မှန်းကြောင်း ဖော်ပြသည်။

ပြောင်းလဲနေ

အာကာသလေ့လာမှုတွင် နက္ခတ်တာရာပညာရှင်များ၏ ရှာဖွေမှုများကြောင့် အသေးငယ်ဆုံးဂြိုဟ်အဖြစ် သတ်မှတ်စံထားမှုများသည် အမြဲဆိုသလို ပြောင်းလဲနေသည်။

အသစ်များစွာတွေ့

နာဆာ၏ ကက်ပလာတယ်လီစကုပ်ဖြင့် အာကာသစူးစမ်းမှုများကြောင့် ထုထည်ကြီးမားသော ဂြိုဟ်ကြီးများ၊ သေးငယ်သောဂြိုဟ်ငယ်များကို အသစ်များစွာတွေ့ရှိခဲ့သည်။

ယခု အသေးငယ်ဆုံးဂြိုဟ်အဖြစ် မှတ်တမ်းတင်သည့်ဂြိုဟ်ကို Kepler 37 b ဟု အမည်သတ်မှတ်ပြီး ကမ္ဘာဂြိုဟ်နေအဖွဲ့အစည်းတွင် အသေးငယ်ဆုံး စံချိန်တင် မာကျူရီဂြိုဟ်ထက်ပင် ပို၍သေးငယ်သည်ဟုဆိုသည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

တိုက်ပွဲဝင်လေယာဉ်မှူးများနည်းတူ ဒရုန်းပဲ့ထိန်းယာဉ်မှူးများ စိတ်ဝေဒနာများခံစားရဟုဆို

မောင်းသူမဲ့ ဒရုန်းပဲ့ထိန်း ပိုင်းလော့များ၏ ကျန်းမာရေးပိုင်းကို ပထမဆုံးအနေဖြင့် စမ်းသပ်သုတေသနပြုရာ စိတ်ကျန်းမာရေးထိခိုက်ချို့တဲ့မှုများ တွေ့ရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဒရုန်းပဲ့ထိန်းယာဉ်မှူးများသည်လည်း အီရတ်နှင့် အာဖဂန်နစ္စတန်တွင် တိုက်ပွဲဝင်ရသည့် တိုက်လေယာဉ်မှူးများနည်းတူအချိုးအစားအတိုင်း စိတ်ဓာတ်ကျဆင်းမှုနှင့် လွန်ကဲသည့် ပရိဒေဝစိတ်ဖိစီးမှုများခံစားရကြောင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ ကျန်းမာရေးစစ်ဆေးထောက်လှမ်းရေးစင်တာက သုတေသနပြုထောက်ပြသည်။

စစ်မြေပြင်ကို အဝေးက မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ရခြင်းဖြစ်သော်လည်း ကျန်းမာရေးဘေးထွက်ဆိုးကျိုးဖြစ်ပေါ်ပါကြောင်း၊ ဒရုန်းပဲ့ထိန်းများ၏ ထိုသို့စိတ်ကျန်းမာရေးထိခိုက်ရသည့် အရင်းအမြစ်ကို ရှင်းမပြနိုင်သေးကြောင်း စင်တာမှ သုတေသန ပညာရှင်များကဆိုသည်။

သို့သော်လည်း ဗီဒီယိုမြင်ကွင်းမှတစ်ဆင့် တိုက်ပွဲဝင်နေရခြင်း၊ ရဲဘော်ရဲဘက်မရှိ သီးခြားစစ်ဆင်နေရခြင်းနှင့် ဒရုန်းပဲ့ထိန်းများ ရှားပါးမှုကြောင့် အလုပ်ချိန်များစွာပေးရ၍ မိသားစုဘဝ နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်ဟု လေတပ်တာဝန်ရှိသူများနှင့် အချို့သောပါရဂူများက အကြံပြုထားသည်။

“စစ်မြေပြင်ကို ပစ်မှတ်ရှာဖွေရာတွင် ဒရုန်းပဲ့ကိုင်များအနေဖြင့် နေ့ရက်အချိန်များစွာ စူးစိုက်ကြည့်ရှုထောက်လှမ်းရပါတယ်။ ပစ်ခတ်ပြီးနောက် သေဆုံးမှုများကို မျက်ဝါးထင်ထင် မြင်တွေ့ကြရတယ်။ တိုက်လေယာဉ်မှူးများတွင်တော့ ထိုသို့ မကြုံတွေ့ရပါ။ တိုက်ခိုက်ပြီးသည်နှင့် တိုက်လေယာဉ်မှူးများက ထိုနေရာမှ တတ်နိုင်သမျှ အမြန်ဆုံးမောင်းထွက်သွားနိုင်ကြပါတယ်”ဟု သုတေသနပူးတွဲစာတမ်းရေးသူ ရောဂါဗေဒပညာရှင် ဂျိန်းလင်းအိုတိုက ပြောကြားသည်။

ဒရုန်းပဲ့ထိန်းယာဉ်မှူးများသည် စိတ်ရောဂါပြဿနာ ပို၍မြင့်မားကြောင်း၊ မည်သည့်အတွက်ကြောင့်ဆိုလျှင် ၎င်းတို့လုပ်ကိုင်ရသည့် လုပ်ငန်းစဉ် အနေအထားကြောင့်ပင်ဖြစ်ကြောင်း သုတေသနစတင်ချိန်ကပင် မျှော်လင့်ထားပြီးဖြစ်ကြောင်း အိုတိုက ဆက်လက်ပြောကြားသည်။

အမေရိကန်လေတပ်သည် ဒရုန်းယာဉ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ပြီး ၂၀၀၈ ခုနှစ်က စတင်ကာ ဒရုန်းပဲ့ထိန်းယာဉ်မှူးများ မွေးထုတ်ပေးလျက်ရှိရာ ဒရုန်းပဲ့ထိန်း ၁၃၀၀ နီးပါးရှိနေသည်။ လက်ရှိတွင် ဗုံးကြဲလေယာဉ်မှူးများနှင့် တိုက်လေယာဉ်မှူးများ အရေအတွက်ထက် ပိုများသည့် ဒရုန်းယာဉ်မှူးများကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။ ၂၀၁၅ မတိုင်မီကာလတွင် ဗုံးကြဲလေယာဉ်မှူးများအရေအတွက်ထက် ဒရုန်းပဲ့ထိန်းယာဉ်မှူးများ ပိုမိုများပြားလာရန် မျှော်လင့်ရသော်လည်း တိုက်လေယာဉ်မှူးများ အရေအတွက်မှာမူ အများဆုံးရှိနေဦးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ယခုကိန်းဂဏန်းဆိုင်ရာ အချက်အလက်တွင် ပါကစ္စတန်၊ ယီမင်နှင့် အခြားနိုင်ငံများရှိ စီအိုင်အေ၏ တန်ပြန် အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးမှ မောင်းသူမဲ့ ဒရုန်းများ အရေအတွက်မပါဝင်ကြောင်း သိရသည်။

သုတကျော် – ရေးသည်



ဆောင်းပါး

အသိတရားဖြင့် သတိထားဆင်ခြင်နိုင်ကြပါစေ

ကိုမြန်မာ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုခရီးသည် ယခုအခါ နှစ်နှစ်သက်တမ်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုစတင်သည့်အခါက တစ်ကမ္ဘာလုံးလိုလိုမှ မယုံကြည်နိုင်သော မျက်လုံးများဖြင့် ဒေါက်ထောက်၍ စောင့်ကြည့်နေခဲ့ကြသည်ကို သတိရမိသည်။

ပြုပြင်ပြောင်းလဲမှု ခရီးအစကား ကြမ်းတမ်းလွန်းလှသည်။ ပိတ်ဆို့မှုအမျိုးမျိုးဖြင့် တုပ်နှောင်ခံထားရဆဲကာလတွင် ရှေ့သို့မရောက်ရကောင်းလား ဟန်ဆောင် ပန်ဆောင် ရွှေ့နေသလားဟု သံသယပွား အပြစ်တင်မှုများကိုလည်း ခံခဲ့ရသေးသည်။ တစ်ချိန်တည်းမှာပင် ထမ်းရွက်ရမည့် ဝန်ထုပ်ဝန်ပိုးက တတ်နိုင်သည့် ခွန်အားနှင့်မမျှ။ နိုင်ငံရေးစနစ်အသစ်တစ်ရပ် ပြောင်းလဲကျင့်သုံးရသည်သာမက အားနည်းလှသော စီးပွားရေး၊ လူမှုရေးစုဖွဲ့တည်ဆောက်ပုံ အားလုံးကိုပါ အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲရမည့်အခြေ ဖြစ်သည်။ တစ်နည်းဆိုသော် သာမန်အစိုးရအဖွဲ့ အပြောင်းအလဲမျှသာမဟုတ်၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပြုပြင်ပြောင်းလဲရသည့် လုပ်ငန်းဖြစ်သည်။

ထိုမျှကြီးမားသည့် လုပ်ငန်းကြီးကို ထမ်းဆောင်ရန် ယခင်က အတွေ့အကြုံလည်း မရှိခဲ့ဖူးပေ။ ကာလကြာမြင့်စွာ အထီးကျန်နေခဲ့ရသည့်အတွက် ပြင်ပကမ္ဘာနှင့် အဆက်အဆံ အထိအတွေ့ အကြားအမြင် ဗဟုသုတကလည်း နည်းပါးသည်။ ကျွမ်းကျင်တတ်သိနားလည်သည့် လူ့အရင်းအမြစ်နှင့် ငွေကြေးဘဏ္ဍာအရင်းအမြစ်တို့၏ ကန့်သတ်ချက်မှာလည်း ကြီးမားလှသည်။

ဆိုရလျှင် မြန်မာနိုင်ငံသည် အခြားတစ်ပါးသော နိုင်ငံများ၏ ပြုပြင် ပြောင်းလဲမှုများနှင့်မတူ အခက်အခဲပေါင်းစုံနှင့် စိန်ခေါ်မှုများ ပြွမ်းတီးသော စမ်းသပ်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

နှစ်နှစ်သာသာ တိုတောင်းသော ကာလတစ်ခုကို ဖြတ်ကျော်ခဲ့ပြီးချိန်တွင်မူ ပြုပြင်ပြောင်းလဲမှုကနဦး ကာလအခြေအနေများသည် နှောင်းအိပ်မက်သဖွယ် အတိတ်၌ ကျန်ရစ်ခဲ့ကြလေပြီ။ အပြောင်းအလဲ အရှိန်အဟုန်မြင့်မားလှသော မြန်မာနိုင်ငံတွင် ရက်သတ္တ တစ်ပတ်ကွာလျှင်ပင် သမိုင်းဖြစ်၍ ကျန်ခဲ့သည်ဟု ပြည်ပမှ လေ့လာသူအချို့က တင်စား၍ ဆိုကြသည်။

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် ခေတ်ပြိုင် အာရပ်နွေဦးမှ လေရူးထန်ကာ ပြဿနာပေါင်းစုံဖြင့် မတည်ငြိမ်သည့် အရှေ့အလယ်ပိုင်းဒေသ၊ မြောက်အာဖရိကဒေသနိုင်ငံများနှင့် နှိုင်းဆလျှင် မြန်မာ့နွေဦးသည် ပုရစ်ဖူးတို့ဖြင့်ဝေစည်၍ လေပြည်နုအေး အသွေးဝယ် ဆေးရောင်စုံပန်းမန်များဖြင့် အလှသွေးကြွယ်သည့် ပီတိအလှ နွေဦးဖြစ်လိမ့်မည်။

လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအပိုင်းတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အားလုံးလိုလိုနှင့် ငြိမ်းချမ်းရေး ဆွေးနွေးလျက်ရှိပြီး နိုင်ငံတစ်ဝန်း၌ သေနတ်သံများကင်းဆိတ်ငြိမ်းအေးစ ပြုလာပြီဖြစ်သည်။

စီးပွားရေးအပိုင်းတွင်လည်း အဓိကကျသော ကျေးလက်ဖွံ့ဖြိုးရေး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အခြေခံကျကျ ခွန်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် အသက်သွေးကြောသဖွယ် အရေးပါလှသော ဘဏ်စနစ်၊ နိုင်ငံခြားငွေလဲလှယ်မှုစနစ်စသည့် အခြေခံစနစ်များကို ပြင်ဆင်ပြောင်းလဲနိုင်ခဲ့ပြီး ယင်းအပြောင်းအလဲများ၏ အသီးအပွင့်ကိုလည်း ခံစားမြင်တွေ့နေကြပြီဖြစ်သည်။ ကုန်သွယ်မှုအပိုင်းတွင် ပိုမိုလွတ်လပ်ပွင့်လင်း၍ လုပ်သာကိုင်သာရှိလာမှုကြောင့် ပို့ကုန်၊ သွင်းကုန် ပမာဏများလည်း သိသိသာသာတိုးတက်လာခဲ့သည်။ အများမျှော်လင့်နေကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ရာ ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုသော စီးပွားရေးလုပ်ငန်းရှင်များဖြင့် ရန်ကုန်မြို့၌ ဟိုတယ်နှင့်လေကြောင်းခရီးစဉ်များမှာ ပြည့်ကျပ်လျက်ရှိသည်။

နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်လည်း နိုင်ငံတကာအစိုးရခေါင်းဆောင်မှန်သမျှ မြန်မာနိုင်ငံကို လာရောက်မလည်ပတ်ဖူးလျှင် ခေတ်မမီဟု ဆိုရလောက်အောင်ပင် ဖြစ်နေသကဲ့သို့ မြန်မာဘက်မှလည်း နိုင်ငံတော်သမ္မတမှစ၍ အဆင့်ဆင့် တာဝန်ရှိပုဂ္ဂိုလ်များမှာ ပြည်ပခရီးစဉ်များနှင့် ပြည်တွင်း၌ နိုင်ငံခြားဧည့်သည် လက်ခံတွေ့ဆုံရမှုများဖြင့် မအားမလပ်နိုင်အောင် ရှိနေကြသည်။

ဤသို့ ဘက်ပေါင်းစုံမှ တိုးတက်အောင်မြင်မှုများကို အချိန်တိုအတွင်း ရရှိဖော်ဆောင်နိုင်မှုမှာ အစိုးရယန္တရားတစ်ခုတည်း၏ စွမ်းဆောင်နိုင်မှုကြောင့် မဟုတ်ပေ။ လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန်၊ ရဟန်းရှင်လူ၊ ပြည်သူအားလုံး၏ နိုင်ငံပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ထောက်ခံပါဝင်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

သို့ရာတွင် ခက်ခဲလှသော ပုစ္ဆာပေါင်းစုံကို တစ်ချိန်တည်း တစ်ပြိုင်တည်း အချိန်လု၍ ကိုင်တွယ်ဖြေရှင်းနေရခြင်းဖြစ်သည့်အတွက် အများလိုလား တောင့်တမျှော်လင့်သလောက် ကောင်းကျိုးရလဒ်များကို ချက်ချင်းလက်ငင်း ဆောင်ယူပေးနိုင်မည်ကား မဟုတ်ပေ။ "ရောမမြို့ကြီးကို တစ်ရက်တည်းနှင့်အပြီး မတည်ဆောက်နိုင်သကဲ့သို့ ခုရေတွင်းတူး၊ ခုရေကြည်သောက်" နိုင်မည်လည်း မဟုတ်သည်ကို သတိချပ်ကြရန် လိုပေလိမ့်မည်။

လက်ရှိ ရွေးကောက်တင်မြှောက်ခံ အစိုးရအနေဖြင့် ယခင်အစိုးရအဆက်ဆက်မှ ကျန်ရစ်ခဲ့သည့် ပြဿနာအဟောင်းများကို ဆက်ခံဖြေရှင်း ဆောင်ရွက်နေရသကဲ့သို့ အောက်ခြေမှလှုန်ကာ ပြုပြင်ပြောင်းလဲနေရမှု၏ အကျိုးဆက်ဖြစ်ပေါ်လာသည့် ပြဿနာအသစ်များကိုလည်း ကိုင်တွယ်ဖြေရှင်းနေရပေသည်။

အလုပ်လုပ်လျှင် ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်သာဖြစ်၏။ ဤကား သဘာဝဖြစ်၏။ အရေးကြီးသည်မှာ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်စေရေးနှင့် ပြဿနာစိန်ခေါ်မှုများကို မှန်ကန်သောနည်းလမ်း၊ သင့်လျော်သော ရှုထောင့်တို့မှ ချဉ်းကပ်တတ်ရေးပင် ဖြစ်သည်။

ပန်းတိုင်ကို မျက်ခြည်မပြတ်စေရေးအတွက် အဓိကလိုအပ်ချက်နှစ်ရပ်မှာ ရှေ့ကို ကြိုတင်မြော်မြင်နိုင်သော အသိဉာဏ်ပညာ ဆင်ခြင်တုံတရားနှင့် မပြတ်သောသတိတို့ ဖြစ်သည်။

မှန်ကန်သော ချဉ်းကပ်မှုနည်းလမ်းမှာ မှန်သောအမြင်၊ မှန်သောအတွေး၊ မှန်သောအပြော၊ မှန်သောအလုပ်၊ မှန်သောအသက်မွေးမှု၊ မှန်သော အားထုတ်မှု၊ မှန်သောသတိ၊ မှန်သော တည်ကြည်လေးနက်မှုဟူသည့် လမ်းမှန်ရှစ်သွယ်ဖြင့် ချဉ်းကပ်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် မှန်ကန်မျှတသော နှလုံးသွင်းမှုဖြင့် အစွန်းတရားနှစ်ပါးမှလွတ်၍ အပြစ်ကင်းစွာ ချဉ်းကပ်မှုဖြစ်သည်။

ယခုအခါ နိုင်ငံတော်သမ္မတက ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ တတိယအဆင့်အဖြစ် ပြည်သူကိုဗဟိုပြုသော ပြုပြင်ပြောင်းလဲမှုကို စတင်နိုင်ရန် လမ်းညွှန်ကြိုးပမ်းလျက်ရှိရာ ပြုပြင်ပြောင်းလဲမှုတစ်ခုလုံးအတွက် အဓိကဇာတ်ဆောင်မှာ ပြည်သူတို့ကိုယ်တိုင်ဖြစ်လာသည်။ သို့ဖြစ်ရာ ပြုပြင်ပြောင်းလဲရေးအတွက် ပန်းတိုင်ကို မျက်ခြည်မပြတ်စေရေးနှင့် မှန်ကန်စွာ ချဉ်းကပ်လုပ်ဆောင်နိုင်ရေးတို့မှာ ပြည်သူတို့အပေါ်တွင် မူတည်လာသည်။ ပြည်သူတို့၌ ပိုမိုတာဝန်ရှိလာသည်နှင့်အမျှ ပို၍ပို၍ တာဝန်သိရန်၊ တာဝန်ယူတတ်ရန်နှင့် တာဝန်ယူနိုင်သည့် စွမ်းရည်ပြည့်စုံနေရန် လိုအပ်လာသည်။

တစ်ဖက်တွင်လည်း ပြည်သူတို့ကိုယ်တိုင် ပြုပြင်ဖြည့်ဆည်းရဦးမည့် အချက်များစွာ ရှိနေသေးသည်ကို ဝန်ခံရမည်ဖြစ်ပါသည်။ ခေတ်အဆက်ဆက်မှ အကြောင်းအမျိုးမျိုးတို့ကြောင့် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း ပြည်သူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းရည်တို့တွင် လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ လူ့အဖွဲ့အစည်းအတွင်း အုပ်စုတစ်ခုနှင့်တစ်ခု၊ အလွှာတစ်လွှာနှင့် တစ်လွှာအကြား ယုံကြည်စိတ်ချမှု ပျက်ပြားနေခြင်းကိုလည်း ပြန်လည်တည်ဆောက်ရပါဦးမည်။ အလားတူပင် လူ့အဖွဲ့အစည်းအတွင်းရှိ အစုအဖွဲ့များအကြား ဝါးအစည်းပြေသလို စည်းလုံးညီညွတ်မှု ယိုယွင်းနေခြင်းကိုလည်း စည်းရုံးပြုပြင်ရပါဦးမည်။ ကာလကြာမြင့်စွာ ဒီမိုကရေစီ အလေ့အကျင့်နှင့် ထိတွေ့မှု ကင်းကွာနေခဲ့မှုကြောင့် လွတ်လပ်မှုနှင့် တာဝန်သိမှုတို့ယှဉ်တွဲကျင့်သုံးသော ဒီမိုကရေစီယဉ်ကျေးမှုကျင့်စဉ်များ အားနည်းနေသေးခြင်းကိုလည်း လေ့ကျင့်ပျိုးထောင်မြှင့်တင်ရပါဦးမည်။

ပြုပြင်ပြောင်းလဲမှုတို့တွင် ဖြစ်တတ်သော သဘောသဘာဝအရ လုပ်ငန်းစွမ်းရည်ပြည့်စုံအောင် မဖြည့်ဆည်းရသေးမီမှာပင် လွတ်လပ်မှုအခွင့်အရေးတို့က စတင်အသက်ဝင်လာသည်။ ပြည်သူတို့၏ ကာလကြာရှည် မျှိုသိပ်ထားခဲ့ရသည့် အပြောင်းအလဲကြီးတစ်ရပ်ကို တွေ့မြင်ခံစားလိုသော စိတ်ဆန္ဒ၊ ပြုပြင်ပြောင်းလဲရေးကာလ၌ တွေ့ကြုံရစမြဲဖြစ်သော အခက်အခဲပြဿနာများနှင့် လောလောလတ်လတ် ပုပ္ပန္နခေတ်ရှိလာသော လွတ်လပ်စွာစုရုံးခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်စသည့် အခွင့်အရေးတို့ ပေါင်းဆုံမိသောအခါ စိတ်လှုပ်ရှားခံစားမှုကို အခြေတည်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာတော့သည်။

အလုပ်ရှင်၊ အလုပ်သမားပြဿနာများ၊ မြေယာသိမ်းဆည်းမှုကိစ္စများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများအကြား ဝိရောဓိများ၊ လူအုပ်စုချင်းပဋိပက္ခများ စသည်ဖြင့် ပွတ်တိုက်ထိရှလွယ်သော နေရာများစွာတွင် မီးပွားများပေါက်ပွားလာသည်။ ယင်းမီးပွားများကို မီးညွန့်၊ မီးတောက်၊ မီးလျှံများဖြစ်မလာမီ၊ အချိန်မီတားဆီး ငြိမ်းသတ်နိုင်မှသာ အမှိုက်ကစ၊ ပြာသာဒ်မီးမလောင်အောင် ထိန်းသိမ်းနိုင်ပေလိမ့်မည်။

စင်စစ်၌ ဒီမိုကရေစီဆိုသည်မှာ ပြည်သူအများအုပ်စိုးသည့် စနစ်ဖြစ်သော်လည်း များရာလူက အနိုင်ယူ ဗိုလ်ကျစိုးမိုးသည့်စနစ် မဟုတ်ပေ။ အများစု၏ ဆန္ဒကို အနည်းက လိုက်နာပြီး အနည်းစု၏ ဆန္ဒကိုလည်း အများစုက လေးစားရသည့်စနစ်ဖြစ်သည်။ ပြည်သူကို ခုတုံးလုပ်ကာ၊ ဥပဒေကို လျစ်လျူရှု၍ "အများညီလျှင် ဤကို ကျွဲဖတ်" နိုင်သော စနစ်မဟုတ်။ တရားဥပဒေစိုးမိုးမှုကို လူတိုင်းက လေးစားလိုက်နာမှ ဆောင်ရွက်နိုင်သည့် စနစ်ဖြစ်သည်။ ပြဿနာများကို ချဉ်းကပ်ဖြေရှင်းရာ၌လည်း အုပ်စုဖွဲ့၍ အတင်းအကျပ် ထိပ်တိုက်ရင်ဆိုင်ကာ ကိုယ့်လိုဘကိုသာ မရအရ အကျပ်ကိုင်တောင်းဆိုသည့်စနစ်မဟုတ်၊ နှစ်ဦးနှစ်ဖက် ပြေလည်စွာညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဖြေရှင်းရသည့် စနစ်မျိုးဖြစ်သည်။ ဒီမိုကရေစီလူ့ဘောင်ကို ထူထောင်ကြသည့်အခါ ယင်းသို့ အသိဉာဏ်ပညာ ဆင်ခြင်တုံတရားဖြင့် ပြေလည်စွာညှိနှိုင်းဖြေရှင်းနိုင်သည့် လူ့အဖွဲ့အစည်းများသာလျှင် လိုရာပန်းတိုင် ရောက်ကြသည်။ ဒီမိုကရေစီ၏ လွတ်လပ်မှုအခွင့်အရေးများကို မိမိတို့၏ ကိုယ်ကျိုးစီးပွား၊ အတ္တနှင့် ရန်ငြိုးအာဃာတတို့အတွက် တလွဲအသုံးချသူများမှာမူကား ရေမျောသစ်တုံးပေါ်တွင် နေရာလုရင်း ရန်ဖြစ်သတ်ပုတ်နေကြသည့် တောက်တဲ့ မြွေတို့နှယ်သာ ရေစုံမျောရင်း စုံးစုံးမြုပ်ကြဖွယ် ရှိလေသည်။

ယနေ့ကာလတွင်လည်း ဒီမိုကရေစီခေတ်၊ ပြည်သူ့ခေတ်၊ တို့ခေတ် ရောက်ပြီဆိုကာ ပြည်သူဟူသော အမည်ဆိုင်းဘုတ်ကို အကာအကွယ်ယူ၍ စည်းကမ်းဖောက်ဖျက်မှုများ၊ အုပ်စုဖွဲ့ အကျပ်ကိုင်ရမ်းကားမှုများ လုပ်ဆောင်နေကြသည့် မသမာသူအချို့ကို တွေ့မြင်လာရပါသည်။

တဲပေါ်ကလူ တိုက်ပေါ်တင်မည့် စီမံကိန်းသတင်းကြားသည်နှင့် အညီရှိရာ ယင်အုံသလို စီမံကိန်းနေရာတွင် အပြေးအလွှားလာရောက်၍ ခါတော်မီ "ကျူးကျော်" သူများလည်း ရှိသည်။ အများပြည်သူပိုင်လမ်းကို ယောက္ခမပိုင်လမ်းသဖွယ် သဘောထားကာ ကျော်ချင်သည့်နေရာမှကျော်၊ ဖြတ်ချင်သည့် နေရာမှဖြတ်၊ ပိတ်ချင်သည့် နေရာမှပိတ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှန်သမျှ ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့် ယာဉ်များကိုလည်း တွေ့နေရသည်။ အများသူငါ သွားလာရာ ပလက်ဖောင်းသာမက ကားလမ်းပေါ်ပါ ရဲရဲတင်းစွာနယ်ချဲ့၍ ဈေးရောင်းချနေမှုကြောင့် သက်စွန့်ဆံဖျားကားလမ်းပေါ်၌ လမ်းလျှောက်နေကြရသည့် ပြည်သူများကိုလည်း တွေ့မြင်ရသည်။ မြေယာပြဿနာ၊ အလုပ်သမားပြဿနာစသည့် ပြဿနာမျိုးစုံဖြစ်လာသည်နှင့် စေ့စပ်ဆွေးနွေးမဖြေရှင်းရသေးမီ သပိတ်မှောက်ဖို့၊ ဆန္ဒထုတ်ဖော်ဖို့ ဝင်ရောက် လှုံ့ဆော်လာသူများလည်း ရှိနေသည်။ ပယောဂများစွာတို့ ဘက်ပေါင်းစုံမှ ဝင်လာကြသည်။

ပြည်သူလူထု အများစုကြီးကား အပြောင်းအလဲကို ပြင်းပြစွာ တောင့်တလိုလားကြသည်မှန်သော်လည်း ချက်ချင်းလက်ငင်း "ရေကြည်မသောက်" နိုင်သေးသည်ကို သဘောပေါက်နားလည်နိုင်ကြပါသည်။ သို့ရာတွင် အများအကျိုးထက် ရေတိုကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင် ဆောင်ရွက်မှုများကြောင့် ခက်ခဲပင်ပန်းစွာ အားထုတ်ကြိုးပမ်းနေရသော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ခရီးလမ်းကြောင်းကို ခလုတ်တံသင်း မဖြစ်စေလိုပါ။ အဆိုပါ လုပ်ရပ်တို့ကြောင့် နိုင်ငံမတည်မငြိမ်ဖြစ်ရလျှင်၊ တရားဥပဒေစိုးမိုးမှု အားနည်းလာလျှင် စီးပွားရေးအရ လာရောက် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုများ ဝင်အလာနှောင့်နှေးလျှင်ဖြစ်စေ၊ မျှော်မှန်းသည်ထက် အဝင်နည်းသွားလျှင်ဖြစ်စေ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူနေမှုဘဝမြင့်မားရေးကို လျော့ပါးထိခိုက်စေဖွယ်ရှိပြီး ယင်းမှတစ်ဖန် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကိုလည်း နှောင့်နှေးစေနိုင်ပြန်ပါသည်။ စီးပွားရေးနှင့် နိုင်ငံရေးတို့မှာ ဤသို့ဤနှယ် အပြန်အလှန် မှီတွယ်နေကြသည်ကို သိမြင်နားလည် ကြစေလိုပါသည်။

နိဂုံးချုပ်ရပါလျှင် ပြည်သူကိုဗဟိုပြုကာ ဆောင်ရွက်ရမည့် ဤပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတို့၏ အခန်းကဏ္ဍမှာ အဓိကအကျဆုံးဖြစ်လာပါသည်။ ပြည်သူတို့ကိုယ်တိုင်က ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်စေရေးအတွက် အရှည်မြော်မြင်တွေးချင့်နိုင်သည့် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားဖြင့် တွေ့ကြုံလာရသော အခက်အခဲပြဿနာများကို မှန်ကန်စွာချဉ်းကပ်ကာ စိတ်ကောင်းစေတနာနှင့် ယှဉ်၍ ညှိနှိုင်းစေ့စပ်ဖြေရှင်းနိုင်ကြမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံပါဝင်သည့် ဘက်စုံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးတစ်ရပ်လုံး အောင်မြင်နိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြတိုက်တွန်းလိုက်ရပါသတည်း။ ။

ပြည်သူကိုဗဟိုပြုကာ ဆောင်ရွက်ရမည့် ဤပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတို့၏ အခန်းကဏ္ဍမှာ အဓိကအကျဆုံး ဖြစ်လာပါသည်။ ပြည်သူတို့ကိုယ်တိုင်က ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်စေရေးအတွက် အရှည်မြော်မြင်တွေးချင့်နိုင်သည့် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားဖြင့် တွေ့ကြုံလာရသော အခက်အခဲပြဿနာများကို မှန်ကန်စွာချဉ်းကပ်ကာ စိတ်ကောင်းစေတနာနှင့်ယှဉ်၍ ညှိနှိုင်းစေ့စပ် ဖြေရှင်းနိုင်ကြမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံပါဝင်သည့် ဘက်စုံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးတစ်ရပ်လုံး အောင်မြင်နိုင်ကြမည်ဖြစ်ပါကြောင်း

ရန်ကုန်မြို့အတွက် အသုံးပြုရန် လျှပ်စစ်ဓာတ်အားပေးစက်များ သယ်ယူ



ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ လှူဒါန်းသော မီးစက်တစ်လုံးလျှင် 120 MW ထွက်ရှိသည့် မီးစက်နှစ်စုံမှ ပထမအစုံသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ရောက်ရှိခဲ့သည်။

ရောက်ရှိလာသည့် ပထမအစုံ မီးစက်တွင် ပစ္စည်းအရေအတွက် စုစုပေါင်း ၆၀၀ နီးပါးခန့် ပါရှိလာပြီး အလေးချိန်တန် ၄၀ အောက်ရှိသည့် ပစ္စည်းအရေအတွက် ၅၀၀ ကျော်ကို ဗိုလ်အောင်ကျော်ဆိပ်ခံတံတားတွင် ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၆ ရက်အထိ သယ်ချခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၇ ရက်တွင် Asia World ထိးတန်းဆိပ်ခံတံတားတွင် အလေးချိန်တန် ၇၀ ရှိသည့် ပစ္စည်းတစ်ခု၊ ပစ္စည်းတန်ချိန် ၁၂၀ လေးသည့် ပစ္စည်းတစ်ခု၊ အလေးချိန် ၂၁၈ တန်လေးသည့် ပစ္စည်းတစ်ခုနှင့် အလေးချိန်တန် ၂၂၀ လေးသည့် ပစ္စည်းတစ်ခု စုစုပေါင်း ပစ္စည်းလေးခု သယ်ချခဲ့ပြီးဖြစ်သည်။

ဗိုလ်အောင်ကျော်တံတားတွင် သယ်ချထားသော ပစ္စည်းအရေအတွက် ၅၀၀ ကျော်ကို ဖေဖော်ဝါ ရီ ၁၅ ရက်မှစတင်၍ ဓာတ်အားပေးစက် စီမံကိန်းတည်နေရာဖြစ်သည့် ရွာမဓာတ်အားပေးစက်ရုံသို့ နေ့စဉ် သယ်ဆောင်လျက်ရှိပြီး **(အပေါ်ယာပုံ)** သယ်ယူပို့ဆောင်မှုကာလ ကိုးရက်ခန့် ကြာမြင့်မည်ဖြစ်သည်။ Asia World ထိးတန်းဆိပ်ခံတံတားတွင် ထားရှိသည့် အလေးချိန်တန် ၄၀ အထက်ရှိသော ပစ္စည်းလေးခုတွင် နောက်ဆုံးပစ္စည်းဖြစ်သည့် တန် ၁၂၀ လေးသော ထရန်စဖော်မာကို ဖေဖော်ဝါရီ ၂၃ ရက် ည ၉ နာရီခွဲတွင် ထိးတန်းဆိပ်ခံတံတားမှ ရွာမဓာတ်အားပေးစက်ရုံသို့ သယ်ဆောင်ခဲ့သည်။

လေးလံသောပစ္စည်းများဖြစ်သည့်အတွက် ယာဉ်ကြောရှင်းလင်းနိုင်သည်ဟု ယူဆရသော အချိန်ဖြစ်သည့် ည ၉နာရီနောက်ပိုင်းတွင် အဆိုပါလေးလံပစ္စည်းလေးခုအား ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း နေ့စဉ် သယ်ယူပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

၎င်းဓာတ်အားပေးစက်များ သယ်ယူပို့ဆောင်မှုအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့မီးရထား၊ မြန်မာ့ဆက်သွယ်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့၊ ဗိုလ်အောင်ကျော်ဆိပ်ခံတံတား၊ Asia World ထိးတန်းဆိပ်ခံတံတားတို့၏ ပံ့ပိုးကူညီမှုဖြင့် အင်ကြင်းဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ The Freight နှင့် Silamas တို့က တာဝန်ယူပို့ဆောင်ပေးခဲ့သည်။ အဆိုပါ မီးစက်နှစ်စုံ တပ်ဆင်ပြီးပါက ရန်ကုန်မြို့နေပြည်သူများ အသုံးပြုရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(အောင်သူရ)**

ပြည်တွင်းသတင်း

အာဆီယံဥက္ကဋ္ဌနိုင်ငံ၏ အထိမ်းအမှတ် (Logo) ပြိုင်ပွဲ ဖိတ်ခေါ်

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ထိုကဲ့သို့ တာဝန်ထမ်းဆောင်ချိန်တွင် အသုံးပြု ဖော်ပြရန်အတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့်နိုင်ငံ၏ အထိမ်းအမှတ် အမှတ်အသား Logo ပြိုင်ပွဲကို ဖိတ်ခေါ်အပ်ပါသည်-

(က) မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရပါက ဆုငွေကျပ် ၁၀၀၀၀၀၀ိ/-(ကျပ်ဆယ်သိန်းတိတိ) ချီးမြှင့်ပါမည်။

(ခ) Logo တွင် မြန်မာ့ယဉ်ကျေးမှုအမှတ်လက္ခဏာများနှင့် အာဆီယံ (၁၀)နိုင်ငံကို ကိုယ်စားပြု ပေါ်လွင်စေရန်အတွက် ပေါင်းစပ်ရေးဆွဲပေးရမည်။

(ဂ) ပြိုင်ပွဲဝင်များသည် မိမိ၏ကိုယ်တိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးဆွဲထားသော ပုံများဖြစ်ကြောင်း ဝန်ခံချက်ပူးတွဲတင်ပြရမည်။ စိတ်ကူး ဒီဇိုင်းတူညီပါက ဦးစွာပေးပို့သောသူကိုသာ အတည်ပြုမည်။

(ဃ) ပြိုင်ပွဲဝင်တစ်ဦးလျှင် ဒီဇိုင်း (၅)မျိုးအထိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့၏ (Logo) ဒီဇိုင်းများနှင့်ပတ်သက်၍ ရှင်းလင်းချက်များ ပါရှိရမည်။

(င) ရွေးချယ်မခံရသော ဒီဇိုင်းများကို ပြန်လည်တောင်းယူနိုင်သည်။

(စ) ဆုရွေးချယ်ခံရသောဒီဇိုင်းများနှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက အာဆီယံဥက္ကဋ္ဌတာဝန်အတွက် ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ ဆက်ဆံရေးနှင့်ပြန်ကြားရေးဆပ်ကော်မတီ၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။

(ဆ) ရွေးချယ်ခံတံဆိပ်၏ တစ်ဦးတည်းမူပိုင်ခွင့်ကို "ဆက်ဆံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ"က ပိုင်ဆိုင်မည်ဖြစ်ပြီး မူပိုင်ခွင့်အရ တံဆိပ်ကို အမျိုးမျိုးသုံးစွဲပိုင်ခွင့်ရှိစေရမည်။

(ဇ) ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်အပြည့်အစုံနှင့် တကွ ၅ လက်မ × ၅ လက်မအရွယ် အမှတ်တံဆိပ် ဒီဇိုင်းကို A4 စာရွက်ပေါ်၌ ဖော်ပြပေးပို့ရမည်။

(ဈ) ထို့အပြင် ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ (Billboards)အထိ အသုံးပြုနိုင်သော အရည်အသွေးမြင့် အမှတ်တံဆိပ်ဒီဇိုင်း Photoshop ဖိုင်ပါဝင်သော CD တစ်ချပ်ကို ပူးတွဲပေးပို့ရမည်။

(ည) ပြိုင်ပွဲဝင်ဒီဇိုင်းများကို (၃၀-၄-၂၀၁၃)ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်စိုး၊ အတွင်းရေးမှူး(၁)၊ အာဆီယံဥက္ကဋ္ဌ တာဝန်အတွက် ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ ဆက်ဆံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၈၅သို့ ဆက်သွယ်ပေးပို့ရမည်။

အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၂၃ ရက်နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန် အင်းစိန်လမ်းမ လှိုင်မြို့နယ် သံလမ်းမှတ်တိုင်အနီး ဓမ္မသုခကျောင်းလမ်းထိပ်၌ အင်းစိန်ဘက်မှမောင်းနှင်လာသောယာဉ်အမှတ်(ဘ/. . .)ဟိုင်းလပ် ယာဉ်မောင်း . . . မှော်ဘီ ယာဉ်လိုင်းသည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ **(ဝဲပုံ)** ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား တစ်ဦး၊ အမျိုးသမီး ခြောက်ဦး ဒဏ်ရာများရရှိပြီး အဆိုပါလူနာများအား ယာဉ်ထိန်းတပ်ဖွဲ့ အရေးပေါ်ကယ်ဆယ်ရေးတပ်စိတ်မှ ရဲအုပ် မိုးကျော်ကျော်နှင့်အဖွဲ့က အခင်းဖြစ်ပွားရာသို့ရောက်ရှိပြီး အရေးပေါ်လူနာတင်ယာဉ်ဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ နောက်ဆက်တွဲသတင်းအရ အသက် ၃၉ နှစ်ခန့် အမျိုးသားတစ်ဦးမှာဆေးရုံ၌ သေဆုံးသွားကြောင်း သိရှိရသည်။ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။ **ရန်နိုင်ဝင်း(လှိုင်)**

❐ ကျောဖုံးမှ

အနိုင်ရခဲ့ကြောင်း သိရသည်။ ဘိလိယက်နှင့် စနူကာပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၈ ရက်အထိ နေ့စဉ် ကျင်းပသွားမည်ဖြစ်ပြီး နာမည်ကြီးကစားသမားများဖြစ်သည့် အောင်ဌေး၊ နေသွေးဦး၊ အောင်ဆန်းဦး၊ ကျော်ဦး၊ မင်းစည်သူ စသည်တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

● ကျောဖုံးမှ

မကွေးတိုင်းအသင်းကို မထင်မှတ်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲဦးထွက် ရှုံးနိမ့်သွားသည်။ ပေါင်းလောင်းကွင်း၌ ကစားသော ကရင်ပြည်နယ်အသင်းနှင့် နေပြည်တော်တိုင်းအသင်းတို့၏ပွဲစဉ်တွင် နေပြည်တော်တိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ပွဲဦး မျက်နှာပန်းလှသွားသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသော ဘောလုံးပွဲစဉ်များကိုမူ ပေါင်းလောင်းကွင်း၊ ဝဏ္ဏသိဒ္ဓိကွင်းတို့၌ နံနက်ပိုင်းနှစ်ပွဲနှင့် ညနေပိုင်း နှစ်ပွဲစီ ကစားခဲ့ကြသည်။ နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ကစားရာ ကချင်ပြည်နယ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရပြီး ပေါင်းလောင်းကွင်း၌ကစားသော တနင်္သာရီတိုင်းနှင့် ရန်ကုန်တိုင်းတို့ပွဲစဉ်တွင် ရန်ကုန်တိုင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ဒုတိယပွဲစဉ်များကို ညနေ ၃ နာရီခွဲတွင် ကစားခဲ့ရာ ပေါင်းလောင်းကွင်းပွဲစဉ်တွင် ကယားပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဝဏ္ဏသိဒ္ဓိကွင်းပွဲစဉ်တွင် ပဲခူးတိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအသင်းတို့သည် ဘောလုံးအစဉ်အလာရှိသည့်အသင်းများပီပီ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် အကြိတ်အနယ်ရှိခဲ့ရာ ကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ပထမပိုင်းတွင် ပဲခူးတိုင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်မံသွင်းယူကာ လေးဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းအသင်းသည် လူငယ်အများစုဖြင့် ကစားအားကောင်းသော်လည်း အဆုံးသတ်မသေချာသဖြင့် အရှုံးပေးလိုက်ရခြင်းဖြစ်သည်။

ယှဉ်ပြိုင်ကစားကြမည်

အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကစားမည်ဖြစ်ရာ နံနက် ၇ နာရီတွင် ပေါင်းလောင်းကွင်း၌ မကွေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ လယ်ဝေး TC-2 ကွင်း၌ ဧရာဝတီတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်း၊ ညနေ ၃ နာရီခွဲတွင် ပေါင်းလောင်းကွင်း၌ ပဲခူးတိုင်းအသင်းနှင့်တနင်္သာရီတိုင်းအသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်း၊ လယ်ဝေး TC-2 ကွင်း၌ နေပြည်တော်တိုင်းအသင်းနှင့် ကယားပြည်နယ်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လူကုန်ကူးခံရသူများအား လွှဲပြောင်းလက်ခံ

မြဝတီ ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန လက်အောက်ရှိ Shelta များတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ကျား ၁၅ ဦး၊ ကလေး တစ်ဦးနှင့် မ ၁၆ ဦး စုစုပေါင်း ၃၂ ဦး တို့အား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မြဝတီခရိုင် မြဝတီမြို့နယ် ချစ်ကြည်ရေး တံတားပေါ်မှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါပြန်လည် လွှဲပြောင်းပေးသည့် လူကုန်ကူးခံရသူ ၃၂ ဦးတို့အား မွန်ပြည်နယ်နှင့် ဘားအံလူမှုရေးဝန်ထမ်းအဖွဲ့နှင့် UNICEF အဖွဲ့အစည်းများ၊ မြဝတီအမျိုးသမီးရေးရာအဖွဲ့များမှ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ကြပြီး **(အောက်ပုံ)** မော်လမြိုင်အိမ်တွင်းမှု အသက်မွေးလုပ်ငန်း အတတ်သင်ကျောင်းတွင် ယာယီလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ **နဒီမြင့်မိုရ်(မြဝတီ)**

ပြည်တွင်းသတင်း

အအေးခန်းစက်ရုံ လှိုင်သာယာ **Great International Fisheries Ltd. အအေးခန်းစက်ရုံကို တွေ့မြင်ရစဉ်။** (သတင်းစဉ်)

✻ ကျောဖုံးမှ

ပြည်တွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိစေရေး ယှဉ်ပြိုင်မှုစွမ်းအား မြင့်မားတိုးတက်လာစေရန် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှုစွမ်းအားများ တိုးတက်အောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံမှ စက်မှုထွန်းကားသည့်နိုင်ငံအဖြစ် တက်လှမ်းရန် ကြိုးစားဆဲဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းအများစုတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း အများဆုံးဖြစ်ကြောင်း၊ မိမိတို့ထူထောင်ထားရှိပြီးဖြစ်သည့် စက်မှုဇုန် အသီးသီးကို လေ့လာကြည့်လျှင်လည်း အသေးစားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင်ပါဝင်ပြီး လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်ရာ စီးပွားရေးအရှိန်အဟုန်ရပြီးဖြစ် သည့် အခြားအိမ်နီးချင်းနိုင်ငံများထက်စာလျှင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်ကြောင်း။

တစ်ဖက်တွင်လည်း စီးပွားရေးနောက်ကျကျန်နေသည့်အခြေအနေ မှ စီးပွားရေး ဦးမော့တိုးတက်လာအောင် နည်းပညာနှင့် အရင်းအနှီးလိုအပ် သည့်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရခြင်းဖြစ်သော် လည်း ပြည်တွင်း၌ရှိပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှုမရှိအောင် အားပေးမြှင့်တင်ရန် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ရင်းနှီး မြှုပ်နှံမှုများကို လွတ်လပ်စွာ စီးဝင်ပေးရသည့်အခါ ပြည်တွင်းမှ အသေးစား နှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှု မရှိအောင် တားဆီး ကာကွယ်ရန်နှင့် အားပေးမြှင့်တင်ရန်လိုအပ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အထောက်အကူပြု စီးပွားရေးကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန်၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည် ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ငွေကြေးအရင်းအနှီးရရှိရေးအတွက် ဘဏ်များနှင့် ချေးငွေလုပ်ငန်းများ အားပေးမြှင့်တင်ကူညီပံ့ပိုးရန်၊ နည်းပညာနှင့် အရင်းအနှီးရရှိရေးအတွက် ပြည်တွင်း ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ ချိတ်ဆက်ပူးပေါင်းဆောင် ရွက်ရန်၊ ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်အားပေးရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ အသေးစား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများမြှင့်တင်ပြီး အတားအဆီး အခက်အခဲများဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်များ၏လက်ရှိအခြေအနေနှင့် သတင်း အချက်အလက်များကိုသိရှိနိုင်ရန်တွေ့ဆုံ၍ တက်ရောက်လာကြသူများ အနေဖြင့် ပွင့်ပွင့်လင်းလင်းတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ရန်ကုန် တိုင်းဒေသကြီးအတွင်း စက်မှုဇုန် ၂၉ ခုရှိပြီး အဓိကစက်မှုဇုန်မှာ ၂၀ ရှိ ကြောင်း၊ စက်မှုဇုန်များ၏ စက်ရုံအလုပ်ရုံပေါင်းမှာ ၆၀၀၀ ကျော်ရှိပြီး အလုပ်သမား စုစုပေါင်း နှစ်သိန်း ခြောက်သောင်းကျော်ရှိပါကြောင်း၊ စက်မှု ဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်း၍ စက်မှုဇုန်များ ဖွံ့ဖြိုးတိုး တက်ရေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှု ဝန်ကြီး ဦးညဏ်ထွန်းဦးက ရန်ကုန်တိုင်းဒေသကြီးအတွင်း စိစစ်စာရင်း ကောက်ယူပြီးသော စက်မှုဇုန် ၂၀ ၏ အဆင့်အတန်းအလိုက် သတ်မှတ် ထားရှိပုံ၊ စက်မှုဇုန်များ၏ လက်ရှိလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်း က မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဆိုင်ရာများ၊ အသေး စား၊ အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်ရေးလုပ်ဆောင်ရာတွင်

လာမည့်နွေရာသီအတွင်း ပြည်သူလူထု လျှပ်စစ်ဓာတ်အားပိုမိုရရှိရန် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သည် နိုင်ငံတော်အတွင်း နှစ်စဉ် တိုးတက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများချမှတ် ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရေတို စီမံကိန်းအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော ရွာမသဘာဝဓာတ်ငွေ့ စက်ရုံဝင်းအတွင်း တည်ဆောက် နေသည့် ထိုင်းနိုင်ငံအစိုးရမှ လွှဲ ပြောင်းလှူဒါန်းသော ၁၂၀ မဂ္ဂါဝပ် ဓာတ်ငွေ့တာဘိုင်စက်နှစ်လုံးအနက် တာဘိုင်စက်တစ်လုံးသည် ဖေဖော် ဝါရီ ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ၎င်းဓာတ်ငွေ့ တာဘိုင်စက်နှင့် ဆက်စပ်ပစ္စည်းများ အား ရွာမသဘာဝဓာတ်ငွေ့သုံး စက်ရုံဝင်းအတွင်း စီမံကိန်းနေရာ သို့ အမြန်ဆုံးသယ်ယူပို့ဆောင်ကာ စက်တပ်ဆင် တည်ဆောက်ရေး လုပ်ငန်းများကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ထိုင်းနိုင်ငံ STFE (Sri U Thoung Fortum Engineering) ကုမ္ပဏီတို့မှပူးပေါင်း၍ နေ့/ည တပ်ဆင်တည်ဆောက်လျက်ရှိသည်။

ထိုသို့ ရွာမစက်ရုံဝင်းအတွင်း ဓာတ်ငွေ့တာဘိုင်စက် တပ်ဆင် တည်ဆောက်နေမှု လုပ်ငန်းများ ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သည် ယနေ့နံနက်ပိုင်းတွင် သွား ရောက် စစ်ဆေးသည်။

အဆိုပါရွာမစက်ရုံဝင်းအတွင်း တပ်ဆင်နေသော ဓာတ်ငွေ့တာဘိုင် စက်သည် ထိုင်းနိုင်ငံမှ ပထမ အသုတ်အဖြစ် ရောက်ရှိလာသော စက်ဖြစ်ပြီး ဒုတိယအသုတ်အနေ ဖြင့် တာဘိုင်စက်တစ်လုံးသည် ၂၀၁၃ ခုနှစ် မတ်လအတွင်း ထပ်မံ ရောက်ရှိမည်ဖြစ်ကာ စုစုပေါင်း စက်တပ်ဆင်အင်အား လျှပ်စစ် ဓာတ်အား ၂၄၀ မဂ္ဂါဝပ် ထွက်ရှိ မည်ဖြစ်၍ လာမည့်နွေရာသီတွင် ပြည်သူလူထု လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲနှင့် အာဆီယံထိပ်သီး ညီလာခံ အစည်းအဝေး ကျင်းပနိုင်ရေး အတွက် လျှပ်စစ်ဓာတ်အား လိုအပ် ချက်များအား ဖြည့်ဆည်းဆောင် ရွက်ပေးနိုင်မည့် ရေတိုစီမံကိန်း တစ်ရပ်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် အလုံဓာတ်အားပေးစက်ရုံ၌ Toyo-Thai ကုမ္ပဏီမှ အသစ် တည်ဆောက်လျက်ရှိသော ၁၂၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ စီမံ ကိန်းတွင် စက်ပစ္စည်းများ ရောက်ရှိ နေမှု၊ အမှတ်(၁)ဓာတ်ငွေ့တာဘိုင် စက်(LM-6000 PC) တည်ဆောက် တပ်ဆင်နေမှု၊ ၂၃၀ ကေဗွီ အလုံ ပင်မဓာတ်အားခွဲရုံနှင့် ချိတ်ဆက် သွယ်တန်းရန် Switch Yard အသစ်တည်ဆောက်နေမှု၊ အမှတ် (၂) ဓာတ်ငွေ့တာဘိုင်စက် တပ်ဆင် ရန် Concrete Foundation ဆောင် ရွက်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

အလုံဓာတ်အားပေးစက်ရုံ အတွင်း အသစ်တည်ဆောက် လျက်ရှိသော ဓာတ်အားပေး စက်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

အလုံဓာတ်အားပေး စက်ရုံ အတွင်း အသစ် တည်ဆောက်လျက် ရှိသော ဓာတ်အားပေးစက်များ အနက် အမှတ်(၁) စက်သည် မတ် ၃၁ ရက်တွင် လျှပ်စစ်ဓာတ်အား ၄၁ ဒသမ ၅ မဂ္ဂါဝပ် စတင်ထုတ်လုပ် ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ပြီး အမှတ် (၂)စက်သည် ဧပြီ ၃၀ ရက်တွင် လျှပ်စစ်ဓာတ်အား ၄၁ ဒသမ ၅ မဂ္ဂါဝပ် ထပ်မံထုတ်လုပ် ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ကာ စီမံကိန်းလုပ်ငန်း တစ်ခုလုံးသည် ၂၀၁၄ ခုနှစ် စက်တင် ဘာလတွင်ပြီးစီး၍ လျှပ်စစ် ဓာတ်အား ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ် ဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ရွာမတွင် ၂၄၀ မဂ္ဂါဝပ်နှင့် အလုံတွင် ၁၂၀ မဂ္ဂါဝပ် စက်ရုံများ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက် နေသကဲ့သို့ ရွာမ၊ လှော်ကား၊ သာကေတသဘာဝဓာတ်ငွေ့စက်ရုံ များတွင်လည်း လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ်စီ ထွက်ရှိသောစီမံကိန်း များအား လာမည့်နွေရာသီအမီ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပို့လွှတ်ဓာတ်အား ဖြန့်ဖြူးပေးနိုင် ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မတ်လအတွင်းကျင်းပမည့် တက္က သိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှ စတင်ကာ စာမေးပွဲပြီးဆုံးချိန်ထိ နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၅ နာရီအချိန်အထိ လျှပ်စစ်ဓာတ် အားပြတ်တောက်မှု မရှိအောင် ဖြန့်ဖြူးပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိ သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့)
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၀၅ SEA Games (Gold for Gold) (ဘတ်စကက်ဘော)

နေ့လယ်ပိုင်း

၁၁း၀၀ စစ်သည်တေး
၁၁း၂၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း **တစ်မိပေါက်တစ်ယောက်ထွန်း** မင်းမော်ကွန်း၊ ရဲအောင်၊ ဝိုင်းစု ခိုင်သိန်း၊ မေသန္တာဦး (ဒါရိုက်တာ-ကျော်ဇောလင်း) (အတွေးပုံရိပ်)

ညပိုင်း

၄း၃၅ ၂၀၁၃ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ် ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၄း၅၅ Road to 27 th SEA Games (ပန်ကြပ်ဆီလတ်)
၆း၀၀ ညနေခင်းသတင်း
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ် နေ့ရက်များ** (ဒုတိယတွဲ) (အပိုင်း-၂၅)
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ဖြူစင်သောချစ်ခြင်း** (ဇာတ်သိမ်း)

၁၀း၀၀ ပြည်တွင်းသတင်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြုံတွေ့နေရသောအခက်အခဲများနှင့် ဖြေရှင်းရန် အကြံပြုချက်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဌာန ညွှန်ကြားရေးမှူးဦးမျိုးသော်က အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် မြောင်းတကာသံနှင့် သံမဏိလုပ်ငန်းစက်မှုဇုန်တို့မှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများက စက်မှုဇုန်များအလိုက် လုပ်ငန်းအမျိုးအစားများနှင့် စက်ရုံတည်ဆောက်လည်ပတ်မှုအခြေအနေ လက်ရှိကြုံတွေ့နေရသောအခက်အခဲများ၊ လျှပ်စစ်မီးလိုအပ်မှုအခြေအနေ၊ စည်ပင်ရေရရှိရေး၊ အခွန်နှင့် ချေးငွေကိစ္စများ၊ စက်မှုဇုန်မြေနေရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးအောင်၊ ဦးအောင်သန်းဦး၊ ဒေါက်တာမောင်မောင်သိမ်းနှင့် ဦးစိုးတင့်တို့က တင်ပြချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက စက်မှုလုပ်ငန်းရှင်များလိုအပ်သည့် လျှပ်စစ်ကိစ္စ၊ အခွန်ကိစ္စအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမဆိုအခက်အခဲအနည်းနှင့်အများရှိမည်ဖြစ်သော်လည်း ထိုအခက်အခဲကိုအခွင့်အလမ်းအဖြစ်ပြောင်းလဲ၍ အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန်အရေးကြီးကြောင်း၊ လူတိုင်းဥပဒေကိုလေးစားလိုက်နာပြီး တရားဥပဒေစိုးမိုးရေးအလေးထားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရစက်မှုလက်မှုအသင်းအဖွဲ့များ၊ စက်မှုလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ပါက ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ စက်မှုဇုန်အပိုင်း (၃)မင်းကြီးမဟာမင်းခေါင်လမ်းရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံခန်းမ၌ စက်ရုံမန်နေဂျင်း ဒါရိုက်တာဒေါက်တာခင်မောင်လွင်က စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းလေ့လာကြသည်။

လိုက်လံကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်မှုဇုန်အပိုင်း (၄) မြဝတီမင်းကြီးလမ်းနှင့် ကင်းဝန်မင်းကြီးလမ်းထောင့်ရှိ GREAT International Fisheries Ltd သို့ ရောက်ရှိပြီး စက်ရုံအတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲဖျော်ဖြေမည့် အာဆီယံအနုပညာရှင်များ တည်းခိုနေရာချထားရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ အနုပညာရှင်များ လာရောက်ဖျော်ဖြေရာ၌ တည်းခိုနေရာချထားရေး ဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အာဆီယံနိုင်ငံတစ်နိုင်ငံလျှင် အနုပညာရှင် ၃၅ ဦးစီဖြင့် ပါဝင်ဖျော်ဖြေတင်ဆက်နိုင်ရေး ဖိတ်ကြားထားရှိပြီးဖြစ်၍ နေပြည်တော်သို့ ရောက်ရှိလာပါက နေရာချထားရေးနှင့်ပတ်သက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နေပြည်တော်ဟိုတယ်ဇုန်တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများနေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူအချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့်ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် မချမ်းဘောမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ရှန်ရှန်း" (SHANSHAN)သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၄၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မင်းလှမြို့နယ်ရှိ အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်) စက်မှုလယ်ယာသုံးပစ္စည်းများထုတ်လုပ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မလွန်မြို့ရှိ အမှတ်(၁၇) အကြီးစားစက်ရုံ (မလွန်)သို့ သွားရောက်၍ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး စက်ရုံအတွင်းရှိ ဆန်စက်ငယ် ထုတ်လုပ်မှုအလုပ်ရုံ၊ ဆန်စက်များဖြင့် ဆန်ကြိတ်ခွဲစမ်းသပ်နေမှု၊ ဂီယာထုတ်လုပ်ရေးအလုပ်ရုံ၌ လယ်ထွန်စက်၊ လမ်းကြိတ်စက်၊ စပါးခြွေလှေ့စက်များအတွက် ဂီယာများ ထုတ်လုပ်နေမှု၊ သံထည်ပုံလောင်းအလုပ်ရုံ၌ လယ်ထွန်စက်၊ လမ်းကြိတ်စက်၊ နောက်တွဲယာဉ်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များအတွက် သံထည်များ သွန်းလောင်းထုတ်လုပ်နေမှု၊ Machine Shop အလုပ်ရုံ၌ လယ်ထွန်စက်၊ လမ်းကြိတ်စက်၊ နောက်တွဲယာဉ်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များအတွက် Machine Component များထုတ်လုပ်နေမှု၊ Forging & Heat-Treatment Shop၌ လယ်ထွန်စက်၊ လမ်းကြိတ်စက်၊ နောက်တွဲယာဉ်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များအတွက် Forging Parts နှင့် Press Parts အမျိုးမျိုးထုတ်လုပ်နေမှု၊ လယ်ထွန်စက် တပ်ဆင်ရေးအလုပ်ရုံ၊ လမ်းကြိတ်စက်နှင့် နောက်တွဲယာဉ်အလုပ်ရုံတို့၌ စက်ပစ္စည်းများ ထုတ်လုပ်တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) သည် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းအကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် (90 Hp, 80Hp, 50Hp) လယ်ထွန်စက်များ၊ 4 Ton နှင့် 2 Ton နောက်တွဲယာဉ်များ၊ စပါးခြွေလှေ့စက်များ၊ တစ်နေ့လျှင် ၃တန်မှ ၅ တန်ကျ ဆန်စက်ငယ်များအပြင် ၂၅ တန်နှင့် ၁၀ တန်လမ်းကြိတ်စက်များ ထုတ်လုပ်ပေးနေသည့် စက်ရုံတစ်ရုံဖြစ်ပြီး သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် အထောက်အကူပြုနိုင်မည့် ဆိုင်ကယ်နောက်တွဲယာဉ်များကိုပါ ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဦးသန်းဇော် (S.Y Group) သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ကျော်ဦး (မီးရထား)၊ ဦးစိုးလင်းဌေး (ဘုရင့်နောင်)နှင့် ဦးညီညီ (ဘုရင့်နောင်)တို့နှင့်အတူ ယနေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဂေါက်ကွင်း (ငွေသော်တာ) ၌ ဂေါက်သီးရိုက်ကစားစဉ် ၁၃၈ ကိုက်အကွာရှိ ကျင်းအမှတ် (၁၆)သို့ Pro; V1 No.2 ဘောလုံးကို Titleist Iron No.9 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(ဝေဖြိုး)**

Zaykabar Myanmar Open 2013

နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပသော Zaykabar Myanmar Open 2013 Presented by Alpine နိုင်ငံတကာ ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၇ နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် Royal Mingalardon Golf & Country Club ၌ စတင်ကျင်းပသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Chawalit PLAPHOL (ထိုင်း) က သုံးရက်ပေါင်း (၁၅)ချက် လျှော့ရိုက်ပြီး (၂၀၁) ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

Kiradech APHIBARNRAT (ထိုင်း)က သုံးရက်ပေါင်း (၁၄) ချက် လျှော့ရိုက်ပြီး (၂၀၂) ချက်ဖြင့် ဒုတိယလိုက်ပြီး Angelo QUE (ဖိလစ်ပိုင်)နှင့် Chapchai NIRAT (ထိုင်း)တို့က သုံးရက်ပေါင်း (၁၃) ချက်စီလျှော့ရိုက်ကြပြီး (၂၀၃) ချက်စီဖြင့် တတိယလိုက်ကြသည်။

မြန်မာနိုင်ငံမှ သိန်းဇော်မြင့်နှင့် စိုးကျော်နိုင်တို့က သုံးရက်ပေါင်း ငါးချက်စီလျှော့ရိုက်ကြပြီး (၂၁၁)ချက်စီဖြင့် အဆင့် (၄၉) ရရှိထားကြသည်။

၂၀၁၂ ခုနှစ် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရခဲ့သော Kieran PRATT (Australia) (Defending Champion) သည် ဒုတိယနေ့ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အချိန်မီ မရောက်လာ၍ ပြိုင်ပွဲမှ ထုတ်ပယ်ခံရသည်။

ပြိုင်ပွဲစတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကချင်ပြည်နယ် ပူတာအိုဒေသလမ်း / တံတားများတည်ဆောက်ပြုပြင်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူနော်သည် သက်ဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက ပူတာအိုသို့ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်ထားရှိသော မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း မိုင်တိုင်အမှတ်(၂၁၁/၂)ရှိ မူလာရှီးဒီးကြိုးတံတားကြွံခိုင်မှုနှင့် အရှည် ပေ ၅၇၀ ရှိ မူလာရှီးဒီး သံကူကွန်ကရစ်တံတားတည်ဆောက်မှု၊ မိုင်တိုင်အမှတ် (၂၀၉/၅) တွင် ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ မိုင်တိုင်အမှတ်(၂၀၅/၄)နှင့် (၂၀၅/ ၅) ကြားရှိ နမ့်ခမ်းခတံတား ကြွံခိုင်မှု၊ လုံဂါကောင်ကျေးရွာအနီးရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၂၀၃/၅) ဖတ်မာကျေးရွာအနီး ကတ္တရာလမ်းသစ်ခင်းနေမှု၊ မိုင်တိုင်အမှတ် (၂၀၃) ဖတ်မာဘေလီတံတားပြုပြင်ပြီးစီးမှုတို့ကို စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် ညနေ ၄ နာရီခွဲတွင် ပူတာအို ဆက်သွယ်ရေးကြေးနန်းရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတံတား အမှတ်(၁/၂၀၈)အရှည် ၁၉၅ ပေရှိ နမ့်ထွမ်ချောင်းတံတားတည်ဆောက်မှု၊ ပူတာအို-ကောင်းမူလုံကြိုးတံတားကြွံခိုင်မှု၊ မချမ်းဘော-နမ်းခမ်း - နမ်းထီ - နောင်မွန်လမ်း (ကောင်းမူလုံ-နမ်းထီ) လမ်းအပိုင်းရှိ လမ်းနှင့်တံတားများ ဆောက်လုပ်နေမှု၊ ပူတာအို-နောင်ခိုင်-မချမ်းဘောလမ်း မိုင်တိုင်အမှတ် ၁၃/၅ တွင် ကတ္တရာထပ်ပိုးလွှာခင်းနေမှု၊ မလိခမြစ်ကူးတံတား ကြွံခိုင်မှုနှင့် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၅)မှ တံတားအသစ်တည်ဆောက်မည့်နေရာနှင့် မချမ်းဘောမြို့တွင်းလမ်း ကတ္တရာခင်းနေမှု၊ မချမ်းဘော-နမ်းခမ်းလမ်းရှိ တံတားအမှတ် ၁/၂ အင်ဘူးခတံတားကြွံခိုင်မှု၊ မချမ်းဘော-ဖရုခ-နောင်မွန်လမ်းပိုင်း၊ မိုင်တိုင်အမှတ်(၁)မှ ၄/၄ မိုင်အတွင်း ပေ ၃၀ အကျယ် လမ်းတိုးချဲ့ဖောက်လုပ်နေမှု၊ မချမ်းဘောမြို့ရှိ ဂူဘားရိပ်သာပြင်ဆင်နေမှုနှင့် ပူတာအို-ဖုန်ကန်ရာဇီလမ်း အရှည်ပေ ၁၆၀ ရှိ နမ်းခမ်းထီတစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညနေ ၃ နာရီတွင် ပူတာအိုဆောက်လုပ်ရေးရိပ်သာ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လမ်းတံတားများနှင့် ဆက်သွယ်ရေးလုပ်ငန်းများကောင်းမွန်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ညွန့်ရွှေ)

မီးဘေးကာကွယ်ရေးကွင်းဆင်းစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်အရ မန္တလေးမြို့ မဟာအောင်မြေ မြို့နယ်အတွင်းရှိ မီးသတ်ရေငုပ်၊ မီးသတ်ရေလှောင်ကန်များ၊ သဘာဝရေကန်များ လိုက်လံစစ်ဆေး ဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းကို အမှတ်(၁) တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က ကြီးကြပ်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်တိုး၊ ခရိုင်မီးသတ်ဦးစီးမှူး ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ခရိုင်အရန်မီးသတ် ကြီးကြပ်မှုကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မီးသတ်ရေငုပ်များ ကြွံခိုင်မှု အခြေအနေ၊ ရေထွက်မှုအခြေအနေ၊ မီးသတ်ရေလှောင်ကန်များ ရေရရှိမှုအခြေအနေတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(ကျော်သီဟ)

ကျေးရွာချင်းဆက်တံတား ဆောက်လုပ်

ရွှေကူ ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအုပ်စု မိုးစစ်ကျေးရွာနှင့် ပေါက်ကုန်းကျေးရွာချင်းဆက် တံတားဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားသည် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၃၂၀ အကုန်အကျခံကာ တည်ဆောက်ထားသည့် တံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ပေ ၃၀ ဖြစ်ကာ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

တံတားပြီးစီးပါက ဆင်တပ်ကျေးရွာအုပ်စု၊ ရေလဲကျေးရွာအုပ်စု၊ မိုးစစ်ကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ သဘော်အင်းကျေးရွာ၊ မြို့ကုန်းကျေးရွာအုပ်စုနှင့် စီသော်ကျေးရွာအုပ်စုများသို့လည်း ရာသီမရွေး၊ အချိန်အခါမရွေး အလွယ်တကူ သွားလာနိုင်မည် ဖြစ်သည်။

(ကျော်သူဆန်း)

တွဲဖက်မူလတန်းကျောင်းဆောင်သစ်ဖွင့်

အရာတော် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် အောင်ဆန်းသာကျေးရွာ အလှူရှင် ပြည်သူများ၏ ကူညီလှူဒါန်းငွေကျပ် ၉၆ သိန်းဖြင့် တည်ဆောက်ခဲ့သော တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်းနှင့် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်မှန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကသာမြို့တွင် ဘိန်းဖြူသိမ်းဆည်းရမိ

ကသာ ဖေဖော်ဝါရီ ၂၃

ကသာရဲစခန်းမှူး ရဲအုပ်စောစိုးမိုး၊ ဒုရဲအုပ်ဌေးဝင်း၊ ဒုရဲအုပ်အောင်ကိုမင်း၊ ဒုရဲအုပ်မျိုးသန့်နှင့်ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ကသာမြို့ အမှတ်(၇)ရပ်ကွက်နေ ညွှန့်ဝေ ၃၅ နှစ်၏နေအိမ်သို့ ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ ပလတ်စတစ်ဘူးအဝါဖြင့် ထည့်လျက်ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် သုံးဂရမ်ခန့်၊ အပ်တပ်လျက် ဆေးထိုးအပ်နှစ်ချောင်း၊ အသုံးမပြုရသေးသည့် ဆေးထိုးအပ်သုံးချောင်း၊ ငွေစက္ကူမျိုးစုံ ၁၁၉၉၀၀၊ ဆိုင်ကယ်တစ်စီး၊ GSM ခေါက်ဖုန်းတစ်လုံးတို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ရဲအုပ်စောစိုးမိုးက တရားလိုပြုလုပ်၍ ကသာရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ ညွှန့်ဝေ ၃၅ နှစ်ကို ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ **စမ်းဦး(ကသာ)**

သံတောင်ကြီးမြို့၌ ရွှေဒင်္ဂါးမီးလွှတ် ကြက်ထီးများပေးအပ်

သံတောင်ကြီး ဖေဖော်ဝါရီ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဒေသကြက်များ မျိုးမြှင့်တင်ရေး အစီအစဉ်အရ ကရင်ပြည်နယ် ဝန်ကြီးချုပ်၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်သော (RIR)ရွှေဒင်္ဂါး မီးလွှတ်ကြက်ထီးများကို သံတောင်ကြီးမြို့နယ်အတွင်း ပထမအကြိမ် ဝေငှပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဘုန်းကျော်က ဒေသကြက်မျိုးမြှင့်တင်ရေး အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မျိုးကြက်ထီး ကောင်ရေ ၆၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောဂလိမြို့နယ်ခွဲနှင့် လိပ်သိုမြို့နယ်ခွဲမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(ကိုမျိုး)**

မီးဘေးအန္တရာယ်ကာကွယ်ရေး ရွှေကူ၌သရုပ်ပြ

ရွှေကူ ဖေဖော်ဝါရီ ၂၃

ရွှေကူမြို့ အမှတ်(၂)ဈေးကြီးတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ကဦးစီးကျင်းပသော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်တိုး၊ သန္တေတပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ တက်ရောက်အားပေးကြကြောင်း သိရှိရသည်။

(ကျော်သူဆန်း)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပခုက္ကူမြို့နှင့် ပခုက္ကူဒေသတစ်ခွင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းစေမည့် ရွှေချောင်းတံတားအမှတ်(၂) တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီး

ပခုက္ကူ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ် အနောက်ဘက်ကမ်းကို စည်ကားဖွံ့ဖြိုးတိုးတက်စေမည့် ရွှေချောင်းတံတားအမှတ်(၂)သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်၌ ၇၀ ရာခိုင်နှုန်း ပြီးစီးအောင်မြင်နေပြီဖြစ်ကြောင်း သိရသည်။ ပခုက္ကူမြို့တွင် ရွှေချောင်းတံတား အမှတ်(၁) သည် ယာဉ်အသွားအလာ များပြားမှု၊ မြို့လယ်ကောင်ပင်မလမ်းသဖွယ် ဖြစ်နေမှုတို့ကြောင့် ပြည်နယ်တောင်တန်းနယ်အဝန်းမှ ကုန်စည်ကားကြီးများ အချိန်နှင့်တစ်ပြေးညီ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်က ကျောက်မိကျောင်းတောရ မြောက်ဘက်၊ အောင်ချမ်းသာရေဘေးရပ်ကွက်တောင်ဘက်၊ ပခုက္ကူ-ကျွန်းချောင်း - ဆိပ်ဖြူမီးရထားလမ်း တံတားအနီး-ရွှေချောင်း တံတားအမှတ်(၂) ကို ၁၁-၁၁-၂၀၁၂ ရက်နေ့က စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

"ရွှေချောင်းတံတားအမှတ်(၂) ကို ကျွန်တော်တို့ အထူးစီမံကိန်းကြီး အဖွဲ့(၃)က နေ့ဆိုင်းညဆိုင်းတွေနဲ့ သတ်မှတ်ရက်အတွင်း ပြီးစီးအောင်၊ ခိုင်ခံ့အောင် တည်ဆောက်နေပါတယ်။ ရွှေချောင်းတံတားအမှတ်(၂)ပေါ် ဖြတ်သန်းမယ့် မြို့ရှောင်လမ်းမကိုလည်း အထူးစီမံကိန်းကြီးအဖွဲ့(၁)က ဖောက်

လုပ် လျက်ရှိပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြို့ရှောင်လမ်းမသည် ပခုက္ကူမြို့သစ်မှ ပခုက္ကူ မြောက်ဖျား မြင်ချိုင်းရွာ- ပခုက္ကူ တက္ကသိုလ် - ဦးကြည်တောင်တော် အနီးမှ ဧရာဝတီတံတား ပခုက္ကူဆီသို့ တိုက်ရိုက်ဖောက်လုပ်ထားကြောင်း သိရသည်။ ရွှေချောင်းတံတားအမှတ်(၂)ကို အထူးစီမံကိန်းကြီး အဖွဲ့(၃) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးလျက်ရှိပြီး တံတား အရှည်ပေ ၅၄၀ ရှိသည်။ တိုင် ခုနစ် တိုင်ရှိပြီးတစ်တိုင်နှင့်တစ်တိုင်ပေ ၉၀ ကွာသည်။ လူသွားလမ်းအကျယ်တစ်ဖက်သုံးပေ ခြောက်လက်မရှိကာ ယာဉ်သွား လမ်းအကျယ် ၂၄ ပေရှိကြောင်း သိရသည်။ ခံနိုင်ဝန်အားမှာ ၇၅ တန်ဖြစ်သည်။

သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်သည် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ်ဖြစ်သည်။ တံတားတိုင်အမြင့် မြေပေါ် ၁၀ ပေ၊ မြေအောက် ၂၇ မီတာရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးကလည်း ရှင်းလင်းပြောကြားသည်။

ပခုက္ကူမြို့နှင့် ပခုက္ကူ ဒေသသည် ချင်းတွင်းမြစ်ဖြတ် ဆင်ဖြူရှင်တံတား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အနောက်ဘက်ကမ်းဒေသကို ပေါင်းကူးပေးသည့် ဧရာဝတီမြစ်ဖြတ်ပခုက္ကူ - ဧရာဝတီတံတား - ပခုက္ကူမြို့ကို စည်ကားလှပစေသည့် ရွှေချောင်းတံတားအမှတ်(၁)၊ မြန်ပြည်အနှံ့ ကုန်စည်စီးဆင်းမှုလျင်မြန်စေမည့်ရွှေချောင်းတံတားအမှတ်(၂) များကြောင့် ပခုက္ကူဒေသသာမက ချင်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)၊ယောနယ်၊ ကဘော်နယ် သာမက မြန်မာပြည်အရပ်ရပ် သွားလာဆက်သွယ်မှု အားကောင်းကာ မြို့၏ တိုးတက်မှုနှင့်အပြိုင် မြို့နေလူနေမှုဘဝများလည်း မြင့်မားလာနေကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

စစ်ကိုင်းသစ်ဆိပ်တွင် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း ဖောင်ဖွဲ့ရေးရုံးတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြပွဲနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ် လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်သန်း၊ မန္တလေးတိုင်းဖောင်ဖွဲ့ရေး ဒေသတာဝန်ခံ ဦးအေးချိုသောင်းနှင့် နယ်မြေ တာဝန်ခံ ဦးသန်းထွန်းဝင်းတို့က အမှာစကားပြောကြားကြပြီး ခရိုင်မီးသတ် ဦးစီးဌာနမှူး ဦးစောလွင်မြင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားကာ မီးငြိမ်းသတ်နည်းကို ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက လက်တွေ့ပြသပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

အောင်သာကုန်းကျေးရွာ၌ စာကြည့်တိုက် ပန္နက်တင်

မိုးမောက် ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အောင်သာကုန်းကျေးရွာ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်မည့် သုတစွယ်စုံစာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြေစာရင်းဦးစီးမှူး ဦးခင်မောင်ဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လွန်းနန်းထွေးတို့က ပန္နက်တိုင်များ စိုက်ထူပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

(လွန်းလွန်း)

တရားသူကြီးများ၊ တရားရေး အရာရှိများ ကျမ်းသစ္စာဆို

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ ကျမ်းသစ္စာဆိုပွဲတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြား၍ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့မှ တရားသူကြီး၊ တရားရေးအရာရှိများက မန္တလေးတိုင်း ဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၏ ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။

(မန်း-ကိုယ်ပွား)

ပြည်တွင်းအားကစားကဏ္ဍ

နိုင်ငံ့ဂုဏ်သိက္ခာကို ရွှေရောင်နဲ့ မွမ်းမယ့် ကရာတေးဒို

သတင်း - စိုးဝင်း၊ ဓာတ်ပုံ - အောင်အောင်

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးသည် တစ်နေ့ထက်တစ်နေ့ နီးကပ်သထက်နီးကပ်လာသည်မှာ ရက်ပေါင်း ၃၀၀ မျှပင်မလိုတော့။ အိမ်ရှင်အနေဖြင့် ပြိုင်ပွဲဝင်မိတ်ဆွေနိုင်ငံများအကြား အစစအရာရာ မျက်နှာပန်းလှစေရေး၊ ဧည့်ဝတ်တာဝန် ကျေပွန်စေရေးအတွက် နိုင်ငံတော်အဆင့်ရှိ တာဝန်ရှိသူလူကြီးများက လိုကွက်ဟာကွက်မရှိအောင် အထူးကြပ်မတ်ပြင်ဆင် လျက်ရှိသကဲ့သို့ အိမ်ရှင်အသင်းအောင်နိုင်ရေးအတွက်လည်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့အသီးသီးကလည်း အထူးကြိုးစားလေ့ကျင့်လျက်ရှိကြသည်ကို တွေ့နေရသည်။

အားကစားအဖွဲ့များ မည်သို့ပြင်ဆင်လေ့ကျင့်နေကြသည်ကို သိရှိမှသာ ပြည်သူလူထုကြီးလည်း တစ်ခဲနက်အားပေးရန် ပြင်ဆင်နိုင်ကြမည်ဖြစ်သည်။ ပြည်သူတို့၏ လက်ခုပ်သံသည် မြန်မာအားကစားသမားများအတွက် နတ်ဆေးသဖွယ် တန်ခိုးကြွယ်စေမည်လည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့သည် မြန်မာအားကစားအဖွဲ့များ၏ လေ့ကျင့်ရေးကွင်းများဆီအထိ သွားပြီး သတင်းများရယူကာ တင်ပြလျက်ရှိသည်။

ယခုလို ကရာတေးဒိုအားကစားအဖွဲ့အကြောင်း တင်ပြပါသည်။ ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာကရာတေးဒိုအဖွဲ့အနေဖြင့် ရွှေတံဆိပ်ရယူပေးနိုင်ခြင်းမရှိသေးပေ။ ယခုပြိုင်ပွဲတွင် ထိုအားနည်းချက်ကို ချေဖျက်ပစ်ရန် သူတို့တစ်တွေ အားခဲပြင်ဆင်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိရသည်။ အနည်းဆုံးရွှေလေးခုရရန် မျှော်မှန်းထားသော်လည်း ရွှေတံဆိပ် ၁၇ ဆု (ကျား-၉၊မ-၈) ပေးမည့် ဤကစားနည်းအတွက် ရလျှင်ရသလောက်ယူဖို့ကြိုးစားမှာပါဟု တညီတညွတ်တည်း ပြောသံကိုကြားရသည်မှာ အားရစရာပင်။ ထို့ကြောင့် ပြည်သူများလေ့လာသိရှိနိုင်ရန် ကရာတေးဒိုအဖွဲ့မှ အဖွဲ့ခေါင်းဆောင်လည်းဖြစ်၊ တာဝန်ခံလည်းဖြစ်သည့် ဦးထိန်ဝင်းမြင့်အား သိလိုသည်များ မေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ပါသည်။

ကိုယ့်မြေ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် မျက်နှာပန်းလှရေးအတွက် အချိန်ပြည့်လေ့ကျင့်လျက်။

မေး ။ ။ အခုအိမ်ရှင်လုပ်မယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ကရာတေးဒိုအဖွဲ့ရဲ့ ရည်မှန်းချက်ကိုသိပါရစေ။

ဖြေ ။ ။ ရည်မှန်းချက်ကတော့ အမြင့်ကြီးပေါ့ဗျာ။ ကိုယ့်နိုင်ငံ ကိုယ့်ပရိသတ်ရှေ့မှာ အောင်ပွဲခံနိုင်ရမယ်။ ကျွန်တော်တို့ကို အားပေးနေတဲ့ ပရိသတ်တွေ၊ ပြည်သူတွေ ဝမ်းသာစေနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကတော့ ကျွန်တော်တို့အဖွဲ့ရဲ့ ရင်ထဲမှာ နေ့နေ့ညညမပြတ်ရှိနေပါတယ်။ ဘာလို့လဲဆိုတော့ ဆီးဂိမ်းပြိုင်ပွဲတွေမှာ ကျွန်တော်တို့ကစားနည်းကနေ ရွှေတံဆိပ်မယူပေးနိုင်သေးဘူး။ ဒီကွက်လပ်ကြီးကိုဖြည့်ဖို့၊ ဒီအားနည်းချက်ကို ချေဖျက်ဖို့အတွက် အခုပြိုင်ပွဲက အကောင်းဆုံးအခွင့်အရေးကြီးလေ။

မေး ။ ။ လေ့ကျင့်ပြင်ဆင်နေပုံတွေကိုလည်း ပြောပြပေးပါဦး။

ဖြေ ။ ။ အမျိုးသား ၂၂ယောက်၊ အမျိုးသမီး ၁၁ ယောက် စုစုပေါင်း ၃၃ ယောက်ကို ကုမိကဲ့အတွက် လေ့ကျင့်နေပြီး ခတအတွက်တော့ ကိုးဦးနဲ့ လေ့ကျင့်နေပါတယ်။ နံနက် ၁၀ နာရီကနေ ၁၂ နာရီခွဲအထိတစ်ကြိမ်၊ ညနေ ၄ နာရီကနေ ၆ နာရီခွဲအထိ တစ်ကြိမ် တစ်နေ့နှစ်ကြိမ် လေ့ကျင့်ပေးနေပါတယ်။

ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာကရာတေးဒိုအဖွဲ့ ရွှေတံဆိပ်ရရှိရေးအတွက် ဤသို့ လေ့ကျင့်လျက်ရှိသည်။

မေး ။ ။ အရင်ပြိုင်ပွဲတွေ ဝင်ဖူးတဲ့ ကစားသမားဟောင်းတွေရော ပြန်ပါလား။

ဖြေ ။ ။ ပါပါတယ်။ အောင်ပြည့်၊ တင်ထွန်းအောင်၊ အေးချမ်းနိုင်၊ နေမျိုးဝင်း၊စံတိုး၊ ဝင်းသူဇာမင်း၊ နွေးနွေးဇော်ဝင်းနဲ့ ဝင်းကိုကိုဦးတို့ပြန်ပါတယ်။ ခတအဖွဲ့မှာတော့ သက်ထွဋ်ဦး၊ ကျော်ကျော်ထွန်း၊ မင်းဟိန်းခန့်၊ အောင်ခန့်၊ ယင်းဝှါထောင်းလွယ်၊ ရီနွယ်ထွန်း၊ သဇင်အေး၊ ပိုးမြာ၊ ဆွေဆွေအောင်တို့ပါပါတယ်။ သူတို့ကိုတော့ မြန်မာနိုင်ငံကရာတေးဒို အတွင်းရေးမှူး ဦးစိုးဝင်းက လေ့ကျင့်ပေးနေပါတယ်။

မေး ။ ။ ဒီကစားနည်းမှာထည့်သွင်းမယ့် အတန်းစုကိုရော ဝင်မှာလား။

ဖြေ ။ ။ ဝင်ပြိုင်မှာပါ။ အမျိုးသားအတွက် ကိုးမျိုး၊ အမျိုးသမီးအတွက် ရှစ်မျိုးရှိတယ်။ ပြိုင်ပွဲအားလုံးကို ဝင်ပြိုင်ဖို့ ပြင်ဆင်ထားပါတယ်။

မေး ။ ။ အဓိက ပြိုင်ဘက်ဖြစ်လာနိုင်တဲ့အသင်းတွေကရော။

ဖြေ ။ ။ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်တို့နဲ့ အဓိကပြိုင်ရမယ် ထင်ပါတယ်။

မေး ။ ။ အသင်းအတွက် နိုင်ငံခြားနည်းပြခေါ်ထားသေးလား။

ဖြေ ။ ။ ခေါ်ထားပါတယ်။ အဓိကနည်းပြကြီးကတော့ အီရန်ကပါ။ သူက အခုလောလောဆယ်မှာတော့ နှစ်လတစ်ကြိမ်လာပြီး နည်းပြပါတယ်။ ဆီးဂိမ်းနီးရင်တော့ ဒီမှာနေပြီး လေ့ကျင့်ပေးမှာပါ။ ဒါပေမယ့် သူ့ရဲ့တပည့် မလေးရှားနိုင်ငံသား လင်ရောက်ဝေ (LIM YOKE WAI) က အနီးကပ်အချိန်ပြည့် လေ့ကျင့်ပေးနေတာမို့ အဆင်ပြေပါတယ်။

မေး ။ ။ သူ့ရဲ့အနေအထားကရော။

ဖြေ ။ ။ အလွန်ကောင်းပါတယ်။ အာရှအဆင့် ရွှေရထားသူဖြစ်ပြီး အသက်က ၃၃-၃၄ လောက်ရှိတဲ့ လူလတ်ပေမယ့် အင်မတန် စိတ်သဘောပြည့်သူပါ။ စနေ၊ တနင်္ဂနွေမှာ သူ့အားလပ်ချိန်တွေကို အနားမယူဘဲ အားကစားသမားတွေနဲ့ အနီးကပ်နေပြီး လိုအပ်နေတာတွေကို ဆွေးနွေးအကြံပြုပေးပါတယ်။ လေ့ကျင့်ရေးမှာလည်း ဆရာတစ်ဦးလိုမဟုတ်ဘဲ ကစားသမားတစ်ဦးလို ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်ပေးတဲ့သူပါ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ကံကောင်းတာက သူ့လိုအချိန်ပြည့်နည်းပြနဲ့ အချိန်ပြည့်လေ့ကျင့်ခွင့်ရတာပါပဲ။ အရင့်အရင်တွေတုန်းက အချိန်ပြည့်နည်းပြတွေနဲ့ လေ့ကျင့်ခွင့်မရခဲ့ပါဘူး။

မေး ။ ။ ဒါဆိုရင် ရွှေတံဆိပ်ကို ဘယ်လိုမှန်းထားသလဲ။

ဖြေ ။ ။ စောစောကပြောခဲ့တဲ့အတိုင်းပါပဲ။ နိုင်ငံအတွက် ကျွန်တော်တို့ကစားနည်းကနေ ရွှေမယူပေးနိုင်သေးတော့ ရသလောက်ယူပေးချင်ပါတယ်။ ဒါပေမယ့် အနီးစပ်ဆုံးပြောရရင် အမျိုးသမီးတစ်ဦးချင်း ခတရယ်၊ အမျိုးသားအသင်းလိုက် ခတရယ်၊ အမျိုးသမီး ၆၁ Kg အောက်ရယ်၊ အမျိုးသား ၆၀ Kg အောက်ရယ် ဒီလေးမျိုးမှာတော့ ရွှေမှန်းထားပါတယ်။

မေး ။ ။ နောက်ဆုံးပြောချင်တာလေးရှိရင်. . . . ။

ဖြေ ။ ။ ရှိပါတယ်။ ကျွန်တော်တို့ကစားနည်းပုံစံက အခြားနည်းတွေနဲ့ မတူပါဘူး။ ဥပမာ-အပြေးဆိုရင် ကိုယ်နောက်ကျလို့ ရှုံးသွားတာဖြစ်နိုင်ပေမယ့် ကျွန်တော်တို့ကစားနည်းမှာတော့ ကိုယ်အထိုးခံ၊ အကန်အကျောက်ခံပြီးမှ ရှုံးရတာ။ ကျွန်တော်တို့ပြည်သူတွေ ကျွန်တော်တို့ကို အားပေးနေမယ့် လူထုရဲ့ရှေ့မှာ ကိုယ်အထိုးခံပြီး အရှုံးပေးရတာမျိုးမဖြစ်အောင် ကြိုးစားနေပါတယ်။ ပြည်သူလူထုကြီးကလည်း တစ်ခဲနက်အားပေးကြပါလို့ ပြောချင်ပါတယ်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့်နေရာများ

စဉ်	အားကစားနည်း	ပြိုင်ပွဲကာလ		ကျင်းပမည့်နေရာ	မှတ်ချက်
		မှ	ထိ		
	ဖွင့်ပွဲအခမ်းအနား	၂၈-၂-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၁	ပြေးခုန်ပစ်	၃-၃-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၂	ကြက်တောင်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 ကြက်တောင်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၃	ဘတ်စကက်ဘော	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဘတ်စကက်ဘောလေ့ကျင့်ရေးကွင်း၊ ဇမ္ဗူသီရိမြို့နယ်	
၄	ဘိလိယက်/စနူကာ	၂၃-၂-၂၀၁၃	၂-၃-၂၀၁၃	TC-2 ဘိလိယက်လေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၅	ကာယကြံ့ခိုင်မှု	၁၂-၂-၂၀၁၃	-	MCC (ရန်ကုန်)၊ သင်္ဃန်းကျွန်းမြို့နယ်	
၆	လက်ဝှေ့	၂၄-၂-၂၀၁၃	၁-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၇	စစ်တုရင်	၂၆-၂-၂၀၁၃	၂-၃-၂၀၁၃	Gold Camp (စားရိပ်သာ)၊ ဇမ္ဗူသီရိမြို့နယ်	
၈	စက်ဘီး (Cross Country)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (Down Hill)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (BMX)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း (ဥတ္တရသီရိမြို့နယ်)	
	စက်ဘီး (Road Race)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 စက်ဘီးလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ် (တာထွက်)ပင်လောင်းလမ်းတောင်ကျကျေးရွာနှင့် လိန်းလီတံတား (ပန်းဝင်)	
၉	ဘောလုံး(ကျား/မ)	၂၃-၂-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ဇမ္ဗူသီရိမြို့နယ် ပေါင်းလောင်းကွင်း၊ ပျဉ်းမနားမြို့နယ် လေ့ကျင့်ရေးကွင်း (၁) (၂)ဇမ္ဗူသီရိမြို့နယ်	
၁၀	ဖူဆယ် (ကျား/မ)	၂၃-၂-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဖူဆယ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၁	ဂျူဒို	၂၅-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-2 ဂျူဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၂	ကရာတေးဒို	၄-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 ကရာတေးဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၃	ပိုက်ကျော်ခြင်း	၂၅-၂-၂၀၁၃	၅-၃-၂၀၁၃	TC-1 ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၄	စားပွဲတင်တင်းနစ်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 စားပွဲတင်တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၅	တိုက်ကွမ်ဒို	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၆	တင်းနစ်	၂၃-၂-၂၀၁၃	၂၈-၂-၂၀၁၃	TC-1 တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၇	ပန်ကြပ်ဆီလတ်	၂-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 သိုင်းလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၁၈	ရိုးရာလက်ဝှေ့(မွေ)	၃-၃-၂၀၁၃	၅-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၁၉	ဘော်လီဘော	၂၇-၂-၂၀၁၃	၇-၃-၂၀၁၃	TC-1 ဘော်လီဘောလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်	
၂၀	အလေးမ	၁-၃-၂၀၁၃	၃-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ၊ ပျဉ်းမနားမြို့နယ်	
၂၁	ဝူရှူး	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-2 ဝူရှူးလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်	
၂၂	နပန်း	၄-၃-၂၀၁၃	၇-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ(ပျဉ်းမနား)	
	ပိတ်ပွဲအခမ်းအနား	၇-၃-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်	

မြားပစ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

တပ်မတော်မြားပစ်ကော်မတီနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ကြီးမှူးဖွင့်လှစ်သော မြားပစ်အခြေခံ သင်တန်း အမှတ်စဉ် (၁/၂၀၁၃) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်(ကျိုက္ကဆံ) မြားပစ်အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်မြားပစ်ကော်မတီဥက္ကဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်သိန်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီလန်ဒါဘီပွဲမှာ ထိပ်သီးနှစ်သင်း ဆုံပြီ

မိုးမြင့်လင်းလက် - ရေးသားသည်

အီတလီစီးရီးအေရဲ့ ဒီတစ်ပတ်ပွဲစဉ်(၂၆) စစ်မြေပြင်မှာ အင်တာမီလန်နဲ့ အေစီမီလန်တို့ ထိပ်တိုက်ဆုံတွေ့ကြပြီ ဖြစ်ပါတယ်။ မာယာများနေတဲ့ အေစီမီလန်ခြေစွမ်းဟာ အဝေးကွင်းမှာ အင်တာမီလန်ကို လှည့်စားနိုင်မလားဆိုတာ မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ပရိသတ်တွေအကြိုက် အားပေးရဦးမယ့် စီးရီးအေပွဲစဉ်ကို အားပေးဖို့ အားမွေးကြရဦးမှာပါပဲ။

အင်တာမီလန်နှင့် အေစီမီလန်

ပထမအကျော့ အေစီမီလန်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တဲ့ အင်တာမီလန်ဟာ အခုပွဲ အိမ်ကွင်းမှာကစားရပေမယ့် စိတ်ကြီးဝင်နေလို့တော့ မရပါဘူး။ တရိပ်ရိပ်တက်လာတဲ့ အေစီမီလန်ရဲ့ခြေစွမ်းက ဘာစီလိုနာလိုအသင်းကိုတောင် ဖြိုလှဲနိုင်ခဲ့တာမို့ အင်တာမီလန်တို့ အရင်လိုစိတ်ဓာတ်နဲ့ ယှဉ်ပြိုင်လို့တော့မရပါဘူး။ မှတ်တမ်းအရ အင်တာမီလန်ကွင်းမှာကစားတိုင်း အေစီမီလန်တို့ အသာစီးတော့မရခဲ့ပါဘူး။ ဒါပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်တာက အေစီမီလန်တို့ဖြစ်ပြီး အနိုင်ရလိုစိတ်ပြင်းထန်တာကတော့ အင်တာမီလန်တို့ ဖြစ်နေပြန်ပါတယ်။ မီလန်ဒါဘီပွဲဖြစ်တာမို့ အကောင်းဆုံးရသကို အပြည့်အဝပေးမယ့် ပွဲတွေအဖြစ် မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ဆီနာ

ဂျူဗင်တပ်စ်နဲ့ဆုံတိုင်း ဆီနာတို့ နိုင်ပွဲပျောက်ဆုံးနေတတ်တာမို့ ဒီပွဲအတွက်လည်း ဆီနာတို့ပင့်သက်ဖြာရဦးမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်က လွတ်မြောက်ဖို့အတွက် တွန်းကန်အား ခုခံအားတွေ အကုန်ထုတ်သုံးမယ့် ဆီနာရဲ့ စိတ်ဓာတ်မာကျောမှုကို ထည့်တွက်ရမှာဖြစ်ပြီး ဂျူဗင်တပ်စ်တို့လည်း ပေါ့ဆဆကစားမှာ မဟုတ်ပါဘူး၊ တန်းစီဇယား ဒုတိယနေရာက နာပိုလီနဲ့ လေးမှတ်ပဲကွာနေတဲ့အပြင် နောက်ပွဲကို နာပိုလီကွင်းမှာ သွားကစားရမယ့် ဂျူဗင်တပ်စ်ဟာ ဒီပွဲကိုတော့ အမှတ်အပြည့်ယူဖို့ သေချာပေါက် ကြိုးစားပါလိမ့်မယ်။

ဘိုလော့နာနှင့် ဖီအိုရင်တီးနား

တန်းစီဇယားမှာ ရပ်တည်မှုနေရာပြောင်းလဲဖို့ ဒီပွဲမှာ ဖီအိုရင်တီးနားတို့ ကြိုးစားပါလိမ့်မယ်။ ပထမအကျော့ ဖီအိုရင်တီးနားကွင်းမှာ အလံဖြူတင်ပြီး အရှုံးရလဒ်နဲ့ ပြန်ခဲ့ရတဲ့ ဘိုလော့နာတို့ ဒီပွဲမှာတော့ လက်စားချေဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။ ဘိုလော့နာကွင်းမှာဆုံတဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ဖီအိုရင်တီးနားတို့ နိုင်ပွဲတစ်ပွဲမှ မရရှိခဲ့ပါဘူး။ အင်တာမီလန်လိုအသင်းကို ဖီအိုရင်တီးနားတို့ အနိုင်ယူခဲ့တာမို့ မာန်တက်နေပေမယ့် ဘိုလော့နာကွင်းမှာ အသက်ရှူမှား အောင်ရုန်းကန်ရမှာ သေချာပါတယ်။

ဆမ်ဒိုးရီးယားနှင့် ချီယေးဗို

ဆမ်ဒိုးရီးယားကွင်းမှာ ချီယေးဗိုတို့ အားကုန်ထုတ်ရပါလိမ့်မယ်။ ပထမအကျော့မှာ ချီယေးဗိုတို့က အနိုင်ယူထားတာမို့ ဒီပွဲမှာတော့ ဆမ်ဒိုးရီးယားတို့အလှည့် ဖြစ်ပါတယ်။ စွဲမက်စရာကောင်းတဲ့ ဆမ်ဒိုးရီးယားခြေစွမ်းရဲ့ အစစ်အမှန်ကို ဒီပွဲမှာ မြင်တွေ့ရပါတော့မယ်။

ပါးမားနှင့် ကာတာနီးယား

ပထမအကျော့ ကာတာနီးယားကွင်းမှာ ပါးမားတို့ နှစ်ဂိုးပြတ်ရှုံးထားပါတယ်။ ဒါပေမယ့် ပါးမားကွင်းမှာတော့ ကာတာနီးယားတို့ နိုင်ပွဲရရှိတာ ရှားတာမို့ နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတဲ့အဖြစ်ကို ဒီပွဲမှာ ပါးမားတို့ ရပ်တန့်နိုင်မှာ ဖြစ်ပါတယ်။ ခြေရည်တူနေတဲ့ ဒီနှစ်သင်း အားပြိုင်မှုက ပရိသတ်ရင်ကို လှုပ်ခတ်စေဦးမှာသေချာနေပါတယ်။ ။

နိုင်ငံတကာအားကစားသတင်း

ဒုတိယနေရာရောက်ရန် ချယ်လ်ဆီးမျှော်မှန်း

ယနေ့ညကစားမည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချယ်လ်ဆီးက မန်စီးတီးကို အနိုင်ကစားနိုင်လျှင် အမှတ်ပေးဇယားနံပါတ်နှစ် နေရာရောက်နိုင်ကြောင်း ချယ်လ်ဆီးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။ အမှတ်ပေးဇယားတတိယနေရာရောက် ချယ်လ်ဆီးအသင်းသည် လက်ရှိချန်ပီယံ မန်စီးတီးအသင်းနောက်မှ လေးမှတ်ခွာ၍ လိုက်နေသည်။ စတုတ္ထနေရာရောက် စပါးအသင်းထက် တစ်မှတ်သာပိုသည်။ ရုရှားသူဌေး အေဘရာမိုဗစ်ချ်က ၂၀၀၃ ခုနှစ်တွင် ချယ်လ်ဆီးကို ဝယ်ယူခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလား သုံးကြိမ်ဆွတ်ခူးပြီး ဇယားထိပ်ဆုံး ဒုတိယနေရာအပြင်ဘက်သို့ တစ်ကြိမ်သာရောက်ခဲ့ဖူးသည်။ သို့သော် မန်ယူက မန်စီးတီးထက် ၁၂ မှတ်အသာရထား၍ ဘင်နီတက်ဇ်စိတ်ပျက်နေသည်။

ချက်တင်းနစ်မယ် ဗိုလ်လုပွဲတက်

ကမ္ဘာကျော် ချက်တင်းနစ်မယ် ပီထရာဗစ်တိုးဗားက ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်ဟောင်း ကာရိုလိုင်းဝေါ့ဇ်နီယာစကီကိုနိုင်ပြီး ဒူဘိုင်းချန်ပီယံရှစ် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဝင်ဘယ်ဒန်ချန်ပီယံဟောင်း ဗစ်တိုးဗားက ဝေါ့ဇ်နီယာစကီကို ၆-၃၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗစ်တိုးဗား **(အောက်ပုံ)** သည် ဗိုလ်လုပွဲတွင် အီတလီတင်းနစ်မယ် အာရန်နီနှင့် တွေ့ကြမည်ဖြစ်သည်။ အာရန်နီသည် တစ်နိုင်ငံတည်းသူ ရိုဘတ်တာဘစ်စီအား ၆-၃၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲတက်လာခြင်းဖြစ်သည်။

မြင့်မောင်စိုး - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - စုစည်းသည်

- ရီးရဲမက်ဒရစ်အသင်းသည် မန်ယူအသင်းမှ အသက် ၂၂နှစ်အရွယ် ဂိုးသမား ဒီဂီရာအားခေါ်ယူစာချုပ်ကာ လက်ရှိဂိုးသမား ကာဆီးယက်စ်နေရာတွင် အစားထိုးမည်ဖြစ်ကြောင်း ပြောကြားသည်။
- မန်စီးတီးအသင်းသည် အသက် ၂၃ နှစ် အရွယ်ရှိ ဒေါ့မွန်တိုက်စစ်မှူး မာကိုရီအက်စ်အား ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ချယ်လ်ဆီးအသင်းသည် ချီလီအသင်းမှ အသက် ၁၇ နှစ်အရွယ်ရှိ လူငယ်ကွင်းလယ်ကစားသမား အိုဟစ်ဂင်အား ပြောင်းရွှေ့ကြေးပေါင် ၁ဒသမ ၇ သန်းပေး၍ ခေါ်ယူရန် ကြိုးစားနေသည်။
- လီဗာပူးအသင်းသည် ဆဲလ်တစ်နောက်ခံလူအီဗီအမ် ဘရိုစီအားခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- အာဆင်နယ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် ၁၈နှစ်အရွယ် ချာလိုဘတ်အား ခေါ်ယူနိုင်ရေး ကြိုးစားနေပြီဖြစ်သည်။
- မာလာဂါအသင်းနည်းပြ မင်နူရယ်ပီလ်လက်နီသည် မန်စီးတီးအသင်းမှ ဒါရိုက်တာများနှင့်ဆွေးနွေးလျက်ရှိရာ လက်ရှိနည်းပြမန်စီနီအသင်းမှ ထွက်ခွာလျှင် အစားထိုးတာဝန်ပေးရန် စီစဉ်နေကြောင်း မီဒီယာများက ဖော်ပြသည်။
- ဘာစီလိုနာအသင်းဥက္ကဋ္ဌ ရိုဆဲလ်က မိမိတို့အသင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးမြှင့်တင်မှုတစ်ရပ်အဖြစ် အစ္စရေးနှင့်ပါလက်စတိုင်းတို့ပါဝင်သော ဘောလုံးအသင်းတစ်သင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်နှင့် ဘွန်ဒက်စ်လီဂါဖလားတို့ကို သိမ်းကျုံးရယူနိုင်သောခြေစွမ်းရှိနေကြောင်း တောင်ပံကစားသမား ရော်ဘင်က ထုတ်ဖော်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(လှော်ကား) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	Specification
1.	Gl Pipe Ø 2",T-1.6mm,L-6m	300 Nos	Equal To china Gl Standard
2.	Gl Pipe Ø3",T-2.8mm,L-6m	2000 Nos	Equal To china Gl Standard
3.	Gl Pipe Ø 4",T-2.8mm,L-6m	500 Nos	Equal To china Gl Standard
4.	H-Bram(150mmx150mmx 7mmx10mm)(L-12m)	100 Tons	Equal To Standard Quality (JlS,G3101- SS400),Q235

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက် မွန်းတည့် (၁၂း၀၀)နာရီဖြစ်ပြီး (၁၃း၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

မဟာစည်သာသနာ့ရိပ်သာ
(၄၃)ကြိမ်မြောက်နွေဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း
သင်တန်းတက်ရောက်လိုသူများအား လျှောက်ထားနိုင်ရန် နှိုးဆော်အပ်ပါသည်။
၁။ သင်တန်းလက်ခံရက်(၆-၂-၂၀၁၃)မှ(၁၀-၃-၂၀၁၃)
၂။ သင်တန်းလက်ခံချိန် /နေရာ -
ရှင်သာမဏေများ - နံနက်(၇)နာရီမှ(၉)နာရီ
မွန်းလွဲ(၁)နာရီမှညနေ(၄)နာရီ
(သံဃာတော်များနေရာချထားရေးရုံး)
သီလရှင်များ - နံနက်(၈)နာရီမှညနေ(၄)နာရီ
(အမျိုးသမီးယောဂီဆောင်ရှောက်ရေးအဖွဲ့ရုံး)
၃။ သင်တန်းဖွင့်ရက် - (၁၀-၃-၂၀၁၃)
၄။ ရှင်သာမဏေနှင့်သီလရှင်ဝတ်ရက် -
(၈-၃-၂၀၁၃)(၉-၃-၂၀၁၃)(၁၀-၃-၂၀၁၃)
၅။ သင်တန်းပိတ်ရက် - (၈-၄-၂၀၁၃)
၆။ ဆုပေးပွဲရက် (၂၄-၅-၂၀၁၃)(ကဆုန်လပြည့်နေ့)
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊ဗဟန်း၊ရန်ကုန်မြို့

JADE Travel & Tours

GOLDEN STAR
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင်
209200, 430480, 544383

Grade (4) BB Box ကားအမြန်ရောင်းမည်

1. Vanette Truck 2005 1800 cc (ဓာတ်ဆီ) 95 သိန်း အပြီးအစီး
2. Canter 2003 2000cc (ဓာတ်ဆီ) 119 သိန်း အပြီးအစီး
3. Titan 2004 2500cc (ဒီဇယ်) 119 သိန်း အပြီးအစီး

} ညှိနှိုင်း

ဖုန်း-၀၉-၄၉၃၃၂၇၉၇

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄E၊ မြေကွက်အမှတ် V ၂၅၊ မြေကွက်တည်နေရာအမှတ် ၁၇၊ နတ်စင်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် ဦးတင်ထွန်း CG- ၀၃၉၄၈၃၊ ဒေါ်ရီ CG- ၀၃၉၄၂၅ အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်း ကွယ်လွန်သဖြင့် ဒေါ်ရီ ၁၂/တမန(နိုင်)၀၂၂၁၂၄က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

၇-၂-၂၀၁၃ရက်တွင် ဤသတင်းစာ စာမျက်နှာ(၁၂)၌ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ ဇေယျာမြိုင်လမ်း၊ မြေကွက်အမှတ် (၅၂၃/က)၊ အကျယ်အဝန်းပေ(၂၀×၆၀)၊ ဧရိယာ ၀ဒသမ၀၂၇၈ဧက၊ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ရန် ကြေညာချက်နှင့်ပတ်သက်၍ ရောင်းချသူမှဆက်လက်အရောင်းအဝယ်ပြုလုပ်ရန်ဆန္ဒမရှိတော့ပါသဖြင့် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဒေါ်တင်တင်နွယ် ၁၂/ဥကတ(နိုင်)၁၂၈၉၅၈

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒုခရိုင်(၂)တရားရုံး
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၄

၁။ ဦးမြဦး
၂။ ဦးအောင်မျိုးထွန်း
အမှတ် ၁၄၁၊ လမ်း ၄၀
(၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ လျှောက်ထားသူများ

ကွယ်လွန်သူ ဟာဂျီ ခတီဇာဘီဘီ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၁၄၁ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဟာဂျီခတီဇာဘီဘီ ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ရရှိထားသူ ဦးမြဦး၊ ဦးအောင်မျိုးထွန်းတို့က ၎င်းတို့ထိန်းသိမ်းခွင့်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-အက်ဖ်(၁)၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၇၇၊ ၇၈၊ ၇၉၊ ၂၅ပေ×ပေ၅၀နှင့် ထိုမြေပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ စီမံခန့်ခွဲရောင်းချခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၃ ခုနှစ် မတ် ၁ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) ညနေ ၃ နာရီတွင် ကြားနာရန် ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဟာဂျီခတီဇာဘီဘီ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆိုအမှုတွင် လာရောက်အမှုဆိုင်လိုပါက အထက်ပါချိန်းဆိုထားပါသော နေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဦးမြဦး၊ ဦးအောင်မျိုးထွန်းတို့၏လျှောက်လွှာအား ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှဲ့လှဲ့အေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုပေးရန် ပေ(၇၀) မြစ်တွင်းသွား ကူးတို့ရေယာဉ် ရေခင်း အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

FMI Flotilla Co., Ltd. မှတည်ဆောက်မည့်ပေ ၇၀ မြစ်တွင်းသွား ကူးတို့ရေယာဉ် ရေခင်းအခမ်းအနား (Keel Laying Ceremony) ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် သိမ်ဖြူသင်္ဘောကျင်း လွန်းကျင်း အမှတ်(၆)၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ရေဝတီရေတပ်စခန်းဌာနချုပ်နှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်တို့မှ ဌာနချုပ်မှူးများ၊ SPA /FMI Group ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ SPA /FMI Group ဥက္ကဋ္ဌ ဦးသိမ်းဝေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး FMI Flotilla Co., Ltd. အင်ဂျင်နီယာချုပ် ဦးခင်မောင်ဦးက ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပေ ၇၀ မြစ်တွင်းသွား ကူးတို့ရေယာဉ် ရာဇတိုင်အား ဂုဏ်ပြုဂဟေတို့ ဆက်ပေးခဲ့သည်။

FMI Flotilla Co., Ltd. ၏ပေ ၇၀ မြစ်တွင်းသွား ကူးတို့ရေယာဉ်ကို အလျားပေ ၇၀၊ အနံ ၁၈ ပေ၊ ရေစူး(၃ ပေ ၂ လက်မ) ရှိ သံ့ထပ်သင်္ဘောအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တစ်နာရီလျှင်ရေမိုင်နှုန်း အမြင့်ဆုံး ၁၂ မိုင်သွားနိုင်ကာ ခရီးသည် ၆၀ စီးနင်းလိုက်ပါနိုင်မည်ဖြစ်ကြောင်းနှင့် ခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို

မော်လမြိုင် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး တရားသူကြီးများနှင့် တရားရေးအရာရှိများသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ကျမ်းသစ္စာဆိုမည့် တရားသူကြီး ၂၆ ဦးနှင့် တရားရေးအရာရှိ လေးဦးတို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံနှင့် မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၀၇)

စစ်ကိုင်းမြို့တွင် Mobile Library ဖွင့်ပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြောင်းလဲတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် စွမ်းရည်မြင့်မားလာစေရန် ရွေ့လျားစာကြည့်တိုက် Mobile Library (နယ်လှည့်စာကြည့်တိုက်)များကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂)အထည်စက်ရုံ၊ ပလိပ်နှင့် စစ်ကိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ်(၂)အထည်စက်ရုံပလိပ်အစည်းအဝေးခန်းမ၌ Mobile Library ဖွင့်ပွဲကျင်းပခဲ့သည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

စစ်ကိုင်း၌ စာပေဟောပြောပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သပြေရိုးကျေးရွာအုပ်စု၏ မေတ္တာမွန် လူမှုကူညီရေးအသင်းဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် ည ၇ နာရီက သပြေရိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ လွတ်လပ်ငြိမ်းက " တာဝန်ကိုယ်စီရှိကြသည်" ခေါင်းစဉ်ဖြင့်လည်းကောင်း စာရေးဆရာမကြီး ဒေါ်ခင်ခင်ထူးက "ခြေလှမ်းတိုင်းမှာပန်းပွင့်ပါစေ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **(အပေါ်ယာပုံ)** စာရေးဆရာ နေဝင်းမြင့်က ဝတ္ထုတစ်ပုဒ်ဖန်တီးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာပေဟောပြောမှုများ ဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ သပြေရိုးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ညောင်ပင်ကြီး၊ရွာဟောင်းကုန်း၊ ထန်းသုံးပင်၊ ကင်းလပ်၊ ဧည့်ပြ၊ မြို့သာကုန်း၊ သိန္နီကုန်း၊ ဇီးတော၊ ဆည်ရွာ၊ ပလိပ် အစရှိသော ကျေးရွာများမှ ကျေးလက်နေပြည်သူများ တစ်ခဲနက်တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။ (၁၆၀)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

လှိုင်လင် ဖေဖော်ဝါရီ ၂၃

ယာဉ်စည်းကမ်းထိန်းသိမ်းမှုကော်မတီ၏စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (လှိုင်လင်)၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးထွန်းရှိန်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကိုကို၊ မြို့နယ်ရဲစခန်းမှူး ကျော်မျိုးထက်တို့က ကျောင်းသား ကျောင်းသူ ၂၀၀ နှင့် ဆရာ ဆရာမ ၃၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

မိုးလွင်ဦး(လှိုင်လင်)

ယာဉ်စီးခနှုန်းထားများ လျှော့ပေးစေလို

မိုင်ပေါင်း ၇၀၀ ကျော်ကွာဝေးသော ရန်ကုန်မှ ကလေးတိုက်ရိုက်ခရီးစဉ်အတွက် အဆင့်မြင့်မှန်လုံကားများ ပြေးဆွဲနေပြီဟု သိရှိရသည်။ ယာဉ်စီးခမှာ တစ်ဦးလျှင်ငွေကျပ် ၂၅၀၀၀ ဖြင့် သက်သောင့်သက်သာ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်၍ ခရီးသွားပြည်သူများ ဝမ်းမြောက်လျက်ရှိသည်။ သို့သော် ကရုဏာသက်မိသည်မှာ ကလေး-ရန်ကုန်တိုက်ရိုက်ပြေးဆွဲမည့် လမ်းပေါ်ရှိ ဒေသခံပြည်သူများအတွက်ပင်ဖြစ်သည်။ အထူးသဖြင့် ယာကြီး-မြို့မ-ကလေးဝ လမ်းပိုင်းတွင် နေထိုင်ကြရသော ကျေးလက်နေပြည်သူများအတွက်ပင် ဖြစ်ပါသည်။ ၎င်းဒေသခံပြည်သူများသည် မုံရွာမြို့မှ ကားစီးခဲ့ပြီး ဒေသအပြန်ခရီးတွင် မည်သည့်နေရာတွင် ဆင်းမည်ဖြစ်စေ ယာဉ်စီးခနှုန်း ငွေကျပ် ၁၀၀၀၀ ပေးကြရသည်။ လမ်းမိုင်ခရီးအကွာအဝေးမှာ မုံရွာမြို့မှဆိုလျှင် မိုင် ၇၀ ကျော်မှ မိုင် ၉၀ အတွင်းထိသာ ကွာဝေးပါသည်။ ယင်းလမ်းခရီးကို မသုံးမဖြစ် အများဆုံးအသုံးပြုကြရသူများမှာ ဒေသတွင် လာရောက်တာဝန်ထမ်းဆောင် နေကြရသော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများပင် ဖြစ်ကြသည်။ ၎င်းဒေသတွင် မည်သည့်နေရာ၌ ဆင်းသည်ဖြစ်စေ မုံရွာ-ကလေးဝ ဂိတ်ဆုံးယာဉ်စီးခကို ပေးကြရသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ သက်သာချောင်ချိရေးအတွက် ယာဉ်စီးခနှုန်းထားများ လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ထည့်သွင်းစဉ်းစားပေးစေချင်ပါသည်။ **တောင်တွင်းသူ(မင်းကင်း)**

ပဲခူးတွင် သက်နှင်းခိုးသူ ၂၄ နာရီအတွင်းဖမ်းမိ

ပဲခူး ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ် (၁) ရဲစခန်းပိုင်တွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီက ပဲခူးမြို့ ရှင်စောပုရပ်ကွက် ရှင်စောပုလမ်းမတန်းရှိ သိန်းမင်းသက်နှင်းဆိုင်ပိုင်ရှင် ဦးရွှေသိန်းမှ ၎င်း၏သက်နှင်းဆိုင်အတွင်းရှိ ဗီရိုသုံးလုံးတွင်ထည့်ထားသော ယိုးဒယားသက်နှင်းအစုံ ၈၀ ခန့် ကာလတန်ဖိုးကျပ် ၁၅ သိန်းကျော်ဖိုး ခိုးယူခံရကြောင်း လာရောက်တိုင်ကြားခဲ့ရာ ပဲခူးမြို့နယ် ရဲတပ်ဖွဲ့ရဲမှူးဇော်မင်း၏ ညွှန်ကြားချက်ဖြင့် စခန်းမှူးနှင့်အဖွဲ့မှစုံစမ်းခဲ့ရာ တရားခံလှိုင်ဖြိုး ၂၈ နှစ် (ဘ) ဦးမြတ်သိန်း တောင်ကြီးကွဲကျေးရွာ အင်းတကော်နေသူ **(ယာပုံ)** အား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်လမ်းရှိ သက်နှင်းဆိုင်တစ်ဆိုင်အနီးတွင် သက်သေခံသက်နှင်းများနှင့်အတူ ၂၄ နာရီအတွင်း ဖမ်းဆီးရမိသဖြင့် ပဲခူးအမှတ်(၁) ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၈၀)အရ အရေးယူထားကြောင်း သိရသည်။

သန့်စင်



နေ့ညမဟူ သတိမူ ရန်သူ မီး ကိုသာ

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အလက(၂)၊ ဆဌမတန်း(က)မှ မနန်းမိုခမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းထွန်း ၁၃/ပလန(နိုင်)၀၀၄၁၇၉ ဖြစ်ပါကြောင်း။

ဦးစိုင်းသန်းထွန်း



အမည်ပြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးသန်းငွေ၏သား မောင်ရဲဝင့်သန်းငွေ ၇/ပခန(နိုင်)၂၆၂၅၁၂ အား မောင်ဥက္ကာသန်းငွေဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဥက္ကာသန်းငွေ

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များမှ အကျဉ်းသား၊ အချုပ်သားများစားသုံးရန် လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်နယ်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ ၂၇-၂-၂၀၁၃ရက် ၁၀နာရီ ဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ၂၂-၂-၂၀၁၃ရက်မှ ၂၅-၂-၂၀၁၃ရက်အထိ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၇၄-၂၂၄၄၄၊ အကျဉ်းဦးစီးဌာန ဖုန်း-၀၇၄-၂၂၃၀၄၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၇၄-၂၂၄၁၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ ပေးသွင်းလိုသူများသည် ကချင်ပြည်နယ်အတွင်းမှ ဆန်ကုန်သည်များသာ တင်သွင်းခွင့်ရှိသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန



ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်နှင့်သထုံခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ၁၀ မြို့နယ်မှ ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ လုပ်ငန်းတာဝန်ခံများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများက ၂၀၁၂ခုနှစ် တစ်နှစ်တာနှင့်၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း အရေးယူဆောင်ရွက်ခဲ့သော အမှုများ၊ ဖမ်းဆီးအရေးယူခဲ့သော ဒုစရိုက်မှုနှင့် မူးယစ်ဆေးဝါးအမှုများ၊ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မြို့နယ် ၁၀ မြို့နယ်အတွင်း လောင်းကစားမှုများ ပပျောက်ရေး၊ ဒုစရိုက်မှုများ လျော့နည်းရေး၊ မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လိုင်စင်မဲ့ကားများ ဖမ်းဆီးရေးတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်မြေများရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ အစည်းအဝေးသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဘို၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦးနှင့်သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်းတို့ တက်ရောက်ခဲ့ကြသည်။ (၁၀၇)

မြောင်းမြတွင် စာကြည့်တိုက် ပညာ ဆင့်ပွားသင်တန်းဆင်း

မြောင်းမြ ဖေဖော်ဝါရီ ၂၃

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်ကျေးရွာများတွင် စာကြည့်တိုက်များကို ပြည်သူ့ဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဖွင့်လှစ်ထားပြီး စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်တတ်စေရန် မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဝေါလ်ဗွီးရှင်း (မြန်မာ)တို့ ပူးပေါင်းစီစဉ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဆင်းပွဲကို ဖေဖော်ဝါရီ ၁၇ရက် ညနေ ၃ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ထူးချွန်ဆုရရှိသူများအား မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် ဝေါလ်ဗွီးရှင်းမှ စီမံချက်မန်နေဂျာ ဒေါ်ခင်ညိုလင်းတို့က သင်တန်းဆင်းလက်မှတ်များနှင့် ဆုများကို ပေးအပ်ကြပြီး ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် ဝေါလ်ဗွီးရှင်းမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ အဆိုပါသင်တန်းသို့ မြောင်းမြမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်မှူး ၂၅ ဦး တက်ရောက်ခဲ့ပြီး မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့် ရုပ်/သံ-၃ (စာကြည့်တိုက်တာဝန်ခံ)တို့က စာကြည့်တိုက်ပညာများကို ပို့ချပေးခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

ဆွေးမြည့်ဓာတ်တိုင်များကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၃

ကျောင်းကုန်းမြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အများပြည်သူများ လျှပ်စစ်အန္တရာယ်များ ကင်းဝေးစေရန်နှင့်လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ဆွေးမြည့်သစ်သားတိုင်များအစား စံချိန်စံညွှန်းညီသော ၉မီတာ ကွန်ကရစ်တိုင်များဖြင့် သံလက်တန်းပါ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၁၃ခုနှစ် ဇန်နဝါရီလကုန်ထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ်အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းတစ်လျှောက်၌ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၉၁)

အနေ့းယာဉ်မောင်းများအား ငွေထုတ်ချေး

အုတ်တွင်း ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အနေ့းယာဉ်မောင်းသူများအား ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးခိုင်ထွန်းက ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးပေးခြင်းနှင့် ပြန်လည်ပေးဆပ်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အနေ့းယာဉ်မောင်းတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယာဉ်မောင်း ၄၀အတွက် ငွေကျပ် သိန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်စာရေးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ပင်လောင်း ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အုပ်ချုပ်ရေးအဖွဲ့တွင် အခြေခံအကျဆုံးဖြစ်သည့်ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ပြီးဖြစ်ကြောင်း၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝသော ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဖြစ်လာစေရေးအတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်၍ လေ့ကျင့်ပေးရခြင်းဖြစ်ပါကြောင်း အမှာစကားပြောကြားခဲ့သည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပို့ချသူများအဖြစ် ဆောင်ရွက်ပြီး ပင်လောင်းမြို့နယ်နှင့် နောင်တရားမြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်၁၃ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၅ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ စာရေးများ စုစုပေါင်း ၇၆ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ထွန်းလင်း(ပင်လောင်း)

ဒလ-မအူပင်မော်တော်ယာဉ်လိုင်းသစ်ပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပန်းရိုးမခရီးသည်ပို့ဆောင်ရေးအသင်းသည်ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့မှနေ၍ မအူပင်မြို့အထိ ဒလ-မအူပင်ယာဉ်လိုင်းသစ်ကို ဖေဖော်ဝါရီလမှ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့နှင့် ၄၂မိုင်ခန့်သာကွာဝေးသော ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးနေပြီး သင်္ဘောဆိပ်၊ ကားဂိတ်၊စက်မှုဇုန်၊နည်းပညာတက္ကသိုလ်တို့ဖြင့် စည်ကားနေသည်။ မအူပင်မြို့နှင့်ရန်ကုန်မြို့သို့ ကုန်စည်စီးဆင်းမှုလွယ်ကူစေရန် မော်တော်ယာဉ်လိုင်း ငါးလိုင်းမှ ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ လှိုင်သာယာကားဝင်းမှ နေ့စဉ် ပြေးဆွဲပေးနေသည်။

ပန်းရိုးမခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းသည် လှိုင်သာယာကားဝင်းမှ မအူပင်မြို့သို့ပြေးဆွဲပေးရာမှ ယခုအခါ ခရီးသည်များ ပိုမိုအဆင်ပြေစေရန် ဒလမြို့မှ မအူပင်မြို့သို့ ယာဉ်လိုင်းတိုးချဲ့၍ မော်တော်ယာဉ် ၁၆ စီးဖြင့် နေ့စဉ် နံနက် ၅ နာရီမှ ညနေ၅နာရီအထိ ပြေးဆွဲပေးနေသည်။ အများပြည်သူဝန်ဆောင်မှုနှင့်အတူ ကျွမ်းကျင်ယာဉ်မောင်းများခန့်ထားပြီး ခရီးသွားပြည်သူများအတွက် အသက်အာမခံဝန်ဆောင်မှုပါပေးထားသည်။

ဒလ-မအူပင် မော်တော်ယာဉ်လိုင်းသစ်တိုးချဲ့ပြေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ခရီးသည်တစ်ဦးက "ဒလ-မအူပင် ယာဉ်လိုင်းသစ်ပြေးဆွဲပေးတာကောင်းပါတယ်။ ကားဂိတ်က ဒလဆိပ်ကမ်းနှင့်နီးတော့ ရန်ကုန်ဘက်သွားရတာ လွယ်ကူသွားတာပေါ့။ လှိုင်သာယာ ကားဝင်းကနေ ရန်ကုန်မြို့ထဲသွားရတာ မလွယ်ဘူး။ မအူပင်သွားမယ်ဆိုရင်လည်း ဒလဘက်သွားပြီး ကားစီးရတော့ အချိန်ကုန် လူပင်ပန်းတာ သက်သာသွားတာပေါ့"ဟု သူ၏အမြင်ကိုပြောကြားသည်။ ခရီးသွားပြည်သူများအနေဖြင့် လှိုင်သာယာနှင့် နီးသောသူများက လှိုင်သာယာကားဝင်းမှ စီးနိုင်သကဲ့သို့ ရန်ကုန်မြို့အတွင်းနှင့် နီးစပ်သောသူများသည် ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလမှတစ်ဆင့် မအူပင်သို့ လွယ်လင့်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

(နေလင်း)

စာပေမြင့်မှ လူမျိုးတင့်မည်

နတ်မောက်မြို့နယ်တွင် လုယက်မှုဖြစ်ပွား

နတ်မောက် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် သစ်လှကျင်းကျေးရွာနေဒေါ်နှင်းညွန့်နှင့် သားမောင်သက်လင်းအောင်တို့နှစ်ဦးသည် ဖေဖော်ဝါရီ ၁၃ရက် ညနေ ၅ နာရီတွင် ၎င်းတို့ယာခင်းထဲရှိ အမှိုက်များ သန့်ရှင်းရေးပြုလုပ်မီးရှို့နေစဉ် မျက်နှာဖုံးစွပ်၊ လက်အိတ်စွပ်၊ ခြေအိတ်စွပ်လျက် ဖိနပ်မပါ အလယ်လက်ကိုင် ဓားသွားနှစ်ဖက်ပါဓားကို တစ်ဦးက ကိုင်ဆောင်လျက် လူနှစ်ဦးနောက်ကျောဘက်မှ ရောက်လာပြီး ပါလာသောဓားဖြင့် ထောက်၍ မနှင်းညွန့်၏နားမှ နားကပ်ကို ချွတ်ခိုင်း၍ ချွတ်ပေးခဲ့ရသည့်အပြင် မောင်သက်လင်းအောင်၏ လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုး ငါးမူးသားခန့်ကိုလည်း ဖြုတ်ယူကာ ၎င်းတို့နှစ်ဦးကို ယာခင်းအစပ်ရှိ သစ်ပင်ကြီးတစ်ပင်တွင် လက်များကို ကြိုးတုပ်လျက် မြှောက်ထားပြီး သစ်ပင်နှင့်ကပ်ချည်ထားခဲ့သည်ဟု ဆိုသည်။

အဆိုပါ လုယက်မှုကျူးလွန်ခဲ့ကြသူ မျက်နှာဖုံးစွပ် နှစ်ဦးသည် ဝင်အူကျေးရွာဘက်သို့ ထွက်ပြေးပြီး တစ်ဦးသည် ကားလမ်းဘက်အခြမ်းမှ ပြန်လာကာ ချည်ထားသော ကြိုးများကို ဖြေပေးကြောင်း၊ နွားများ၏ ခလောက်များဖြုတ်ရန် သက်လင်းအောင်အား ခိုင်းစေပြီး မျက်နှာဖုံးစွပ်တစ်ဦးက နွားကိုဆွဲစဉ်နွားကလိုက်ဝှေ့၍ထွက်ပြေးသွားကြောင်း မနှင်းညွန့်ကပြောကြားသည်။**(နတ်မောက်သား)**

ကုလားပဲလုံး ၁၆၈၂၃၃ ပိဿာ အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - ကုလားပဲလုံး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၆-၃-၂၀၁၃ရက် ညနေ ၄း၀၀နာရီ
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** -

စက်ရုံနှင့် စခန်းအမည်	အရေအတွက်
အမှတ် (၁)ဆေးဝါးစက်ရုံ(ရန်ကုန်)	၁၆၀၀၀၀ပိဿာ
မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်)	၈၂၃၃ပိဿာ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	**ဖုန်း-၀၆၇-၄၀၈၀၇၆**
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန	**ဖုန်း-၀၆၇-၄၀၈၃၅၄**
နေပြည်တော်	

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ နဝမတန်း (အတွဲ-၁၊ ဈ)မှ မသော်တာအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်စွာသင်းဖြစ်ပါကြောင်း။ **ဦးကျော်စွာသင်း**
၆/မအရ(နိုင်)၀၃၅၀၅၇

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်အထူးပြုဘာသာ ဒဿနိကဗေဒ၊ ခုံအမှတ်၃/ဒ-၁၉ ဖြေဆိုအောင်မြင်ပြီးဖြစ်သူ မောင်ရဲနိုင်၏ဖခင်အမည်မှာ ဦးအိုကေ(ခ)ဦးအိုလွင် ၆/မအရ(နိုင်)၀၃၅၆၂၆သည် တစ်ဦးတည်းဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၄၆၅၀ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွေး ၈/စလန(နိုင်)၀၉၇၅၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၉

ဒေါ်သန္တာထွန်း(ခ)အားဂူးမေ **နှင့်** ဒေါ်ရန်မိန်(ခ)ဒေါ်ရင်မေ
တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၆/၄၆နေ ဒေါ်ရန်မိန်(ခ)ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သန္တာထွန်း(ခ)အားဂူးမေက ပိုမိုထုတ်ယူသွားသည့် စုကြေးငွေကျပ် ၄၄၄၀၀၀၀၀/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၃ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၂ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေထံတွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးယု)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် အဆောက်အအုံများတည်ဆောက်ခြင်း၊ လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အငယ်တန်းအင်ဂျင်နီယာလိုင်စင်၊ အကြီးတန်းအင်ဂျင်နီယာလိုင်စင်၊ အဆောက်အအုံအင်ဂျင်နီယာလိုင်စင် (SEC) လိုင်စင်များထုတ်ပေးရန် အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ခုနှစ် မတ် ၁၆ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုင်စင်လျှောက်ထားလိုသူများသည် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ဤဌာနသို့ လျှောက်လွှာများအား အချိန်မီပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၁၂၉၁၊ ၀၁-၂၄၈၁၁၂/လိုင်းခွဲ-၂၇၈သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူး ဆပ်ပါမည်

ရှယ်လီဝင်း၏ PP No. M ၁၈၇၉၄၆နှင့် အောင်ကျော်စိုး၏ PP No.၇၁၀၄၂၉ ပျောက်ဆုံး၍ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၈၅၀၂၆၆၉

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၁၂၊ ဦးပိုင်အမှတ် ၁၃၊ ၁၉×၂၀လမ်းကြား၊ ၆၁×၆၂လမ်းကြား၊ ခင်မကန်ကျောင်းတိုက်မြောက်ပေါက်၊ ဒေါ်ထယ်အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား ဦးစိန်လှဦး ၉/မနမ(နိုင်)၀၅၇၄၈၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံကြော်ငြာစာတမ်းစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

24-2 (15).pmd 1 2/23/2013, 11:46 PM

ကြော်ငြာ



သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၂၂-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr.Mya Aung, နှင့် Dr.Yi Yi Aung,Dr.Thaung Thaung Saing, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr. Khine Myat Su, Dr. Kyaw Min Lwin , Dr. Aung Cho Htwe, Dr. Aye Chan , Dr. Hla Kaythi , Dr. Hlaing May Than, Dr.Khin Oo May , Dr. Hla Myat Nwe, Dr. Zin Mar Myint, Dr. Theingyi Win, Dr. Ei Kay Thawe Han အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ ဖေဖေါ်ဝါရီ (၁၇) ရက် (၂၁) ကြိမ် မြောက်အထိ မျက်စိဝေဒနာရှင် (၁၁၈၆၀)ဦး တို့အား စစ်ဆေးကုသခြင်း နှင့် (၂၄၉၇) ဦးအား ခွဲစိတ်ကုသအလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်၊ မတ်လ (၂၃၊ ၂၄)ရက်များတွင် (ဦးရေ ၂၆၁၀ ပြည့်)(၂၂) ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်၊

သီတဂူ-ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ - ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၁၊ ၀၉-၇၃၀၅၆၅၆၉

တိုးမြှင့်ပင်စင်လစာကိစ္စ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ သက်ပြည့်ပင်စင်၊ လုပ်သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်၊ အထူးနှစ်ပြည့်ပင်စင်၊ မိသားစုပင်စင် ခံစားနေပြီဖြစ်သော(ယခင်မြန်မာ့ရေလုပ်ငန်းအငြိမ်းစားဝန်ထမ်းအပါအဝင်) ပင်စင်စားများ အားလုံးကို ၁-၇-၂၀၁၁ရက်မှစ၍ နိုင်ငံတော်မှ ပင်စင်လစာငွေများတိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားစေရန်အတွက် ဌာနနှင့်ဆက်သွယ်ခြင်းမရှိသေးသော ပင်စင်စားများသည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ ရုံးအမှတ်(၃၆)၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော် (ဖုန်းအမှတ်-၀၆၇-၄၁၈၅၃၅၊ ၀၉-၈၅၈၆၉၇၇)နှင့် ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာနမှူးများသို့ ဆက်သွယ်လျှောက်ထားနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)
(၃၇)နှစ်မြောက် အထိမ်းအမှတ်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

၁။ ၃-၃-၂၀၁၃ရက် ၁၉း၀၀ နာရီတွင် အောင်စေတီသာသနာ့ဗိမာန် ကျောင်းတိုက်(၁၀)မိုင်ကုန်း၊ မင်္ဂလာဒုံမြို့နယ်တွင် ကျဆုံးကွယ်လွန်သူငယ်ချင်းများအတွက် ဆွမ်းကပ်အမျှပေးဝေမယ်။

၂။၆-၃-၂၀၁၃ ရက် ၁၈း၀၀ နာရီတွင် ပန်ဒါစားသောက်ဆိုင်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်တွင် မိတ်ဆုံစားပွဲပြုလုပ်မယ်။

သူငယ်ချင်းတို့ မိသားစုနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဓာတုဗေဒသင်ပြကြမည့်၊ သင်ပြကြသည့် ဆရာ၊ ဆရာမများအတွက် သီးသန့် သိပ္ပံပညာချွန်ဆုရ Ph : 570178,570371,095029606

ဆရာ ဦးသန်းထွန်း(ဓာတုဗေဒ)

ဓာတုဗေဒ သီးသန့်သင်တန်း (အမှတ်စဉ်၇)

၁၀-တန်းသင်ရိုး (နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၃ နာရီ ထိ)
မတ်လ (၃၀)မှ ဧပြီ(၁၂) ရက်ထိ အခန်း 1 to 7, 13, 14, 15
ဧပြီ (၂၁)မှ ဧပြီ(၂၉) ရက်ထိ အခန်း 8, 9, 10, 11, 12

၉-တန်းသင်ရိုး မေ (၁)ရက် မှ မေ (၁၅)ရက်ထိ (သင်ရိုးအစအဆုံး)
မေးခွန်းများဆွေးနွေးမေးမြန်းနိုင်။
ယခင် သင်တန်းကြေး၏ သုံးပုံနှစ်ပုံသာ။
GCE 'O' Level မေးခွန်း(၆၇၄)နှင့်အဖြေများ။

အမှတ်(၂)၊ ၅-လွှာ၊လှည်းတန်း(၁)လမ်း(မီးပွိုင့် နှင့် လှည်းတန်းဈေးကြား)၊ ကမာရွတ်

W I S E (Weiluwun International) မတ်(၉)စသင်။

တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရရန်ရည်မှန်းပြီး အပြင်းအထန်ကြိုးစားနိုင်သူ(၉)ဦးသာယခုနှစ်လက်ခံသင်ကြားပေးမည်။ (အထူးအခွင့်အရေး)။ အပြင်းအထန်ကြိုးစားနိုင်သူများသာအပ်နှံပါ။
၀၉၇၃၃၄၄၀၃၃၊၀၉၅၀၉၃၃၇၂၇၉)၊ပထပ်၊ကျောက်မြောင်းလမ်း၊တာမွေ

ပတ္တမြားရတုအကြို မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖခင် ဦးစိုးထွန်း (အထပြ၊ငြိမ်း၊သဲကုန်း)-မိခင် ဒေါ်ခင်စောဝင်း(အထပြ၊ငြိမ်း၊သဲကုန်း) တို့၏ ၂၄-၂-၂၀၁၃ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက်ပတ္တမြားရတုအကြို မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နီလာရတု၊ ရွှေရတုတိုင် ကျန်းမာပျော်ရွှင်စွာဖြင့် မိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ရိုသေစွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သားသမီးများနှင့်ချစ်မြေးများ

* မောင်စောထွန်းခိုင် (S.A.E တည်ဆောက်ရေးဌာန၊ YCDC)-မသီတာစိုး [A.G.T.I (Civil), B-Tech (Civil), B.A(Eng)]
(သမီး) မပန်းဝတ်ရည်ဖြိုး(ခ)ဖောင်းဖောင်း
* မောင်သင်းအောင်(ကထိက၊သင်္ချာဌာန၊ပြည်တက္ကသိုလ်)-မကေသီထွန်း[A.G.T.I (E.C), B.Sc (Phy:)]
(သား) မောင်သန့်စည်သူအောင်
* မောင်မြတ်မင်းစိုး[First Engineer (F.G)]-မသန္တာစုယဉ်
(သမီး) မသီရိမြတ်စုယဉ်

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေဦးစိန်မော်(လက်ထောက်အင်ဂျင်နီယာ၊ မြို့ပြ၊ လမ်းအထူးအဖွဲ့-၁၃)နှင့် ချစ်မေမေ ဒေါ်စန်းစန်းရီ (ဌာနခွဲစာရေး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးခရိုင်) တို့၏ ၂၄-၂-၂၀၁၃ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး ထမ်းပိုးဆောင်ရွက်နိုင်ပါစေ။

သမီးကြီး - မအေးဆုမြတ်မော် (LLB, Dip:In English)၊ အထက်တန်းရှေ့နေ၊
သမီးငယ် - မသက်ဆုမြတ်မော် [B-Tech 2nd Year(Mechanical), Dip:in English]
သားငယ် - မောင်ခန့်သူရမော် (တက္ကသိုလ်ဝင်တန်း)၊ C.A.E ၊ မန္တလေး။

ဗီဒီယို၊ ဓာတ်ပုံ အာကိုင်း
AKAI Video & Photo Services

Office -
အမှတ် (၈)၊လသာလမ်း(အောက်လမ်း)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

Photo Studio -
အမှတ် (ဒီ ၉)၊ မင်္ဂလာလမ်း ၊ မင်းရဲကျော်စွာအိမ်ရာ၊
တာမွေကလေး(ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအနီး)၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့ ။
Ph - 09 4211 62666 , 09 86 18988 , 09 86 16669 , 01 86 03595

ဒုလ္လဘ သီလရှင်အပါး ၅၀၀ ဝတ်ပွဲ

မြိုင်သီလရှင်စာသင်တိုက် ပဌမအကြိမ် သီလရှင်ဝတ်ပွဲ ၅-၃-၂၀၁၃ ရက်မှ ၁၃-၃-၂၀၁၃ ရက် (အသက် ၇ နှစ်မှ ၅၀ အထိ) လာရောက်ဝတ်နိုင်ပါသည်။

နေ့ဆွမ်း-၁၀၀၀၀၀၊ အရုဏ်ဆွမ်း-၅၀၀၀၀၊ ဝတ်စုံတစ်စုံကျပ် ၅၀၀၀ ဖြင့် လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၁-၆၁၁၉၇၅၊ ၀၉-၇၃၀၆၂၈၁၇

တယောဦးတင်ရီ ဦးစီးသော နွေရာသီ ဂီတနှင့်ပန်းချီသင်တန်းများ

သင်တန်းအမျိုးအစားများ-
မြန်မာ့စောင်း၊ တယော၊ စန္ဒရား၊ အဆို၊ ဂစ်တာ၊ ပန်းချီ (ပန်းချီဝင်းဖေမြင့်ကိုယ်တိုင်သင်ကြားမည်။)
ဆက်သွယ်ရန်- အမှတ် (၆၆/၆၈)၊ ရှစ်လွှာ(အေ)၊ စံရိတ်ငြိမ် ၆လမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၉-၅၀၅၈၁၀၃၊ ၀၉-၄၃၁၆၄၁၅၃

တောင်သာမြို့နယ်အသင်း(ရန်ကုန်)

(၂၉)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

တောင်သာမြို့နယ်အသင်း၊ (ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်၍ အသင်းဝင်များ ပညာရည်ချွန်ဆုချီးမြှင့်ရန် လျှောက်ထားသူများနှင့် အသင်းဝင်လိုသူများ ကြွရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ခုနှစ်၊ မတ်လ(၂)ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက်(၉း၀၀)နာရီ
ကျင်းပမည့်နေရာ - ရွှေကျင်နိကာယသာသနာ့လင်္ကာရမ္မဗိမာန်တော်ကြီး ကြားတောရလမ်းနှင့်ကမ္ဘာ့အေးဘုရားလမ်းထောင့် (ရေခဲဆိုင်မှတ်တိုင်အနီး မီးပွိုင့်ထောင့်)

အသင်းဝင်များအတွက် ဗလာမပါ ကံစမ်းလက်ဆောင်အစီအစဉ်ပါရှိသည်။

အမှုဆောင်အဖွဲ့

စီးပွားပန်းခင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်း 09-73009869 09-73013432 09-73028433

ပထမနှစ်မှနောက်ဆုံးနှစ်ထိ **၆ အဝေးသင်**
စီးပွားရေး | စီးပွားစီမံ | မြန်မာစာ | ဥပဒေ | E- မေဂျာ | ပထဝီဝင် | သမိုင်း | ဒဿနိက | အရှေ့တိုင်း | စိတ်ပညာ

(1.2.2013)မှစ၍ကျောင်းအပ် လက်ခံမည်။
(28.2.2013)အတွင်းအပ်နှံသူများ (20%) Disscount ရမည်။
မြို့ထဲ - (၁၀၃) (၄-လွှာ)၊ (၄၂) လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်။
လှည်းတန်း - တိုက် (၂၃)၊ အခန်း(A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။

စမ်းချောင်းအဆင့်မြင့်ခြံကျယ်နှင့် တိုက်သစ်ရောင်းမည်

အာရှတော်ဝင်နှင့် ဆာကူရာဆေးရုံကြီး၊ ဝင်ဆာလမ်းအနီး၅၄ ပေ×ပေ၁၃၀ အကျယ်ရှိ ဆိတ်ငြိမ်ရပ်ကွက်၊ **ဖုန်း-၀၉-၅၀၇၄၀၇၀၊ ၀၉-၄၃၀၇၄၀၃၅၊ ၀၁-၂၃၀၄၅၀၉**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၅၊မြေကွက်အမှတ် ၁၆၃/က၊မြေကွက်တည်နေရာအမှတ်၁၆၃/က၊ ပင်းယ ၁၀လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဦးဘမောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဘမောင်၊(ဇနီး)ဒေါ်တင်တင်၊(သမီး) ဒေါ်မေမေရင်တို့အသီးသီး ကွယ်လွန်သဖြင့် ဦးခင်မောင်မြင့် ၁၂/ ဥကတ(နိုင်)၀၉၅၀၈၄၊ ဦးခင်မောင်ဝင်း ၁၂/ဥကတ(နိုင်)၀၉၅၂၀၇၊ ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၀၈၀၂၁၃၊ ဒေါ်စံပယ်၁၂/ ဥကတ(နိုင်)၀၇၂၆၇၉၊ ဦးစံသိန်း ၁၂/ ဥကတ (နိုင်) ၀၉၈၉၃၁တို့က သား၊သမီးနှင့် သားမက်တို့တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂၈၆ (၂၆-၁၂-၂၀၁၂)ရက်နှင့် ၁၇၇၆၀ (၆-၁၁-၂၀၁၂)ဖြင့် အထွေထွေ ကိုယ်စားလှယ် ဦးကျော်နိုင်ဦး ၁၂/တမန(နိုင်)၀၉၆၂၇၉မှ မြေပုံကူးလျှောက်ထားလာ ရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း အမှတ်တံဆိပ်
အသည်းအားဆေး

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE.

* အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။
* အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေသည်။
* ရေရှည်သောက်သုံးခြင်းဖြင့် အဆိပ်အတောက်အန္တရာယ်ကင်းရှင်းကြောင်းကိုလည်း သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။
* နာတာရှည်အသည်းရောဂါရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး၊ အသည်းရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရမည့် တိုင်းရင်းဆေးဖြစ်ပါသည်။
* ဤဆေးသည် အမှန်တကယ် ဆေးစွမ်းအာနိသင် ထက်မြက်ကြောင်းကို ခိုင်မာသော အထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းကို ဂုဏ်သိက္ခာ မြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသန ညီလာခံများတွင် တင်သွင်းခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာစာပေနှင့်ဆေးဝါးများကြော်ငြာစိစစ်ရေးအဖွဲ့၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း)၄၃/၀၄၁၃ ၊ တဆဝက(စာနယ်ဇင်း)၆၄/၀၇၁၄

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးအမှတ် ၂၆၊ နေပြည်တော်

လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)ရာထူး ၁၃ နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး (၁၃) နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရ ၁၂ ဦးနှင့် တက္ကသိုလ်များမှ အင်္ဂလိပ်စာ ဘွဲ့ရတစ်ဦး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား (လစာနှုန်းကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)တွင် ကနဦးလစာ ကျပ် ၅၉၀၀၀ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံးများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ် အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထား၍ နှစ်တိုးလစာကို ခံစားခွင့်ပြုမည် ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာ စီးပွားရေးတက္ကသိုလ်များမှ အောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများနှင့် တက္ကသိုလ်များမှ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)B.A(English) ရရှိပြီးသူများ ဖြစ်ရပါမည်။

(၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
(၂) စာရင်းကိုင်ပညာဘွဲ့ (B.Act)
(၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၄) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ(Economics)
(၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
(၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
(၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ (Statistics)
(၈) လူဦးရေစာရင်းအင်းပညာဘွဲ့ (B.P.S)

(ဂ) ၂၈-၂-၂၀၁၃ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ၊ အစိုးရဝန်ထမ်းများအား အသက်(၃၀)အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ အစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြေညာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ် ၅၀၀ ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၃၃။ ဘဏ္ဍာရေးနှင့်အခွန်၊ ၂။ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ **၁။ ပစ္စည်းများရောင်းချရငွေနှင့်ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက်ရငွေများ** ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ ဖက်စ်ငွေလွှဲလျှောက်လွှာများဖြင့် ပေးပို့ရန် ဖြစ်ပြီး ဖက်စ်ငွေလွှဲလျှောက်လွှာ၏ ငွေလက်ခံသူအမည်တွင် **လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်**ဟု ဖော်ပြ၍လည်းကောင်း၊ စာရင်းအမှတ်တွင် **MD-010624** ဟုဖော်ပြ၍ လည်းကောင်း၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် **ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း** ဟုဖော်ပြ၍ ငွေလွှဲပို့ရမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်(အသက်)
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့မဟုတ်) အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
(ဈ) အမြဲတမ်းလိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးပေးသွင်းချလန်မူရင်း/ဖက်စ်ငွေလွှဲပို့လွှာမူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) ရရှိသည့်ဘွဲ့၏ အမှတ်စာရင်းမိတ္တူ
(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၃၁-၁-၂၀၁၃ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက် မူရင်းတို့ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ အမှတ် ၂၆၊ နေပြည်တော်သို့လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာပြုလုပ်၍သော်လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)သို့ **၁၅-၃-၂၀၁၃**ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ **၂၂-၃-၂၀၁၃ရက်** နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို **၁၅-၃-၂၀၁၃ရက်** နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

(၁)နှစ်ပြည့်မွေးနေ့ဆုတောင်း

ချစ်သားလေး **သုတအေးချမ်း(ခ)ဖိုးသောကြာ** ၏ ၂၄-၂-၂၀၁၃ရက်တွင် ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့မှစ၍ နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ချစ်သောဖေဖေ၊ မေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝလေး ပိုင်ဆိုင်ပါစေ-

နှစ်ဖက်သော ဘိုးဘိုး-ဘွားဘွား
ဦးဦး၊ဒေါ်ဒေါ်၊ကိုကို၊မမများနှင့်
ဖေဖေ-ဦးအောင်အေးချမ်းလွင်(ဦးစီးအရာရှိ)ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
မေမေ-ဒေါ်နန်းထွေးစန္ဒာသိန်း(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
[ဦးသန်းအေး(စာရေးဆရာနီမိုး/သန်းငြိမ်းအေး)]-ဒေါ်ငွေမြင့်
(Water Resources Utilization Department)တို့၏ သားငယ်
မောင်ရန်အောင်မိုး B.E(Electrical Power)
HVAC Engineer (Bintai Kindenko Pte., Ltd, Singapore)
နှင့်
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ
ဦးသန်းဝင်း(ဥက္ကဋ္ဌ၊ စီမံခန့်ခွဲရေးကော်မတီ၊ ရွှေပေါက်ကံစက်မှုဇုန်)-ဒေါ်မြမြဝင်း
(Win Industry) တို့၏သမီးကြီး
မသန်းဆုဖြိုး B.E (Information Technology)
M.Sc(Information Systems)(Nanyang Technological University Singapore)

တို့သည် ရန်ကုန်မြို့ Sedona Hotel မင်းတုန်းခန်းမ၌ ၁၆-၂-၂၀၁၃ရက် (စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်အောင်မိုး-မသန်းဆုဖြိုး

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ -၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃၆

ကွယ်လွန်သူ ဒေါ်သန်းရီ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

အမှတ် ၇၉၊ ၁၅၇လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သန်းရီ၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးအုန်းဝေက အမွေဆက်ခံခြင်းအက်ဥပဒေအရ၊ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် မတ် ၄ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သန်းရီ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်)၊ ဆိုခဲ့သော ၂၀၁၃ခုနှစ် မတ် ၄ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ၊ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးအုန်းဝေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လုံသိမ်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ အမှတ် ၁၅၊ အာသာဝတီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၂၃M၊ မြေကွက်အမှတ် (III ၅)၊ ဧရိယာ ၀ ဒသမ ၀၂၈၈ဧကရှိ နှစ် ၉၀ဂရန်မြေ (ဂရန်သက်တန်း)နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးဇော်မြင့် ၁၂/အလန(နိုင်)၀၃၄၂၅၄၊ ဒေါ်ကြူကြူဆွေဝင်း ၁၂/အလန(နိုင်)၀၄၀၂၁၀၊ ဦးထွန်းထွန်း ၁၂/အလန(နိုင်)၀၃၄၂၅၃တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ (စဉ်-၇၁၂၄)	**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၂၂၃၆၆)**
တရားလွှတ်တော်ရှေ့နေ	**ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
	အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

အများသိစေရန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်းနေ (ဘ)ဦးစောအောင်ဝင်း ၁၄/ငပတ(နိုင်)၁၈၂၈၉၈၏ဇနီး နော်ဟဲနာဝင်းအားသဲဖြူရွာနေ မိခင် နော်စီပိုးရာနှင့် မန္တလေးမြို့၊ စိတ်ကြိုက်အဆောင်နေ ညီမဖြစ်သူ နော်ဒေစီချိုဝင်းတို့က ဈေးဝယ်ရင်း ဆေးကုရန်ဟု လာရောက်ခေါ်ယူကာ ပုသိမ်မြို့၊ သရက်ပင်မောင်နှမ ဦးပုညလမ်းရှိ ဒေါ်ဂျူး၊ ဒေါ်ဂရိတ်တို့နေအိမ်တွင် တည်းခိုဆေးကုနေရာ ယနေ့အထိ ပြန်မလာသေးပါ။ ဖုန်းအမှတ်-၀၉-၄၃၁၇၁၂၃၆ ကိုင်ဆောင်သူနှင့် ၀၉-၄၃၁၇၀၀၆၈ကိုင်ဆောင်သူတို့မှ ကျွန်တော်၏ဇနီး ကိုင်ဆောင်သောဖုန်း-၀၉-၄၄၄၀၀၁၇၂၆ဖုန်းကို ဝယ်ယူထားပါသည်။ ၎င်းအား မရိုးမဖြောင့်သောနည်းဖြင့် သွယ်ဝိုက်သွေးဆောင်ဖြားယောင်းထားရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် မိခင်နှင့်ညီမဖြစ်သူတို့က ပြန်လည်အကြောင်းကြားပေးရန် အသိပေး ကြေညာအပ်ပါသည်။

ခင်ပွန်း-အောင်မင်း
၁၄/ငပတ(နိုင်)၀၇၉၉၇၁

သန်လျင်မြို့ ဒေဝဒဟာသဗ္ဗသိဒ္ဓိနတ်စင်တစ်ရာဆရာတော် ဘဒ္ဒန္တပညာတေဇ၏ကံထပ်အလှူမင်္ဂလာ

နှစ်ဖက်မိဘများဖြစ်ကြသော ဦးဝင်းမောင်-ဒေါ်သန်းရီ၊ ဦးမြင့်သိန်း-ဒေါ်ရီရီသာတို့အား အမှူးထား၍ ကပ္ပတိန်ဝင်းသန်းဦး-ဒေါက်တာမီမီသိန်းမှ နတ်စင်တစ်ရာဆရာတော် ဘဒ္ဒန္တပညာတေဇအား ကံထပ်အလှူမင်္ဂလာကို ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ နတ်စင်တစ်ရာကျောင်းတော်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း ဘုရားဒါယကာ ဒါယိကာမများ၊ ရဟန်းဒါယကာ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

- နံနက် ၈ နာရီတွင် သိမ်ဝင်၍ ၉ နာရီတွင် သိမ်ဆင်းပါမည်။
- နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဧည့်ခံကျွေးမွေးပါမည်။
- နံနက် ၁၀ နာရီတွင် ရေစက်ချအနုမောဒနာတရားဟောကြားပါမည်။

အလှူရှင်ကပ္ပတိန်ဝင်းသန်းဦးနှင့် ဒေါက်တာမီမီသိန်း

ဓာတ်လှေကားအတွက်အလှူငွေပေးအပ်ပွဲ

ရွှေတောင်မြို့ သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ ဓာတ်လှေကား ဆောက်လုပ်ခြင်းအတွက် ပထမအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားဖိတ်ကြားလွှာ

ဓာတ်လှေကားဆောက်လုပ်နိုင်ရန်အတွက် ရပ်နီးရပ်ဝေးမှ လှူဒါန်းထားသော အလှူရှင်များအား (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်)၊ ၂-၃-၂၀၁၃ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရွှေနတ်တောင်စေတီတော်၏ ဧည့်ခန်းမဆောင်တွင် အလှူငွေပေးအပ်ပွဲအခမ်းအနား ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ ရွှေနတ်တောင်စေတီတော်ဂေါပကအဖွဲ့မှ ဖိတ်စာများပေးပို့ထားပြီးဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ဖိတ်စာမရရှိပါကလည်း ကြွရောက်ပါရန် ထပ်မံလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့
သမိုင်းဝင်ရွှေနတ်တောင်စေတီတော်မြတ်ကြီး
ရွှေတောင်မြို့

ရန်ကုန်တက္ကသိုလ် ၁၉၉၈-၂၀၀၀ခုနှစ် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

၁၉၉၃-၁၉၉၅ခုနှစ်၊ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၃ခုနှစ် ဧပြီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ကန်တော်ကြီးပဲလေ့ဟိုတယ် မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားတွင် ၁၉၉၄-၁၉၉၈နှင့် ၁၉၉၅-၂၀၀၀ခုနှစ် ဘွဲ့ရကျောင်းသားကျောင်းသူများမှလည်း ပါဝင်ကန်တော့မည်ဖြစ်ရာ သူငယ်ချင်းများအနေဖြင့် ပါဝင်တက်ရောက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

၁၉၉၈ ဘွဲ့ရများ		၂၀၀၀ ဘွဲ့ရများ	
ကိုထွန်းလှအောင်	ဖုန်း-၀၉-၅၀၃၀၁၃၁	ကိုသိန်းတင်	ဖုန်း-၀၉-၅၀၂၆၅၇၈
မတင်လင်းမောင်	ဖုန်း-၀၉-၅၁၄၁၉၄၆	ကိုဇော်မင်းထွန်း	ဖုန်း-၀၉-၅၁၃၉၀၆၈
မခင်ဆွေဦး	ဖုန်း-၀၉-၇၃၀၉၄၁၅၂	မအေးမြစိုး	ဖုန်း-၀၉-၅၁၃၇၉၆၄
မခင်စီဝင်း	ဖုန်း-၀၉-၅၀၁၃၈၇၁	မသင်းသင်းထွန်း	ဖုန်း-၀၉-၅၅၀၂၃၅၅
မဝင့်ဝင့်အောင်	ဖုန်း-၀၉-၅၁၇၆၂၉၁	ကိုဝင်းမင်းသိန်း	ဖုန်း-၀၉-၅၁၇၀၃၁၇

ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မမှာရုံလမ်း၊ အမှတ်(၃၀)၊ မြေညီထပ်(B)၊ ဧရိယာ(၁၅'×၆၀') အကျယ်အဝန်းရှိတိုက်ခန်းနှင့်၎င်း၏ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါတိုက်ခန်းကိုရောင်းချသူဦးဆန်းနိုင်ဝင်း(၉/ညဥန(နိုင်)၁၁၅၀၂၅)သည်မိမိပိုင်ဆိုင်ကြောင်း၊ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြီးကျွန်ုပ်၏မိတ်ဆွေသို့ရောင်းချသည့်အတွက်ရောင်းကြေးတန်ဖိုးငွေအချို့ကိုရောင်းချသူထံပေးချေထားပါသည်။ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစပြီ(၇)ရက်အတွင်း ခိုင်လုံသောစအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါကဤအရောင်းအဝယ်ကိုအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ဝယ်သူတွင်တာဝန်မရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မိမိလှိုင် (LL.B)
လွှဲအပ်ညွှန်ကြားချက်အရ - တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
အေရှပလာဇာ၊ အခန်း (၀၂-၂၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် (က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၂၁ ခေါင်းရင်းဘက်ခြမ်း၊ လေးလွှာ အခန်းကို ဒေါ်နေဇာမင်းဒင် ၁၂/တမန(နိုင်)၀၀၁၅၁၁ထံမှ ကျွန်ုပ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးစိန်ဝင်း
No-100 (A) မြေညီ၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၇၃၀၇၆၀၃၈

ကြော်ငြာ

အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ   စက္ခုဒါနမျက်စိအခမဲ့ကုသပေးရေးအစီအစဉ်

သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက ဘဒ္ဒန္တစန္ဒသိရီ(ဓမ္မကထိကဗဟုဇနဟိတရေ)နှင့် Fo Guang Shan (Taiwan) ဆရာတော် Ven Hsin Ting တို့၏ ဦးဆောင်မှုဖြင့် အောင်စကြာ ပရမေတ္တာ ဖောင်ဒေးရှင်း၏ စက္ခုဒါန (မျက်စိအခမဲ့ကုသပေးရေး)အစီအစဉ်မှ မျက်စိဝေဒနာရှင်များအား ကုသလျက်ရှိပါသည်။ မျက်စိအခမဲ့ ကုသရေးဆေးရုံ ဖွင့်လှစ်နိုင်ရန်လည်း ပြည်တွင်းပြည်ပအလှူရှင်များမှ စီမံလျက်ရှိပါသည်။ ကုသိုလ်ရှင်များအနေဖြင့် လှူဒါန်းလိုပါက အောင်စကြာဆရာတော် ဖုန်း-၅၄၇၀၂၈ (သို့မဟုတ်) ၀၉-၅၁၄၇၃၈၂သို့ ဆက်သွယ် လှူဒါန်းနိုင်ကြပါသည်။

စက္ခုဒါန အလင်းဓာတ်လှူဒါန်းရေးကုသိုလ်ရှင်များ

၄၃။	မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၂၀၉)ကော့သောင်းမြို့	၈၃၅၂၀၀	၆၆။	ဦးသန့်ဇင်-ဒေါ်ခင်အေးအေးလှိုင်၊ သမီး ယွန်းနဒီ၊ ဗဟန်း	၅၀၀၀၀
၄၄။	ကွယ်လွန်သူများ(ရည်)ဒေါ်ခင်ခင်ငြိမ်း(ညွှန်မှူး)နှင့် ဒေါ်မြမျိုးသွယ်၊ ဘိုကလေးဈေးလမ်း	၅၇၀၀၀၀	၆၇။	ဒေါ်စိန်ကျိုး(ရည်)ဦးဖေသိန်း-ဒေါ်လှကြည် မုဒုံ	၅၀၀၀၀
			၆၈။	ဦးတေဇောဘာသ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ၊ (၂၀၉)ကော့သောင်း	၅၀၀၀၀
၄၅။	ဦးစံမောင်-ဒေါ်မြင့်ရီ မိသားစု၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့	၃၀၀၀၀၀	၆၉။	ဦးစံတင်-ဒေါ်တင်ထွေးမိသားစု၊ အေးမြကန်သာ၊ ကော့သောင်း	၅၀၀၀၀
၄၆။	ဒေါက်တာထွန်းမြင့်-ဒေါ်ထွေးထွေးရီ၊ ထိုင်ဝမ်	၃၀၀၀၀၀	၇၀။	ဒေါ်လီလီဝိုင် သားသမီးများ၊ ကော့သောင်း(ယုဇန)	၅၀၀၀၀
၄၇။	စိန်မိသားစု ဘိလပ်မြေရောင်းဝယ်ရေး၊ ဖလမ်း၊ ပုသိမ်ညွှန့်	၂၃၀၀၀၀	၇၁။	မအေးယုမိသားစု၊ ကော့သောင်းမြို့	၅၀၀၀၀
၄၈။	ဦးရီရှင်း-ဒေါ်မြင့်မြင့်သန်း၊ ရီရှင်းအလှကုန်၊ မန္တလေးမြို့	၂၀၀၀၀၀	၇၂။	ဒေါ်နန္ဒာစာရီ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၉) ကော့သောင်းမြို့	၅၀၀၀၀
၄၉။	ဦးစိုးငြိမ်း-ဒေါ်တင်ရီမိသားစု၊ ထူပါရုံ၊ သာကေတ	၁၀၀၀၀၀	၇၃။	ဒေါ်က္ကန္ဒာစာရီ၊ အေးမြကန်သာ၊ ကော့သောင်းမြို့	၅၀၀၀၀
၅၀။	ဦးလေးမောင်မိသားစု၊ စုပေါင်းအိမ်ရာ၊ သာကေတ	၁၀၀၀၀၀	၇၄။	ဦးဘုန်းမြင့်-ဒေါ်ခင်မြမြ၊ ကော့သောင်းမြို့	၅၀၀၀၀
၅၁။	ဦးစောမြင့်-ဒေါ်နုနုကြင်၊ဒေါက်တာသာသာဦး၊ အင်းလျားလမ်း	၁၀၀၀၀၀	၇၅။	ဦးအင်ဖွာ(ရည်)ဒေါ်မြင့်ကြည်၊ သမီး ဖြူဖြူသန့်၊ ကော့သောင်းမြို့	၅၀၀၀၀
၅၂။	ဦးစိုးအောင်-ဒေါ်သီတာချို၊ ဖြိုးရတနာအထည်ဆိုင်၊ ကော့သောင်း	၁၀၀၀၀၀	၇၆။	ဦးထွန်း-ဒေါ်ကြည်အေး၊ ကော့သောင်းမြို့	၅၀၀၀၀
၅၃။	ဦးသိန်းလွင်-ဒေါ်ခင်ခင်ဌေး၊ ကော့သောင်းမြို့	၁၀၀၀၀၀	၇၇။	ဦးဖေမောင်-ဒေါ်တင်သိန်း၊ မောင်းမကန်အထည်ဆိုင်၊ ကော့သောင်းမြို့	၅၀၀၀၀
၅၄။	ဦးမြတ်သောင်း-ဒေါ်အေးအေးသန်း၊ ကော့သောင်းမြို့	၁၀၀၀၀၀	၇၈။	ဒေါ်သိန်းညွှန့်၊ မခင်ခင်ထွေး၊ ပိတောက်ရွှေဝါ၊ ကော့သောင်းမြို့	၅၀၀၀၀
၅၅။	ဦးစိုးဝင်း-မငယ်၊ သား သူရစိုး၊ ကော့သောင်းမြို့	၁၀၀၀၀၀	၇၉။	ကိုခင်သန်း-မမြမြညွှန့်၊ ဘုရင့်နောင်၊ ကော့သောင်းမြို့၊	၅၀၀၀၀
၅၆။	ဦးခင်လတ်မိသားစု (အောင်သုခ)ကော့သောင်းမြို့	၁၀၀၀၀၀	၈၀။	ဦးမောင်ဝင်း-ဒေါ်ခင်မြင့်၊ သမီး နီနီဝင်း၊ ရွှေဇင်ယော်၊ ကော့သောင်းမြို့	၅၀၀၀၀
၅၇။	ဦးဝင်းကျော်-ဒေါ်မိုမိုလွင် 3D မိသားစု၊ ကော့သောင်းမြို့	၁၀၀၀၀၀	၈၁။	ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်း၊ ရွှေဇင်ယော်၊ ကော့သောင်းမြို့	၅၀၀၀၀
၅၈။	ရဲမှူးဝင်းသိန်း-ဒေါ်လှိုင်မြင့်သူ၊ သမီး ယွန်းမြအေး၊ ကော့သောင်းမြို့	၁၀၀၀၀၀	၈၂။	ဒေါ်စီစီဝင်းမိသားစု၊ အေးရိပ်ငြိမ်၊ ကော့သောင်းမြို့	၅၀၀၀၀
၅၉။	ဦးကျော်လှိုင်မွေးနေ့အလှူ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်	၁၀၀၀၀၀	၈၃။	ဒေါ်မိစန်းမိသားစု၊ ကော့သောင်းမြို့	၅၀၀၀၀
၆၀။	ဦးညွှန့်စိန်-ဒေါ်တင်သူဇာကျော် အထက်ပုဇွန်တောင်လမ်း	၁၀၀၀၀၀	၈၄။	ဦးဝင်းကို-ဒေါ်ဥမ္မာ၊ လွင်မာမြင့်၊ ချစ်သဲအိမ်၊ ကော့သောင်းမြို့	၅၀၀၀၀
၆၁။	ဦးဇော်အောင်-ဒေါ်မြင့်မြင့်အေး၊ စံအိမ်ဦးပရိဘောဂ၊ တာမွေ	၁၀၀၀၀၀	၈၅။	ဒေါ်ရီရီစန်းမိသားစု၊ သီရိမြိုင်၊ ကော့သောင်းမြို့	၅၀၀၀၀
၆၂။	မောင်ကျော်-မနီလာဝင်း၊ ဝေယံကျော်၊ ယွန်းဝတီကျော်၊ ထိုင်ဝမ်	၁၀၀၀၀၀	၈၆။	ဦးစိုးသိန်း-ဒေါ်ကြည်အေး၊ ခင်သီတာလင်း၊ ကော့သောင်းမြို့	၅၀၀၀၀
၆၃။	ဦးမျိုးဝင်း(ရည်)ဒေါ်မှတ်စိန်၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း	၁၀၀၀၀၀	၈၇။	ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်သိန်းမိသားစု၊ စံရိပ်ငြိမ်၊ ကမာရွတ်	၅၀၀၀၀
၆၄။	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနတ်မောက်ဆရာတော်၊ သာကေတ	၁၀၀၀၀၀	၈၈။	မလရိပ်ဖြူ မွေးနေ့အလှူ စံပါယ်လမ်း၊ မေတ္တာညွှန့်	၅၀၀၀၀
၆၅။	ယုဇန ဆီချောစက်ရုံမိသားစု၊ သာကေတ	၁၀၀၀၀၀	၈၉။	ဦးညီညီလတ်-ဒေါ်မေဇွန်ဦး၊ ထက်မြတ်နိုးခင်၊ စုပေါင်းအိမ်ရာ	၅၀၀၀၀

(ကုသိုလ်ရှင်များအား ဆက်လက်ဖော်ပြပေးပါမည်။)

အောင်စကြာဆရာတော်ကြီး၏ စက္ခုဒါန အထူးဓမ္မသဘင်ကို စီစဉ်လိုပါက ပင့်လျှောက်နိုင်ပါသည်။ မျက်စိကုသလိုသူများသည် အတွင်းရေးမှူး ဦးမင်းမင်းဆွေ ဖုန်း-၀၉-၇၃၁၉၂၄၀၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁-၃-၂၀၁၃ရက်မှစ၍ Max Energy Co.,Ltd. ၏ ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများ ကြို/ပို့ ပြုလုပ်ရန်အတွက် ကြို/ပို့အငှားယာဉ်၊ ငှားရမ်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၄၈၀၁၀၅၉၆၊ ၀၁-၂၅၅၈၁၉-၃၉၊ လိုင်းခွဲ-၇၀၈/၇၁၀/၇၂၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၈

ဒေါ်နန်းလှိုင်ပါ-၇ဦး **နှင့်** ၁။ ဒေါ်ကျောက်လန်
၂။ ဒေါ်အားချွင်(ခ)သီတာခိုင်
၃။ ဦးစံသိန်း(ခ)ချိန်ယုတ်ခန်း

တရားလိုများ **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၄/၈)နေ ၁။ ဒေါ်ကျောက်လန်၊ ၂။ ဒေါ်အားချွင်(ခ)သီတာခိုင်၊ ၃။ ဦးစံသိန်း(ခ)ချိန်ယုတ်ခန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၅၀၂၀၀၀၀၀(ကျပ်သိန်းတစ်ထောင့်ငါးရာနှစ်သိန်းတိတိ) ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၈ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

သစ်မွှေးစိုက်ခင်းဆိုင်ရင်

သစ်မွှေးဆိုရင် ပထမ ယူနီဗာစ်က စတာပါ။
ဆင်းရဲ သူ ချမ်းသာ ပြီး
ချမ်းသာ သူပို၍ ချမ်းသာ အောင်
အားလုံးတစ်သက်တာနေ့ခင်းရေးစိတ်အေးရမယ့် ယူနီဗာစ် ကုမ္ပဏီမှ
သစ်မွှေးမျိုးကောင်းပျိုးထုပ်အရွယ်စုံများကို
လက်လီလက်ကားဝယ်ယူစိုက်ပျိုးရောင်းချကြပါစို့။
အပင်(၁၀၀)ဝယ်လျှင် (၅)ပင်လက်ဆောင်။
နယ်ရုံးခွဲမရှိပါ။ နယ်မှ ဝယ်လိုသူများအား ဂိတ်သို့အရောက်အခမဲ့ ပို့ဆောင်ပေးပါသည်။

၁။ အမှတ်-၆၀(A-1)၊အာဇာနည်လမ်း၊ရွှေတိဂုံအရှေ့ဘက်မုခ်၊အလယ်ပစ္စယာအနီး။ ရခိုင်ဓမ္မာရုံနောက်ကျော၊ဗဟန်းမြို့နယ်။
၂။ အမှတ်(H-3)၊ဆင်ကန်ပတ်လမ်း။ မြေပဒေသာကျွန်း။
၃။ ငါးဆူတောင်ပေါဝန်နန်းခြံ၊ ညောင်နှစ်ပင်ခြံ၊ တကူတုံးခြံ၊ အမျိုးသားညီလာခံအနီး။ လှည်းကူးမြို့နယ်။

01-381615, 09-8586399, 09-43066226, 09-5114911, 09-73030623

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၂၄(ပထမထပ်)၊ (၁၃ပေ ×ပေ ၅၀)ရှိ ဟောင်ကောင်နှစ်ခန်းတွဲ၊ လေးထပ်တိုက်အဆောက်အအုံ၏ မျက်နှာမူလျှင်(ယာ)တိုက်ခန်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ရန်အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်တင်အုန်း ၁၂/တမန(နိုင်)၀၃၄၆၃၂နှင့် ဒေါ်မာမာလေး ၁၂/တမန(နိုင်)၀၆၅၉၄၃တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေကြီး
အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၄၉၃၂၂၉၄၁၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

---

(၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

(၂၄-၂-၂၀၀၃) - (၂၄-၂-၂၀၁၃)

ဗိုလ်မှူးကြီးစိုးသိန်း

တေဇ (၁)

အနန္တကျေးဇူးရှင် ဖခင်ကြီးအား ရည်စူး၍ လစဉ်နှင့် နှစ်စဉ်နေ့များတွင် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။

ရောက်ရာဘုံဘဝမှ အဖေ သာဓုခေါ်ဆိုနိုင်ပါစေ-

ချစ်ဇနီး - ဒေါ်သန်းချစ်
ချစ်သား - ကိုတေဇာစိုး
ဗိုလ်မှူးဧယျာစိုး-မပြည့်စုံဝင်း
ချစ်မြေး - မောင်ဟိန်းဧယျာစိုးသိန်း
မောင်အောင်ဧယျာစိုးသိန်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၇၂၊ မြေကွက်အမှတ် ၇၃၀/ခ၊ မြေကွက်တည်နေရာအမှတ်(၇၃၀/ခ)၊ အောင်သပြေလမ်း၊ (၇၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးတင်လှ ၁၂/မဂဒ(နိုင်)၀၀၇၄၅၃ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးတင်လှထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးပန်းအောင် ၁၂/ရကန(နိုင်)၀၁၆၉၁၂က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၂၊ မြေကွက်အမှတ် ၁၉၃/က၊ မြေကွက်တည်နေရာအမှတ် ၁၉၃/က၊ မန္တလေးလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးသိန်းနိုင်ဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းနိုင်ဝင်းထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန်းဝင်း ၉/ကပတ(နိုင်)၀၀၉၁၀၃က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အောက်ဖော်ပြပါ မြေနှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဒေါ်မိုးဝါဝါ ၅/ဟမလ(နိုင်)၀၅၅၃၇၉ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

(၁) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ကွင်းအမှတ် ၅၄၂၊ ဦးပိုင်အမှတ် ၃၊ ဧရိယာ ၀ ဒသမ ၀၄၅၄ ဧကရှိ မြေပိုင်မြေနှင့်

(၂) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ကွင်းအမှတ် ၅၄၂၊ ဦးပိုင်အမှတ် ၆၆၊ ဧရိယာ ၀ ဒသမ ၀၂၉၉ ဧကရှိ နှစ် ၉၀ မြေငှားမြေတို့အပြင် ယင်းမြေကွက်များပေါ်ရှိ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ကျားရှာဝင်း၊ ၈၁ လမ်း၊ ၃၅ နှင့် ၃၆ လမ်းကြား၊ အမှတ် ၄၃၉ ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ။

အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးကျော်နိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၉၃)
အမှတ် ၅၆၃ (ပထမထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၉၁၀၃(ခ)၊ ဧရိယာ (၆၀´×၁၀´) အကျယ်အဝန်းရှိ ဒေါ်အေးချစ်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ (၃၁)လမ်း။ အိမ်အမှတ်-၉၁၀(ခ) ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်စာချုပ်ဖြင့် နောက်ဆုံးလက်ရှိထားဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်နိုင် (၁၂/ဥကတ (နိုင်) ၁၉၆၅၆၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စောကေသီကျော်	ဒေါ်အေးမင်းသန့်	ဒေါ်ခိုင်ခိုင်ထွန်း
(စဉ်-၃၉၃၂၇)	(စဉ်-၃၀၀၁၁)	(စဉ်-၃၉၇၀၁)

(အထက်တန်းရှေ့နေများ)

ဖုန်း-၀၉ ၄၂၀၁၇၄၀၄၅၊ ၀၉-၄၅၀၀၂၇၈၃၃၊ ၀၉-၄၅၀၀၀၆၀၃၉
အမှတ်-၃၉၊ သာယာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။

အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ဦးလှမြင့် ၁၂/သလန(နိုင်)၁၁၆၄၆၄ မှ ၁၈-၁၀-၂၀၁၂ ရက်က ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ဦးမျိုးသန့် ၇/ညလပ(နိုင်)၁၀၀၈၈၂ သို့ ပြုလုပ်လွှဲအပ်ပေးခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၈၇၃/၂၀၁၂ အား ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထိုက် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ် ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထမလုံကျေးရွာနေ ဦးမူတူးဆာမိ ၁၂/သလန(နိုင်)၁၁၀၆၆၅ မှ ၂၆-၁၀-၂၀၁၂ ရက်က ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ဦးခင်မောင်အေး ၁၂/မဂဒ(နိုင်)၀၁၅၆၀၄ သို့ ပြုလုပ်လွှဲအပ်ပေးခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၃၂၀/၂၀၁၂ အား ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမူတူးဆာမိ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထိုက် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ် ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

ကြော်ငြာ

ဗိုလ်ချုပ်မင်းဂေါင် (ငြိမ်း)

(ကြည်း-၆၃၁၅)၊ ဗိုလ်သင်တန်းအပတ်စဉ်-၇
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၃၅(B)နေ (ဦးစံ-ဒေါ်ရွှေ)တို့၏သား၊ (ဒေါ်ခင်မေ)၏ခင်ပွန်း၊ (ဦးအောင်မင်းဦး)-ဒေါ်သန်းသန်းဌေး၊ ပါမောက္ခ ဒေါက်တာနေဝင်း-ဒေါ်မေမေသွဲ့၊ ဦးညီညီဦး-ဒေါ်ဥမ္မာဝင်းလွင်တို့၏ဖခင်၊ မဝတီမင်း-ဗိုလ်မှူးနေထွန်း၊ ဒေါက်တာမင်းဂေါင်ဦး၊ မောင်ထက်ဝေမင်း၊ မောင်ရဲရင့်မင်းဂေါင်၊ မောင်ရဲရင့်ဖုန်း၊ မယမင်းခင်၊ မရူပါနေဝင်းတို့၏အဘိုး၊ မယွန်းဝေဖူး၊ မသီရိက္ခေ္ခနွေထွန်း၊ မောင်စွမ်းရည်ထွန်းတို့၏ဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) ည ၁၀း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၂-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျင်လှိုင်

(မုံရွာမြို့)
အသက်(၈၅)နှစ်

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးမြင့်စိုး-ဒေါ်ခင်မာစိန်တို့၏ဖခင် ဦးကျင်လှိုင် အသက်(၈၅)နှစ်သည် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း
(MGMA)

ဝမ်းနည်းကြေကွဲခြင်း

ဦးအုန်းရွှေ (မြစ်ကြီးနား)

အသက်(၆၉)နှစ်

ဦးရာဇာမျိုး-ဒေါ်မီမီစံ(ရွှေမနော‌မြေ Co., Ltd.)တို့၏ဖခင်ကြီး ဒေါ်သန်းသန်းအေး (မနောမြေဆန်ပွဲရုံ၊ ဘုရင့်နောင်)၏ခင်ပွန်း ဦးအုန်းရွှေသည် ၁၆-၂-၂၀၁၃ရက် နံနက် ၇း၄၅နာရီတွင် S.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝိဇယမင်္ဂလာစာသင်တိုက်၊ ဝေယျာဝစ္စလူငယ်များ
စံပြရပ်ကွက်၊ ကွမ်းခြံကုန်းမြို့

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဗိုလ်ကြီးဒေါ်တင်မြင့်ဦး(ငြိမ်း)

(အတွတ် N-၁၇၄)
ဒုတိယအပတ်စဉ်စစ်သူနာပြု
(သထုံမြို့)
အသက်(၇၄)နှစ်

သထုံမြို့၊ဒိစတြိတ်ကောင်စီ အတွင်းရေးမှူး (ဦးကြင်ဖေ-ဒေါ်ခင်ကျော့)တို့၏သမီး၊ (ဒေါ်သန်းတင်)၊ (ဦးအေး)-ဒေါ်ခင်စောဦးတို့၏ညီမ၊ (ဦးမြင့်လွင်)-ဒေါ်စုစုဦး၊ ဦးထွန်းအောင်-ဒေါ်မြင့်မြင့်ဆွေ၊ ဦးဝင်းမောင်-ဒေါ်ခင်စိုးမြင့်တို့၏အစ်မ၊ တူ၊တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၃-၂-၂၀၁၃ရက်(စနေနေ့)နံနက် ၀၀း၃၀နာရီတွင် အမှတ် ၁၁၄၁၊ ရာဇသူရ၊ ၁၅လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါ အမှတ် ၁၁၄၁ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ တံတား ဒါယိကာမကြီး

ဒေါ်ခင်ပု (ကဝမြို့)

(မဟာစည်ယောဂီဟောင်း)
အသက်(၇၇)နှစ်

ကဝမြို့၊ရန္တာဗိုလ်လမ်းနေ(ဦးလှတင်-ဒေါ်အေးစိန်)၊ ဒိုက်ဦးမြို့နေ (ဦးစိန်-ဒေါ်စောညွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးစိုးအောင်-ဒေါ်လှလှလွင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၊ ကဝမြို့နေ ဒေါ်သန်းနုရီ၊ ဦးခင်မောင်ရီ၊ ဒေါ်စန်းမြင့်ရီ၊ ဒေါ်တင်ဝင်းတို့၏အစ်မကြီး၊ ကိုသက်တင်၊ မအေးအေးမွန်၊ မောင်ကိုကိုလွင်-မမိုးမိုးမြင့် (အထက၊ အုန္ဒဲ)၊ မောင်ကိုကိုဇင် - မသင်းဝတ်ရည်တို့၏မိခင်၊ ဦးစံအုံးတင်(လက်ထောက် တိုင်းပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ မြေး နှစ်ယောက်တို့၏အဘွားသည်၂၂-၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကဝမြို့နေအိမ်မှ ကဝမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်မြင့်ဦး(ခ)မတွတ်

ဗိုလ်ကြီး(ငြိမ်း)၊ စစ်သူနာပြု၊ အပတ်စဉ်-၂
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် ၁၁၄၁၊ ရာဇသူရ ၁၅လမ်းနေ သထုံမြို့နယ်အသင်းဝင် ဒေါ်တင်မြင့်ဦးသည် ၂၃-၂-၂၀၁၃ရက် (စနေနေ့) နံနက် ၁း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ ပို့ဆောင်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဦးသန်းကျော်(ခ)ရခိုင်ကြီး

(စစ်တွေ)
(သားရေအိတ်ခါးပတ်ရောင်းဝယ်ရေး၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်)
အသက်(၄၇)နှစ်

စစ်တွေမြို့၊ လမ်းမတော်တောင်၊ ထန်းပင်ရင်းရပ်ကွက်နေ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊အမှတ်၁၈၅၊သစ်ခွမြိုင်လမ်း၊ (၁၄)ရပ်ကွက်နေ (ဦးထွန်းအောင်ကျော်) - ဒေါ်စောယဉ်ဦးတို့၏သား၊ ဦးထွန်းမောင်-ဒေါ်သန်းအေး (အထက-၂၊ စစ်တွေ)၊ ဦးထွန်းဝင်း-ဒေါ်သန်းနုတို့၏ညီ/မောင်၊ ကိုသန်းအောင်(ခ)ဌေးဌေး၏အစ်ကို၊ တူ၊ တူမငါးယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးသည် ၂၃-၂-၂၀၁၃ရက် နံနက် ၅း၀၈နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (လှိုင်သာယာမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီ

အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၈၊ သပြေညိုလမ်း၊ (ခြောက်လွှာ-ခြေရင်းခန်း)နေ (ဦးလှသန်း-ဒေါ်မြစ်)တို့၏သမီး၊ (ဦးဘိုးကာ-ဒေါ်ကြာဆိုင်)တို့၏ချွေးမ၊ (ဂီတစာဆို မုံရွာ ဦးလေးခန့်)၏ဇနီး၊ ဦးခန့်ကျော်သူ-ဒေါ်မြတ်မော်၊ ဦးမျိုးတင့်၊ ဦးမျိုးမင်း-ဒေါက်တာစန္ဒီမာလာ၊ ဒေါ်စန်းစန်းတင့်(သ/မဝန်ကြီးဌာန၊ နေပြည်တော်)-ဦးဉာဏ်လင်း(အခြေခံဥပဒေခုံရုံး၊ နေပြည်တော်)၊ ဦးအောင်သူ-ဒေါ်ခင်မိမိ၊ ဒေါ်သန်းသန်းဥ၊ ဒေါ်လှလှမြင့်(သ/မဝန်ကြီးဌာန၊ နေပြည်တော်)၊ (ဦးနေလင်း)၊ ဦးဂုဏ်ရောင်တို့၏မိခင်၊ ဦးနိုင်လင်းဇော်(အထက်တန်းရှေ့နေ)၊ မနီလာစိုးသူ၊ မဇင်သူသူအောင်၊ မောင်မင်းသူရိန်အောင်၊ မောင်ရန်နိုင်အောင်တို့၏ ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြမြ (သထုံမြို့)

(ပြည်မြို့)
အသက်(၆၅)နှစ်

သထုံမြို့နေ (ဦးလှကျော်-ဒေါ်တင်)တို့၏သမီး၊ ဦးတင်ဦး၏ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း)-ဒေါ်ဝင်းကြည်တို့၏ညီမ၊ ဗိုလ်ကြီးနိုင်သူ-ဒေါ်သင်းသင်းလှိုင်၊ ဦးသန်းဇော်ဦး-ဒေါ်ဆွေဆွေမွန်၊ ဦးသူရကျော်လင်းတို့၏မိခင်၊ မနေလဝန်း၊ မောင်ရွှေခန့်ပိုင်တို့၏အဘွားသည် ပြည်မြို့အောင်ဆန်း ပြည်သာယာအပိုင်း ၃၊ ၈လမ်း၊ အမှတ် ၁၁၀နေသူသည် ၂၂-၂-၂၀၁၃ရက် ည ၉နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်လှကြည်

ပျဉ်ချဆိပ်(ကျုံပျော်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ ၇လမ်း၊ အမှတ် ၁၀၉၆နေ (တိုင်းရင်းဆေးဆရာကြီး ဦးမောင်ချစ်-ဒေါ်အေးမြိုင်)တို့၏ သမီး၊ (ဦးမြအောင်-ဒေါ်သန်းညွန့်)တို့၏အစ်မ၊ (ဦးအုန်းမြင့်)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ညွန့်ညွန့်စန်း၊ ဒေါက်တာအုန်းသန်း(ရူပဗေဒဌာန၊ တောင်ငူတက္ကသိုလ်)-ဒေါ်စန္ဒာသိန်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၃-၂-၂၀၁၃ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအေးလွင်

ဦးစီးအရာရှိ(ဘဏ္ဍာရေး၊ ငြိမ်း)
ငွေစာရင်းဦးစီး၊ ဆောက်လုပ်ရေး
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက် ၂၆၃၊ အခန်း ၁၅နေ (ဦးထွန်းလွင်-ဒေါ်ပု)တို့၏သား၊ (ဒေါ်ခင်သန်းဌေး၊ ရုံးအုပ်၊ မြို့ရွာ/အိုးအိမ်)၏ခင်ပွန်း၊ ဦးကျော်ဆန်း(တဆရ-၉၊ ဆည်မြောင်း)-ဒေါ်မိုးဖြူအေး၊(မောင်သီဟသူ)တို့၏ဖခင်၊ မအိအိဆုလှိုင်(Second year NA, MMU)၊ မမြတ်သော်တာ (G-10, S၊ ထ-၂၊ ဗဟန်း)၊ မောင်ချမ်းမင်းစည်(G-8, C၊ ထ-၂၊ဗဟန်း)တို့၏အဘိုးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ညိုတင် (တောင်စွန်း)

အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းအင်းဘုန်းကြီး ရပ်ကွက်နေ (ဦးကျော်ရှိန်)၏ဇနီး၊ (ဦးထွန်းချစ်)-ဒေါ်ကြည်ကြည်၊ ဦးသိန်းသန်း-ဒေါ်ရီရီ(ခ)ဒေါ်ခင်နှင်းရီ၊ ဦးကြည်မြင့်-ဒေါ်သီသီဝင်း၊ ဒေါက်တာမျိုးမင်း-ဒေါက်တာတင်မျိုးနိုင်တို့၏မိခင်သည်၂၃-၂-၂၀၁၃ရက် မွန်းလွဲ ၁း၂၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးအောင်မြင့်သန်း(ခ) ဦးရွှေမန်း (လှည်းဆိပ်)

(ကျောက်မြောင်း၊ တာမွေ)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အခန်းအမှတ် ၀၂(F)၊ မြန်မာ့ဂုဏ်ရောင်ကွန်ဒိုနေ (ဦးလှိုင်ဆို-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးအောင်မြိုင်)-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ ဦးမျိုးလွင်-ဒေါ်ကျင်အုံးတို့၏မောင်၊မလင်းအိအိမွန်(ခေတ္တာ-စင်ကာပူ)၏အစ်ကို၊ ဒေါ်အေးမြမြကြည်၏ခင်ပွန်း၊ မောင်အာကာထက်အောင် (TTC, Grade-X)၊ မောင်ဘုန်းပြည့်စုံ (TTC, Grade-4, I) တို့၏ဖခင်သည် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးသောင်း(ကျိုက်လတ်)

အသက်(၆၇)နှစ်

ကျိုက်လတ်မြို့၊အမှတ် ၁၂၇၊ ၉×၁၀ ဦးစန္ဒာလမ်းနေ (ဦးဘကျော်-ဒေါ်မြတင်)တို့၏သမီး၊(ဦးမဲ၊ နဂါးပျံမြမြဆေးလိပ်ခုံ)၏ဇနီး၊ ဆရာတော်ဦးဥက္ကဋ္ဌဉာဏ (လယ်တီမူရိပ်သာ၊ ဘိုကလေး)၏ မယ်တော်၊ဒေါ်လှလှမြင့်(အလပြ၊ အောင်လှိုင် အလက-ခွဲ)(ဦးအေးထွေး)-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ရီရီမြင့်(မြို့နယ်ဦးစီးမှူး၊ ပြန်/ဆက်ဦးစီးဌာန၊ ဘိုကလေး)၊ ဒေါ်သန်းသန်းနု၊ ဒေါ်ကြည်ကြည်ဆွေ(မြိုင်-အပ်ချုပ်သင်တန်း)တို့၏မိခင်၊ မောင်အောင်ဇာနည်ထွန်း[မူအုပ်၊ အမက(လွန်)ကကရုံကြီး]၊မောင်ဇင်ကိုကို၊မောင်ရဲဝင့်ကျော်(Grade-11၊ အထက-၂)၊ မသဥ္ဇာဦး၊ မောင်သောင်းအေး-မအေးမီထွန်း၊ မောင်ကျော်ဇေယျာထွန်း-မအေးမာသွယ်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ကသာခရိုင်အသင်း(ရန်ကုန်)

မရတနာတင်

(နိုင်ငံခြားရေးဝန်ကြီးဌာန)
အသက်(၂၈)နှစ်

ရန်ကင်းမြို့နယ်၊ စက်မှု(၁)လမ်း၊ တိုက် ၃၇၁၊ အခန်း ၂နေ ဦးမွေးတင် (တွဲဖက်အတွင်းရေးမှူး၊ အမှုဆောင်အဖွဲ့)-ဒေါ်ကြူကြူ [အထက-၂၊ ဒဂုံ(မြို့မ)၊ ငြိမ်း]တို့၏သမီးလတ်၊ မတင်နန္ဒာခိုင်၏ညီမ၊ မခိုင်စန္ဒာလတ်၏အစ်မသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၈း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အလုပ်အမှုဆောင်အဖွဲ့

ဂေါ်ကျင်စိန်(ခ)ဦးကျင်စိန်

(တိုက်ကြီး)
အသက်(၉၃)နှစ်

တိုက်ကြီးမြို့နေ (ဦးလော-ဒေါ်ရှန်လုံ)တို့၏သား၊ (ဦးဖွန်းနား-ဒေါ်ချို)တို့၏သားသမက်၊ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၀(A)၊ နီကောရိပ်သာလမ်း(ADလမ်းအနီး)နေ ဒေါ်ကျင်မြ၏ခင်ပွန်း၊ (ဦးထန်စိန်-ဒေါ်ကျင်တီ)၊ (ဦးထင်အောင်)-ဒေါ်မြကျင်၊ (ဦးထွန်းလှိုင်)-ဒေါ်ဆိုက်တီ၊ (ဦးလှမောင်)-ဒေါ်ကျင်ပိုင်၊ ဦးသန်းစော-(ဒေါ်ခင်မာချစ်)တို့၏ညီ၊အစ်ကို၊ ဒေါ်ဖြူဖြူစိန်-ဦးစောကျင် (Saw Pornphan Travel & Trading,Thailand)၊ ဦးစိန်မင်း-ဒေါ်နွယ်နွယ်ဝင်း(Sein Motor Co., Ltd.)၊ ဦးစိန်ကျော် - ဒေါက်တာဒေါ်စုစုဟန်ခင်(USA)၊ ဦးစိန်သစ်-ဒေါ်စန္ဒီ(USA)၊ ဦးစိန်အောင် - ဒေါက်တာဒေါ်နွဲ့နွဲ့အေး၊ ဦးစိန်ထွေး - ဒေါ်အေးအေးထွန်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေး(တရုတ်)သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစံသာအောင် (စစ်တွေမြို့)

အသက်(၉၀)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်းနေ ဒေါ်လှမြစိန်၏ခင်ပွန်း၊ (ဒေါ်မစိန်သန်း)၊ ဦးအောင်ကျော်စိန်-ဒေါ်စောဝင်းနု၊ ဦးမောင်မြင့်မောင်-ဒေါ်မမြဝင်း၊ ဦးမောင်သိန်းနု-ဒေါ်အေးအေးသန်း၊ ဦးထွန်းအေးသိန်း-ဒေါ်တင်တင်ကြည်၊ ဦးအောင်ကျော်ငြိမ်း-ဒေါ်မဦးခင်၊ (ဦးစံထွန်းဝင်း)-ဒေါ်သန်းသန်းရီ၊ (ဦးစိန်လှအောင်)၊ ဦးမောင်လှစိန်-ဒေါ်ခင်သန်းဝေတို့၏ဖခင်၊ မြေး ၁၆ယောက်တို့၏အဘိုးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိပ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးညွန့်လွင်

ကျောင်းအုပ်ကြီး(ငြိမ်း)
မန္တလေးဆရာအတတ်သင်သိပ္ပံ
အထက(၁)သန်လျင်
အပူဇော်ခံဆရာကြီးဟောင်း
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်စောလှ)တို့၏သား၊ (ဦးခင်ဇော်-ဒေါ်ထားရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ် ၁၉၆နေ ဒေါ်ဧခင်(လ/ထကထိက၊ငြိမ်း၊သဃ်န်းကျွန်းဆရာအတတ်သင်ကျောင်း)၏ ခင်ပွန်း၊ ဦးနေအောင်လွင်-ဒေါ်ခင်သန္တာနီတို့၏ဖခင်သည် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့)ည ၁၁း၅၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မနှင်းဟေမာန်စိုး(ခ) ဟေမာန်

အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်)၊တိုက် ၂၉၊ ခြောက်လွှာ(B)၊သင်္ဂဟလမ်းနေ ဦးလွှမ်းမိုး-ဒေါ်လွင်လွင်မြင့်တို့၏သမီးကြီး၊ မအေးချမ်းစိုး၏အစ်မကြီးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တတေဇာလင်္ကာရ

ဝိသိဋ္ဌဒီဃဘာဏကၤဒီဃနိကာယကောဝိဒ၊ သိရီပဝရ ဓမ္မာစရိယ(ပါဠိ)
ဒေးစွန်ပါအောင်မြေမင်္ဂလာကျောင်းတိုက်၊ ပဓာနနာယကဆရာတော်
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ သံရွာနေ (ဦးပြူး-ဒေါ်မယ်တင့်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်ခန့်)၊ (ဒေါ်သန်းစိန်)၊ (ဦးထွန်းဝေ)-ဒေါ်ကြည်ပုတို့၏ညီ၊မောင်သည် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စံကျောင်းတော်ရှိရာ ဒေးစွန်ပါ အောင်မြေမင်္ဂလာကျောင်းတိုက်မှ မော်တော်ယာဉ်များ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ဒါယကာ၊ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးအောင်သန်း (မာန်အောင်)

(တရားလွှတ်တော်ချုပ်ရှေ့နေကြီး)
အထက(၁)၊ (၂) ရန်ကင်းဆရာဟောင်း
မာန်အောင်မြို့နယ်အသင်းနာယကကြီး
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ (၃)ရပ်ကွက်၊ တိုက် ၂၀၆၊ အခန်း ၃၀နေ (ဦးစံဒီ-ဒေါ်မဲတူ)တို့၏သား၊ (ဦးရွှေနီ-ဒေါ်စိန်စိန်)တို့၏သားသမက်၊ (ဒေါ်စိန်ကြည်)၏ခင်ပွန်း၊ ဦးသိန်းဆွေ(ပတခ၊ ငြိမ်း)-ဒေါ်ဝင်းသန်းကြည်(CSO၊ ငြိမ်း)၊ Capt: ဦးဖေကြိုင် (Lizstar Co., Ltd.)-ဒေါ်ချိုချိုသန်း၊ Capt: ဦးနိုင်လွင်(Uniteam)-ဒေါ်ချိုယမင်းလှိုင်၊ (ဦးဇော်သန်း)-ဒေါ်လွင်လွင်ကျော်တို့၏ဖခင်၊ မောင်တင်မင်းလှိုင်-မဖူးပွင့်ခိုင်၊ မောင်ကျော်ကျော်နိုင်၊ မောင်ထွန်းထွန်းထက်၊ မဆုပြည့်ဖြိုး၊ မခိုင်စံဝေဖြိုး၊ မယမင်းရွှေရည်၊ မောင်ကောင်းခန့်တို့၏အဘိုးသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးကြည်

အသက်(၈၇)နှစ်

(အမြတ်ခွန်မင်းကြီး ဦးမောင်မောင်-ဒေါ်ဒေါ်ကျော့)တို့၏သမီး၊ (ဦးသော်၊ ကျွန်းချောင်း ဓာတ်မြေသြဇာစက်ရုံစီမံကိန်း၊ ညွှန်ကြားရေးမှူး၊ ငြိမ်း-ဒေါ်ရင်နွဲ့)၊ ဒေါ်အေးမို-(ဦးသက်ဖေ၊ တရားရုံးချုပ်၊တရားသူကြီး၊ငြိမ်း)တို့၏ညီမ၊ ဒေါ်အေးရီ(လူမှုဝန်ထမ်းဌာန၊ညွှန်မှူး၊ငြိမ်း)-ဦးမော်သိန်း၊ ပါမောက္ခ ဒေါက်တာဒေါ်ဖလောရင့်မောင်မောင် (ဌာနမှူး၊ ငြိမ်း၊ မီးယပ်နှင့်သားဖွား၊ဆေးတက္ကသိုလ်-၂)တို့၏အစ်မ၊ အမှတ် ၃၈၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေသူသည် ၂၂-၂-၂၀၁၃ရက် ည ၁၁နာရီတွင် နှင်းဆီကုန်းဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးကြည်

အသက်(၈၇)နှစ်

(အမြတ်ခွန်မင်းကြီး ဦးမောင်မောင်-ဒေါ်ဒေါ်ကျော့)တို့၏သမီး၊ ဒေါက်တာမျိုးမြင့်အောင်-ဒေါ်ခင်စောနု၊ ဒေါ်အေးအေးသက် - ဦးတင်ထွန်းအောင်၊ ဒေါက်တာဝင်းအောင် (ခေတ္တ-UK)၊ ဦးမြင့်အောင် - ဒေါက်တာအေးလင်းဆက်၊ ဒေါက်တာအေးဖေ၊ ဒေါ်နွယ်နွယ်ရင် - (ဦးမောင်မောင်အုန်းသော်)၊ ဦးအောင်ကျော်အေးတို့၏အဒေါ်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၃ရက် ည ၁၁နာရီတွင် နှင်းဆီကုန်းဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် ညနေ ၄နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်အောင်သွင်(ခ)

Dearal
(ညှော့လမ်းညွှန်-ဂျာမန်)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ ၂လမ်း၊ အမှတ် ၃/၅နေ (ဦးဖေသွင်၊ အရာရှိ၊ B.P.I၊ ငြိမ်း)-ဒေါ်အုံးရီတို့၏သားထွေး၊ ဦးဝင်းကြည်မြင့်(B.P.I ငြိမ်း)-(ဒေါ်မြမြအေး)၊ (ဦးသောင်းထိုက်၊ ရေကြောင်းပို့ဆောင်ရေးအရာရှိ)-ဒေါ်ခင်မြသွေး (ပုလဲနှင့်ငါး၊ ငြိမ်း)၊ (ဦးသိန်းကြည်မြင့်)၊(ဦးသန်းကြည်မြင့်)၊ ဒေါ်ခင်ဆွေသန်း (Ocean Queen Shipping Agency)တို့၏မောင်၊ ဒေါ်ဝင်းသန္တာခင် (GM- တော်ဝင်မိသားစုကုမ္ပဏီ)၊မောင်အောင်ကိုကိုဆွေ(ခေတ္တ-စင်ကာပူ)-မမြကြည်ဖြူ၊ မောင်နိုင်ဝင်း (Ocean Tanker)-မမေသော်ထိုက်၊ မမြတ်ရွှေစင်မင်း(IT First Year NCC)တို့၏ဦးလေးသည် ၂၃-၂-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမြင့်သိန်း

(အင်ဂျင်နီယာ၊ ငြိမ်း)
အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ
(ကျော်စွာ)
အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စခန်းကြီးရွာနေ ဦးပွေး- ဒေါ်အုံးမြတို့၏သား၊ လှည်းကူးမြို့၊ ညောင်ပင်လမ်းနေ ဦးသန်းရွှေ-ဒေါ်မြသွင်(မြရတနာ-ရွှေဆိုင်)တို့၏ သားသမက်၊ ဦးသိန်းလွင်-ဒေါ်ဌေးဌေးသန်း (မြ-ရတနာရွှေဆိုင်-၂)၊ ဦးကျော်ဆန်းထွန်း-ဒေါ်အေးအေးသန်း (မြမွန်ရတနာ ရွှေဆိုင်)၊ ဒေါက်တာခင်မောင်ဦး-ဒေါ်နွဲ့နွဲ့ရီ (စိန်ရွှေနန်း ရတနာရွှေဆိုင်)၊ ဦးတင်မောင်နီ - ဒေါ်အိအိထွန်း (နတ်သမီးရတနာရွှေဆိုင်)၊ ဦးမောင်မောင်အေး-ဒေါ်မြမြတင်(လောကနတ် ရတနာရွှေဆိုင်)၊ ဦးအေးလွင်တို့၏အစ်ကိုကြီး၊ ဒေါ်တင်တင်သန်း(မြရတနာရွှေဆိုင်-၁)၏ခင်ပွန်းသည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ယနေ့ မာတိကာ

မိမိဒေသလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျရာကဏ္ဍက အုတ်တစ်ချပ် သဲတစ်ပွင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြမှသာလျှင် နိုင်ငံတော်သစ် သည်လည်း အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ခေါင်းကြီး စာ - ၂

နေ အဖွဲ့ အစည်း အတွင်း အသေးငယ်ဆုံး ဂြိုဟ်တစ်လုံး တွေ့ရှိ စာ - ၅

မီလန်ဒါဘီပွဲမှာ ထိပ်သီး နှစ်သင်း ဆုံပြီ စာ - ၁၃

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ နိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ ပြည့်စုံလုံလောက်မှု မရှိသေးမီကာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို မလွဲမသွေဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် မိမိနိုင်ငံသားများ ထိခိုက်နစ်နာမှုကို ကာကွယ်နိုင်ရန် မူဝါဒ (၄)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရာတွင် နိုင်ငံသားများ၏ အကျိုးစီးပွားမထိခိုက်စေရန်ဆိုသည့်အချက်တစ်ချက် ပါဝင်ကြောင်း၊ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်စပြုနေပြီဖြစ်၍ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဦးညဏ်ထွန်း လှိုင်သာယာရှိ Great International Fisheries Ltd.,စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

၂၀၁၃ ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲသတင်းများ

ဆီးဂိမ်းအကြိုပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများစတင်

ပဲခူးတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်၊ မကွေး၊ ကချင်နှင့် နေပြည်တော်အသင်းတို့ ပွဲဦးထွက် အနိုင်ရ နာမည်ကြီး မန္တလေးတိုင်းအသင်းရှုံးနိမ့်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

သတင်း-စိုးဝင်း
ဓာတ်ပုံ-အောင်အောင်

၂၀၁၃ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကို နေပြည်တော်တွင် ဖေဖော်ဝါရီ ၂၂ ရက်က စတင်ကျင်းပခဲ့သည်။ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကြီးတွင် ပါဝင်သောအားကစားနည်းများအနက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော်ရှိ ဘောလုံးကစားကွင်းများ၌ စတင်ကျင်းပခဲ့ပြီး ပေါင်းလောင်းကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် နေပြည်တော်အသင်းတို့ ကစားခဲ့ကြသည်။ ဝဏ္ဏသိဒ္ဓိကွင်းသစ်ကြီးတွင် မန္တလေးတိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့ ကစားပြီး မန္တလေးအသင်းသည် *စာမျက်နှာ ၇ ကော်လံ ၃* ●

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဘိလိယက်နှင့်စနူကာပြိုင်ပွဲများ စတင်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် ကျင်းပသော ပြည်ထောင်စုအားကစားပြိုင်ပွဲကြီး၏ ဘိလိယက်နှင့် စနူကာပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက လယ်ဝေး TC-2 ရှိ ဘိလိယက်အားကစားရုံ၌ စတင်ကျင်းပခဲ့ရာ နာမည်ကြီးများ အချင်းချင်းထိပ်တိုက်တွေ့ဆုံမှုဖြင့် အထူးအကြိတ်အနယ်ရှိခဲ့သည်ကို တွေ့ရသည်။ နံနက်ပိုင်းတွင် ပြုလုပ်သော ဘိလိယက်ပြိုင်ပွဲများတွင် ပဲခူးတိုင်းဒေသကြီးမှ အောင်ဌေးက ရန်ကုန်တိုင်းဒေသကြီးမှ နေသွေးဦးကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရသည်။ စနူကာပြိုင်ပွဲတွင် ဇော်သန်းထိုက်(ချင်း)က အောင်မိုးသူ (ဧရာဝတီ) ကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရပြီး မာန်ဟိန်းကျော် (ကရင်)က ကျော်စိုးအောင်(ကချင်) ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပသော ဘိလိယက်ပြိုင်ပွဲတွင် အောင်ဆန်းဦး (မကွေး) က မင်းစည်သူ (မန္တလေး)ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရပြီး ကျော်ဦး (ကယား) က ကိုကိုနိုင် (ကချင်)ကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ စနူကာပြိုင်ပွဲတွင် ဝင်းကိုကို(မန္တလေး) က ဇော်ဝင်းချို(ပဲခူး) ကို သုံးပွဲဖြင့် အနိုင်ရသည်။

အမျိုးသမီး 9 Ball ပွဲစဉ်များတွင် သန္တာမောင် (ရန်ကုန်)က နွေးနွေးလှိုင်(မန္တလေး)ကို ခုနစ်ပွဲ-သုံးပွဲ ၊ အေမီအောင် (မကွေး)က အိဖြူကျော် (ဧရာဝတီ)ကို ခုနစ်ပွဲ-နှစ်ပွဲဖြင့် *စာမျက်နှာ ၇ ကော်လံ ၁* ❐

ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် အောင်ဌေး (ပဲခူးတိုင်း) ပါဝင်ယှဉ်ပြိုင်စဉ်။